# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ် (ဓမ္မပဒ-၉၅)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၅၅)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်း အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်းအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲ တက်ရောက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်သည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

**၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ စာရေးဆရာကြီး ဖိုးကျော့နှင့် စာပေပညာရှင် ဆရာကြီး ဦးထွန်းရီ (ရွှေဟောင်းသုတေသီ) တို့ရရှိ**

**၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ**

**၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ**

စာ-၇




# သတင်းမီဒီယာနှင့် တိုင်းပြည်အရေး

ကြာမြင့်လှစွာ ဒီမိုကရေစီအမှောင်ထုအတွင်းမှာနေခဲ့ရသည့် မြန်မာနိုင်ငံအဖို့ ယခုလို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခြေချနိုင်ခဲ့ကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟူသည့် အခွင့်အရေးရရှိလာရသည်မှာ ဆုလာဘ်ကြီးတစ်ပါးဟု မြင်ပါသည်။ အာဏာရှင်စနစ်ကို အနှစ်နှစ်အလလ ပြည်သူတို့ တွန်းလှန်ခဲ့ကြရ၊ အသက်သွေးချွေးတို့ စတေးခဲ့ရပြီး ယခုလို ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းသည့် အစိုးရပေါ်ပေါက်လာရခြင်းကို တွေးမိတိုင်း မြန်မာနိုင်ငံ၏ အနာဂတ်ခရီးအတွက် အားပြန်ပြည့်ရသကဲ့သို့လည်း ဖြစ်ပါ၏။

နှစ်ပေါင်းများစွာ အကျဉ်းအကျပ်ထဲနေခဲ့ရသည့်အတွက် ပြဿနာနှင့် အရှုပ်အထွေးများကလည်း အတောမသတ် များပြားလှပါသည်။ ၂၃ နိုဝင်ဘာ ၂၀၁၈ ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် သမ္မတကြီး ဦးဝင်းမြင့် ပြောကြားသကဲ့သို့ "ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ချောမွေ့စေရန်၊ ပုံစံကျနေသည့် အတွေးအမြင်များ ပုံသေကားကျ အလေ့အထများ ပြုပြင်ပြောင်းလဲကြရန်၊ ယိမ်းယိုင်နေသည့် တရားစီရင်ရေးတည့်မတ်ရန်၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ပိုမိုကာကွယ်ရန်၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရန်၊ အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်ရန် စသည့်ကိစ္စများမှာ အစိုးရအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ မှန်ကန်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့" အလွန်ပင်လိုအပ်နေသည့် အချိန်အခါ ဖြစ်ပါသည်။

ထို့ပြင် ပြည်သူ့အစိုးရ၏ ဦးစားပေးရည်မှန်းချက်များဖြစ်သည့်

- တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဆောင်ရွက်ရာတွင် မဏ္ဍိုင်ကြီးများဖြစ်သည့် - ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူတို့၏ စုပေါင်းအင်အားတို့ဖြင့် ကြိုးပမ်းလုပ်ဆောင်သွားကြရမည် ဆိုခြင်းကိုလည်း သမ္မတကြီးက ထည့်သွင်းပြောကြားခဲ့ပါသည်။

ပြည်သူ့အစိုးရအဖွဲ့၏ ဦးစားပေးပန်းတိုင် (၃) ရပ်ကို ဝိုင်းဝန်းကြရန် ဆိုသည့်အချက်မှာ မြန်မာနိုင်ငံအတွက် မည်မျှလောက်အရေးကြီးသည် ဆိုခြင်းကို ဖိနှိပ်ခံဘဝများတွင် နေထိုင်ခဲ့ကြရသော မြန်မာပြည်သူတို့ အထူးပင် သဘောပေါက်နားလည်ကြသည်ဟု ယုံကြည်ပါသည်။

ယနေ့ကတိသစ္စာပြုခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိပြုခဲ့သည့်အတိုင်း သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန်များ ကျေပွန်ရန်၊ သတင်းမီဒီယာသမားတို့၏ ရပိုင်ခွင့်များ ရရှိရန်နှင့်အတူ တာဝန်ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်တို့သည်လည်း ကောင်စီက ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်လာပါမည်။

ဒီမိုကရေစီလမ်းပေါ်ခြေချခါစ နုနယ်သေးသည့် အချိန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် ထိလွယ်ရှလွယ်ဖြစ်နေချိန်တွင် မည်သို့သော ပဋိပက္ခများကိုမဆို သတင်းမီဒီယာတို့က လွတ်လပ်စွာဖော်ပြခြင်းနှင့်အတူ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်တို့ကိုလည်း စောင့်ရှောက်လိုက်နာကြရန် လိုပါမည်။

အချုပ်အားဖြင့်ဆိုရလျှင် သတင်းမီဒီယာတို့သည် ပြည်သူလူထုကို အခြေခံပြီး ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်တာဝန်ယူရသည့် အဓိကကျသော မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့်အတိုင်း ရင့်ကျက်ကာ အပြုသဘောဆောင်သည့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသော ရပ်တည်ချက်များ ချမှတ်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်မိပါကြောင်း။ ။

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂-၁၂-၂၀၁၈)

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

## ပထမအကြိမ်မြောက် မီးပုံးပျံလွှတ်တင်ပွဲတော်နှင့် မီးပုံးပျံကွင်းဖွင့်ပွဲ နောင်ချို၌ ကျင်းပ

**နောင်ချို နိုဝင်ဘာ ၂၃**

ပထမအကြိမ်မြောက် မီးပုံးပျံလွှတ်တင်ပွဲတော်နှင့် မီးပုံးပျံကွင်းဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက်က သပြေတောင် သံသရာအေးစေတီတော် အနီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မီးပုံးပျံကွင်းဖွင့်ပွဲ၊ မီးပုံးပျံလွှတ်တင်ကြရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်း နှင့် ဇနီး၊ နောင်ချိုမြို့သူ၊ မြို့သားများက မီးပုံးပျံ တစ်လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဒေါက်တာ စစ်အောင်လတ်နှင့် ဝန်ထမ်းများက မီးပုံးပျံ တစ်လုံး၊ သံသရာအေးစေတီတော် ကိုယ်စားပြု မြဒေါ်လာသံပန်းလုပ်ငန်း မိသားစုတို့က မီးပုံးပျံ တစ်လုံး၊ ဦးကျော်အေးကို (ရွှေအုန်းပွင့်ကုမ္ပဏီလီမိတက်) က မီးပုံးပျံ တစ်လုံးနှင့် ရပ်ကွက်ပြည်သူများကလည်း မီးပုံးပျံများ လွှတ်တင်ကြကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဆန်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်စီစီပြုံး | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) | ဦးဇော်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၄) | ဦးမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>စီမံကိန်းနှင့်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အသိပညာပေး အခမ်းအနားနှင့် ထာဝရဖဲကြိုးဖြူ ရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကမ္ဘာတစ်ဝန်းတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု (16 Days of Activism Against Gender-Based Violence) အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပကြပြီး ၂၀၁၈ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဥပဒေဖြင့် ကာကွယ်ပေး"** ဟူ၍ ဖြစ်သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်နှင့်အတူ အမျိုးသမီးအဖွဲ့များကွန်ရက် (မြန်မာနိုင်ငံ)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ အမျိုးသမီးရှေ့ဆောင်ရပ်ဝန်းအဖွဲ့၊ ဆုံဆည်း၊ ရောင်ခြည်သစ်၊ ဖန်တီးအိမ်၊ FXB Myanmar ၊ Good Shepherd Myanmar ၊ ပြည်ကြီးခင် ၊ Triangle Women Group၊ Precious Stone၊ Action Aid Myanmar၊ Kings and Queens၊ Legal Clinic Myanmar၊ DAWN၊ MSI၊ KWPN စသည့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း ၂၄ ဖွဲ့ကျော်တို့က ပူးပေါင်း၍ အသိပညာပေးများ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အသိပညာပေးအစီအစဉ် ပထမပိုင်းအနေဖြင့် **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက် လှုပ်ရှားမှု အသိပညာပေး** အစီအစဉ်များကို ကျင်းပသွားမည်ဖြစ်ကာ ဒုတိယပိုင်းတွင် **"ထာဝရဖဲကြိုးဖြူ"** ရုပ်ရှင်ပွဲတော်အနေဖြင့် ပြည်သူ များအား အသိပညာပေး မှတ်တမ်းရုပ်ရှင်ကားများနှင့် ဇာတ်လမ်းတိုများကို ပြသ၍ အသိပညာများ ဖြန့်ဝေသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်ရရှိထားသည့် မှတ်တမ်းရုပ်ရှင်ကားများနှင့် ဇာတ်လမ်းတိုများကို ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

သတင်းစဉ်

# နိုင်ငံသူ နိုင်ငံသားများ ကာလကြာရှည်စွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင် အမြန်ရောက်ရှိစေရေးအတွက် သတင်းမီဒီယာကောင်စီအနေနဲ့ ကြိုးပမ်းဆောင်ရွက်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ**
**ကတိသစ္စာပြုခြင်းအခမ်းအနားတွင်ပြောကြားသည့် မိန့်ခွန်း**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်းအခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ဒုတိယဝန်ကြီးများနဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ အမှူးပြုသော ကောင်စီဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့အခမ်းအနားဟာ သတင်းမီဒီယာနည်းဥပဒေ အခန်း ၃ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် နည်းဥပဒေ ၁၄ ပါအတိုင်း ကတိသစ္စာပြုကြခြင်း ဖြစ်ပါတယ်။

**ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်း**

ကတိသစ္စာပြုကြပြီးတဲ့ သတင်းမီဒီယာကောင်စီဝင်များဟာ ကတိသစ္စာပြုချက်မှာပါဝင်တဲ့အတိုင်း မြန်မာ့စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် သတင်းမီဒီယာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များနဲ့အညီကောင်စီရဲ့ လုပ်ငန်းတာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၌ ပြုလုပ်ခဲ့တဲ့ ကတိသစ္စာပြုပွဲ အခမ်းအနားမှာ **“ပြည်သူတွေရဲ့ နားတွေ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့”** တိုက်တွန်း ပြောကြားခဲ့ပါတယ်။ ဒီနောက်ပိုင်းပြောကြားခဲ့တဲ့ မိန့်ခွန်းများ၊ တွေ့ဆုံပွဲများမှာလည်း သတင်းမီဒီယာရဲ့အခန်းကဏ္ဍကို အလျဉ်းသင့်သလို ပြောကြားခဲ့တာတွေ ရှိပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ချောမွေ့စေရန်၊ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေ ပြုပြင်ပြောင်းလဲပေးကြရန်၊ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးတည့်မတ်ရန်၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ပိုမိုကာကွယ်ရန်၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရန်၊ အဂတိလိုက်စားမှု ပိုမိုတိုက်ဖျက်ရန် စတဲ့ကိစ္စများမှာ အစိုးရအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေအပြင် ပုဂ္ဂလိကမီဒီယာတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကပါ မှန်ကန်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်းကိုလည်း တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ယူချိန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဦးစားပေးရည်မှန်းချက်ပန်းတိုင် (၃)ရပ် ဖြစ်တဲ့-

(၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊
(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊

တို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့အတူ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးများနဲ့ သတင်းမီဒီယာတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေအားလုံးရဲ့စုပေါင်းအင်အားနဲ့ ကြိုးပမ်းလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒ့ါကြောင့် နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်တဲ့ သတင်းမီဒီယာသမားများ၊ စာနယ်ဇင်းသမားများဟာ သတင်းမီဒီယာဥပဒေပါ ရည်ရွယ်ချက်များ၊ ရပိုင်ခွင့်များ၊ တာဝန်နှင့်ကျင့်ဝတ်များနှင့်အညီ ရပ်တည်ဆောင်ရွက်နိုင်ဖို့ အထူးပဲ လိုအပ်လှပါတယ်။

**“ဒီမိုကရေစီကို ရှင်သန်စေချင်တယ်ဆိုရင် ဥပဒေကိုလေးစားရမှာဖြစ်သလို စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် သတင်းမီဒီယာကောင်စီဝင်များအနေနဲ့လည်း သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ကောင်စီရဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်ဖို့၊ သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်များရရှိဖို့၊ တာဝန်နဲ့ ကျင့်ဝတ်စည်းကမ်းများကို သတင်းမီဒီယာသမားများက လိုက်နာစေဖို့ လေ့ကျင့်ပေးကာ ဟန်ချက်ညီမျှတအောင် ဦးတည်ကြိုးပမ်းရင်း တစ်ဖက်ကလည်း ပြည်သူများရဲ့သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်”**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မိန့်ခွန်းပြောကြားစဉ်။

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးရရှိနိုင်ဖို့ ပြည်သူများနဲ့အတူ မီဒီယာများအနေနဲ့လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြတဲ့အတွက် ဒီနေ့ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ စတင်ခြေချလျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ **“တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်း ဖြစ်ပေါ်စေ”**ဆိုတဲ့ နည်းလမ်းကိုအခြေခံပြီး ဟန်ချက်ညီညီ သတိတရားနဲ့ ဆင်ခြင်ပြီးတော့ ထိန်းသိမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး မတိမ်းစောင်းရအောင် နိုင်ငံတော်အစိုးရအနေနဲ့ ဂရုစိုက်ဆောင်ရွက်လျက်ရှိပါတယ်။ သတင်းမီဒီယာများ အကြောက်တရားကင်းကင်းနဲ့ ယခင်ကထက် လွတ်လပ်ပွင့်လင်းစွာ ပိုမိုရေးသားဖော်ပြလာတာကို ကြိုဆိုရမှာဖြစ်သလို ဥပဒေနဲ့ မလွတ်မကင်းတဲ့အခါ အမှုအခင်းများ ဖြစ်လာတာကိုလည်း ကျွန်တော်တို့ သတိပြုမိပါတယ်။

**ပြည်သူများရဲ့သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်**

ဒီမိုကရေစီကို ရှင်သန်စေချင်တယ်ဆိုရင် ဥပဒေကိုလေးစားရမှာဖြစ်သလို စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် သတင်းမီဒီယာကောင်စီဝင်များအနေနဲ့လည်း သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ကောင်စီရဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်ဖို့၊ သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်များရရှိဖို့၊ တာဝန်နဲ့ ကျင့်ဝတ်စည်းကမ်းများကို သတင်းမီဒီယာသမားများက လိုက်နာစေဖို့ လေ့ကျင့်ပေးကာ ဟန်ချက်ညီမျှတအောင် ဦးတည်ကြိုးပမ်းရင်း တစ်ဖက်ကလည်း ပြည်သူများရဲ့သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီရာချီပြီး အခြေတည်ခဲ့တဲ့ နိုင်ငံတွေလို မီဒီယာလွတ်လပ်ခွင့်ကို ပွင့်သစ်စ ဒီမိုကရေစီနိုင်ငံမှာ ကျင့်သုံးချင်တဲ့ သဘောသဘာဝကိုလည်း ကျွန်တော်တို့သိရှိပါတယ်။ ဒီလို ကျင့်သုံးတဲ့အခါမှာလည်း သတင်းမီဒီယာရဲ့ လွတ်လပ်မှုကို မှန်ကန်စွာကျင့်သုံးသလို လွတ်လပ်မှုနဲ့ ဒွန်တွဲလျက် တာဝန်ယူမှုရှိရတာကိုလည်း သတိချပ်စေလိုပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းနေချိန်မှာ သတင်းမီဒီယာတွေအနေနဲ့ တိုင်းရင်းသား အချင်းချင်းအကြား အမုန်းတရားတွေ၊ ပဋိပက္ခတွေ ပြင်းထန်မြင့်မားမလာအောင် ဆောင်ရန်၊ ရှောင်ရန်အချက်တွေကိုလည်း သတင်းမီဒီယာကောင်စီက ဦးဆောင်ချမှတ်ပေးဖို့လိုအပ်ပါတယ်။ ထိလွယ်ရှလွယ်တဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေနဲ့ ပတ်သက်ရင် ဘယ်လိုဖော်ပြရမယ်၊ ဘယ်အရာတွေကို သတိပြုရမယ် စတဲ့ ပဋိပက္ခ သတင်းဆိုင်ရာ ရေးသားထုတ်လွှင့်မှုတွေနဲ့ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပေးကြဖို့ သတင်းမီဒီယာကောင်စီက ကြီးကြပ်စေလိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်း မပြောင်းသွားစေရန် ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် သတင်းမီဒီယာကောင်စီဟာ သတင်းမီဒီယာ ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ဖို့ လိုပါတယ်။ နိုင်ငံသူ နိုင်ငံသားများ ကာလကြာရှည်စွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင် အမြန်ရောက်ရှိစေရေးအတွက် သတင်းမီဒီယာကောင်စီအနေနဲ့ ကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ အထူးပြောကြားလိုပါတယ်။

**တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန် သတိထား**

ကျွန်တော်တို့ အစိုးရအနေနဲ့ ဒီမိုကရေစီအရေးအတွက် သတင်းမီဒီယာရဲ့ ဥပဒေနှင့်အညီ လွတ်လပ်ခွင့်ဟာ အရေးပါတယ်ဆိုတာကို နားလည်သဘောပေါက်ပါတယ်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာဖို့ မီဒီယာကောင်စီရဲ့ အခန်းကဏ္ဍဟာလည်း အလွန်အရေးပါတဲ့ နေရာမှာရှိတယ်လို့ ခံယူထားပါတယ်။ ၂၁ ရာစုမှာ ပြည်သူလူထုက သိချင်တဲ့ကိစ္စတွေ များပြားလာတာနဲ့အမျှ သတင်းမီဒီယာသမားများဘက်ကလည်း အဖြစ်အပျက်မှန်ဖို့၊ အချက်အလက် တိကျခိုင်လုံဖို့၊ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများရဲ့အကျိုးကို ထိခိုက်နစ်နာမှု ရှိ-မရှိ ဆင်ခြင်တုံတရားထားရှိဖို့၊ တည်ငြိမ်အေးချမ်းမှု မပျက်ပြားစေရန် သတိထားဖို့၊ နိုင်ငံတော်ရဲ့ လုံခြုံရေးကိုစောင့်ထိန်းဖို့ စသည်တို့ကို ဂရုစိုက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ကျွန်တော် နားလည်သလောက် ပါဝါအပျော့ (Soft Power) ဖြစ်တဲ့ သတင်းမီဒီယာမှာလည်း အနေ့းနဲ့ အမြန်ဆိုတာရှိပါတယ်။ စာပေနဲ့ ယဉ်ကျေးမှု အနုပညာတို့က အနှေးမီဒီယာများ ဖြစ်ပါတယ်။ အသိပညာအတတ်ပညာအလွှာများကို အဓိကထားကြပါတယ်။ တဖြည်းဖြည်းချင်း အကျိုးသက်ရောက်လာတာဖြစ်ပါတယ်။ ရေဒီယို၊ ရုပ်ရှင်၊ ဗီဒီယို၊ Social Media တွေက အမြန်မီဒီယာများ ဖြစ်ပါတယ်။ အချိန်တိုအတွင်း နယ်စည်းမခြားဘဲ နေရာဒေသအနှံ့အပြား လူထု ပရိသတ်ကြား ပျံ့နှံ့သွားပါတယ်။ ချက်ချင်းလက်ငင်း ရေတိုအတွင်း အကျိုးသက်ရောက်နိုင်ပါတယ်။ ယခုလို Information Technology ခေတ်ကြီးတွင် နိုင်ငံရေးမှာ ဒီပါဝါအပျော့ (Soft Power) များနဲ့ ပို၍ပတ်သက်ချိတ်ဆက်လာပါတယ်။ ယင်းပါဝါအပျော့ (Soft Power) များကို မိမိတို့နိုင်ငံနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်များနဲ့ နိုင်ငံရဲ့ပုံရိပ်ကောင်းတစ်ခု ဖြစ်ပေါ်လာရန် လူထုဆက်ဆံရေးနယ်ပယ်တွင် အကျိုးအာနိသင်ရှိအောင် သုံးကြစေချင်ပါတယ်။

**ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်း**

ကျွန်တော်တို့အနေနဲ့ ဆွေးနွေးပြောဆို ငြင်းခုံမှု၊ အကျိုးအကြောင်းနဲ့ ဝေဖန်ထောက်ပြမှုတွေမရှိရင် ဒီမိုကရေစီ မရှိနိုင်ဘူးဆိုတာ လက်ခံထားပါတယ်။ ဝေဖန်ထောက်ပြတဲ့အခါမှာလည်း ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီပန်းတိုင်ရောက်ရှိရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်နိုင်ရေးကို ဦးတည်ပြီး အပြုသဘောအမြင် ဖြစ်စေလိုပါတယ်။ အပြုသဘောအမြင်ဖြင့် ဝေဖန်ထောက်ပြကြသော်လည်း ရေးသားပုံရေးသားနည်း၊ တင်ပြပုံတင်ပြနည်း မမှန်ကန်ပါက အထင်အမြင် လွဲမှားပြီး ခုတ်ရာတခြား ရှရာတလွဲဖြစ်ကာ အပျက်သဘောသက်ရောက်သွားနိုင်တာကိုလည်း သတိချပ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ကူးပြောင်းစနိုင်ငံ ဖြစ်ပါတယ်။ လမ်းရိုးလမ်းဟောင်းမှ လမ်းသစ်ကို ဖောက်ထွက်နေရတဲ့အခါ ရှောင်လို့မရတဲ့ အခက်အခဲအကျပ်အတည်းတွေ ရှိပါတယ်။ ဒီလိုအခြေအနေ အချိန်အခါမျိုးမှာ အရင်းအနှီးကြီးကြီးပေးပြီး ရှားရှားပါးပါး ရရှိထားတဲ့ ဒီမိုကရေစီအပင်ပေါက်လေး ရှင်သန်ကြီးထွားရေးကို ကျွန်တော်တို့အားလုံး အလေးအနက်ထားကြစေလိုပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အောင်မြင်အောင် ကျွန်တော်တို့အားလုံးရဲ့ စုပေါင်းအင်အားနဲ့ မလုပ်နိုင်ကြရင် အနာဂတ်နိုင်ငံနဲ့ နောင်မျိုးဆက်သစ်တွေအပေါ် ကျွန်တော်တို့တွေ တာဝန်မကျေရာ ရောက်ပါမယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်ချက်၊ ခံယူချက်နဲ့ ရေကိုသား အကြားမထင်သကဲ့သို့ ပြည်သူနဲ့အတူ ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ဒီမိုကရေစီပန်းတိုင်ရောက်သည်အထိ ကြံ့ကြံ့ခံ ဆက်လက်ရပ်တည်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် တွေ့ကြုံနေရတဲ့ အခက်အခဲအကျပ်အတည်းများ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကြားမှ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေရတဲ့ အချိန်ကာလမှာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ မြန်မာ့မီဒီယာလောကကို ဦးဆောင်ဦးရွက်ပြုကြရမယ့် သတင်းမီဒီယာကောင်စီဝင်များအနေနဲ့-

(၁) သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ကြပါစေ၊
(၂) သတင်းမီဒီယာသမားများရဲ့ရပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို ဥပဒေနဲ့အညီရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ကြပါစေ၊
(၃) သတင်းမီဒီယာ လောကသားများ ကျင့်ဝတ် စည်းကမ်းများနဲ့အညီ လုပ်ဆောင်နိုင်ရေးအတွက် ဦးဆောင်နိုင်ကြပါစေ၊
(၄) နိုင်ငံသားတိုင်းရဲ့သတင်းသိပိုင်ခွင့်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ကြပါစေ၊
(၅) နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ ကျွန်တော်တို့အား မွေးဖွားပေးလိုက်တဲ့ အမိနိုင်ငံတော်ရဲ့ ပုံရိပ်မြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသားများရဲ့ဂုဏ်သိက္ခာ ပို၍မြင့်တက်လာအောင် သတင်းမီဒီယာရဲ့ စွမ်းအားနဲ့ ပုံဖော်ပေးနိုင်ကြပါစေလို့

အလေးအနက် ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။




မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သတင်းမီဒီယာကောင်စီဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

သတင်းစဉ်

# သခွတ္တနယ်မှ ကုန်းဘောင်ခေတ် ကျောက်ဆစ်လက်ရာများ

**ရှင်ချမ်း**

၁၉ ရာစုနှစ်လက်ရာ ရာမာယနကျောက်ဆစ်လက်ရာများ ထွင်းထုထားရာ ဘုရားကြီးကျောင်းတိုက် သခွတ္တနယ်ကျေးရွာမှာ ဘုတလင်မြို့နယ် မုံရွာခရိုင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင် တည်ရှိပါသည်။ ဘုတလင်မြို့မှ အနောက်မြောက် ၁၃ မိုင် မုံရွာမြို့မှ အရှေ့မြောက် ၃၄ မိုင်အကွာတွင်ရှိပြီး ဘုတလင်-ကနီလမ်းအတိုင်း ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း ၄၅ မိနစ်ခန့်သွားရပါသည်။ နတ်ရဲတောင်ဘုရားကြီးဟု ဒေသခံများက ခေါ်ဆိုနေကြသော ဘုရားကြီး၏ ဘွဲ့အမည်ရင်းမှာ မဟာလောကမာရဇိန်ဖြစ်ပြီး ဘုရားကြီးအား ဘိုးတော်ဘုရား လက်ထက် သာသနာပိုင် ဆရာတော်ဦးဉေယျ (ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ကြီး) မှာ သာယာဝတီမင်းလက်ထက်တွင် သာသနာပိုင်အဖြစ်မှ ရပ်နားကာ ဇာတိရပ်ရွာဖြစ်သော မောင်းထောင်နယ်အတွင်းတွင် တည်ထားကိုးကွယ်ခဲ့သော ဘုရားကြီးတစ်ဆူ ဖြစ်ပါသည်။

ဘုရားကြီးကို ခရစ်သက္ကရာဇ် ၁၈၄၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်တွင် စတင်တည်ခဲ့ပြီး ၁၈၄၉ ခုနှစ် မေလ ၁ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ဆရာတော်သည် ဘုရားကြီးအတွင်းတွင် နံရံဆေးရေးပန်းချီများ၊ မှန်စီရွှေချတိုင်လုံးများဖြင့် မွမ်းမံထားသကဲ့သို့ ဘုရားကြီး၏ ဘေးပတ်လည်တွင်လည်း တစ်တောင်ပတ်လည်နှင့် ဒုတစ်လက်မရှိသော ကျောက်ပြား ၃၇၄ ပြားကို အရုပ်များ ထွင်းထုပြီး လှူဒါန်းခဲ့ပါသည်။ ကျောက်ပြားများသည် ရှေးဟောင်းကျောက်ဆစ်လက်ရာ များဖြစ်သည့်အတွက် မသမာသူများလက်ချက်ကြောင့် ၃၁၄ ချပ်သာ ကျန်ရှိတော့ပြီး ရှေးဟောင်းသုတေသနပညာဌာနမှ အဆောက်အအုံဆောက်လုပ်ထိန်းသိမ်းထားသဖြင့် လေ့လာသူများ တစ်စုတစ်စည်းတည်း လေ့လာကြည့်ရှုနိုင်ပါသည်။

**ဂီတအင်္ဂါရပ်စုံလင်စွာတွေ့ရှိရ**

ကျောက်ပြားများတွင် အဓိကအားဖြင့် ရာမလက္ခဏ ဇာတ်တော်မှ အကြောင်းအရာများကို ထုလုပ်ထားပြီး အများအားဖြင့် လူပုံများ၊ တိရစ္ဆာန်ပုံများ၊ လက်နက်များ၊ မင်းခမ်းမင်းနားပုံများ၊ တူရိယာပုံများ၊ ပန်းပုံများ ပါဝင်သည်ကို တွေ့နိုင်ပါသည်။ လူပုံများတွင် မင်း၊ မင်းညီမင်းသား၊ မိဖုရား၊ ရဟန်းရသေ့တို့ ပါဝင်ပြီး တိရစ္ဆာန်ပုံများတွင် ဘီလူး၊ မျောက်၊ လိပ်၊ ဆင်၊ မြင်း၊ သမင်၊ နွား၊ သိုး၊ ဆိတ်၊ ငါးမန်း၊ မကန်း၊ ဂဠုန်၊ ကုလားအုတ်၊ ကိန္နရီ၊ ကိန္နရာ၊ ကျား၊ ခြင်္သေ့၊ ဟင်္သာ၊ ဝက်၊ မြွေ၊ စွန်ရဲ၊ ပူးမား၊ သိုး၊ ပုစွန်၊ ကဏန်း၊ လူဝံ၊ မိကျောင်း၊ ဒေါင်းနှင့် သံဝတြငှက်များကိုတွေ့ရပါသည်။ လက်နက်ပုံများတွင် လေးမြား၊ ဓား၊ လှံ၊ သေနတ်၊ အမြောက်တို့ကို တွေ့ရပြီး တူရိယာများတွင် ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်တို့ကို ဂီတအင်္ဂါရပ်စုံလင်စွာတွေ့ရှိရသည်။

ကျောက်ချပ်ပါပုံများတွင် ရာမမင်း၏မျောက်စစ်သည်များသည် နွား၊ မြင်း၊ သိုး၊ လိပ်၊ ကျားစသည့် တိရစ္ဆာန်များ စီးထားသည်ကိုတွေ့ရသည့်အပြင် သိုးစီးထားသည့် မျောက်စစ်သည်သည် သိုးပေါ်တွင် သက်သောင့်သက်သာ အနေအထားဖြင့် ပြောင်းဖူးဖက်ဆေးလိပ်သောက်နေပုံကို ထွင်းထုထားသည်။ လိပ်စီးထားသော စစ်သည်မှာ လိပ်၏လည်တိုင်ကိုကြိုးဖြင့် ချည်ထားပြီး တုတ်ဖြင့်မောင်းနှင်နေသည်။ ထို့ပြင်မျောက်သည် လွယ်အိတ်လွယ်ထားပြီး လွယ်အိတ်ထဲတွင် ဆေးလိပ်ကိုလည်း တွေ့ရပါသည်။ လွယ်အိတ်ပုံစံအရ ဆရာကြီး ဒေါက်တာသန်းထွန်းက ရှမ်းလွယ်အိတ်ဟု ယူဆထားပါသည်။ မျောက်စစ်သည်တို့စီးသည့် တိရစ္ဆာန်များကို ကြည့်ခြင်းဖြင့် ရာမမင်းသည်တောတွင်းတွင် ရောက်ရှိပြီး မျောက်တို့၏ အကူအညီဖြင့်သာစစ်တိုက်ရသည့်အတွက် ပြီးပြည့်စုံသော စစ်ကြောင်းတစ်ခုမဟုတ်နိုင်ပေ။ ထို့အတွက် တောတွင်းမှ အဆင်ပြေသောတိရစ္ဆာန်များကို ဖြစ်သလိုစီးနင်း တိုက်ခိုက်ကြရသည်ကို ပုံဖော်လိုဟန်တူပါသည်။ ဒဿဂီရိအားလည်း ဟင်္သာစီး၍လည်းကောင်း၊ ရထားပျံစီးပြီးလည်းကောင်း တွေ့ရသည်။



လွယ်အိတ်လွယ်ထားသည့် လိပ်စီးမျောက်စစ်သည်



ဆေးလိပ်သောက်နေသည့် သိုးစီးသူရဲ

တောတွင်းတွင် ရာမမင်းအား မျောက်များက ဖျော်ဖြေသည့် တူရိယာများတွင် စောင်း၊ ပတ္တလား၊ လက်ခုပ်၊ လင်းကွင်းကိုသာ တီးနေသည်ကိုတွေ့ရပြီး လေတူရိယာများဖြစ်သည့် ပလွေ၊ နှဲ စသည်များကိုမတွေ့ရဘဲ ပလွေကိုကျောက်ချပ်အမှတ် (၂၇၃) နွားစီးထားသည့် မျောက်စစ်သည် နွားစီးရင်းက ပလွေမှုတ်နေသည်ကို တွေ့နိုင်ပါသည်။ ကျောက်ချပ်အမှတ် (၂၈၅) တွင် နပန်းရုံဟူသည့်စာ ရေးထိုးထားသည်ကိုတွေ့ရပြီး မျောက်နှစ်ကောင် ခါးတောင်းကျိုက်ပြီး နပန်းသတ်နေပုံ၊ ဘေးတွင်ဆိုင်းဝိုင်းနှင့် အားပေးနေသောပုံများတွေ့ရသည်။ ဆိုင်းဝိုင်းတွင် ဆိုင်းတီးနေသောမျောက်၊ ဝါးလက်ခုပ်တီးနေသောမျောက်အပြင် ခရုသင်းမှုတ်နေသောမျောက်ကိုလည်းတွေ့ရသည်။ ခရုသင်းမှုတ်နေသောမျောက်သည် တီးဝိုင်းထက်မှ နပန်းဒိုင်ဖြစ်လေမလားဟု တွေးထင်ရသည်။ ကျောက်စာအမှတ် ၂၈၆၊ ၂၈၇ တွင်မူ အိုးစည်တီးနေသောမျောက်ပုံ၊ လင်ကွင်းတီးနေသောမျောက်ပုံတို့ကိုတွေ့ရပြီး အိုးစည်တွင် ရှမ်းအိုးစည်ပုံကိုလည်း တွေ့ရသည်။

**ခေတ်၏ပုံရိပ်များ ထင်ဟပ်နေ**

ကျောက်စာအမှတ် ၂၂၆၊ ၂၂၇ တွင်မူ သီတာဒေဝီအား မာယာသီတာဟုသုံးနှုန်းထားသော စာသားကို တွေ့ရသည်။ သီတာဒေဝီအား ဟာနုမန်မျောက်ကလိုက်ရာပုံတွင် ရေကိုဖြတ်ကူးသည့်အခါ မိကျောင်း၊ လိပ်တို့ကိုစီးထားသည်ကိုတွေ့ရသည်။ မျောက်များ စစ်ချီတက်ပုံတွင် အမြောက်မှူး၊ လှံစွဲသူရဲ၊ ဓားစွဲသူရဲ၊ ထမင်းအိုးသယ်၊ ရထားစီးသူရဲ၊ မြင်းစီးသူရဲ၊ ဆင်စီးသူရဲ၊ ကုလားအုတ်စီးသူရဲ၊ သေနတ်စွဲသူရဲ ဟူ၍တွေ့ရသည်။ ရာမဇာတ်တော်တွင် အမြောက်မပါဝင်သော်လည်း ကုန်းဘောင်ခေတ်တွင်ရေးထွင်းသည့်အတွက် ခေတ်၏ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရသည်။ကျောက်ထွင်းပုံများတွင် ရှင်ဥပဂုတ္တပုံနှင့် ရသေ့ပုံတို့ကိုလည်းတွေ့ရသည်။ ရသေ့သည် အိပ်လျက် ပုခက်လွှဲနေသောပုံဖြစ်သည်။

> **“ထိုကျောက်ဆစ်လက်ရာများကို လေ့လာကြည့်ခြင်းဖြင့် ၁၉ ရာစုနှစ်တွင် လူများ မည်သည့်အဝတ်များ ဝတ်လေ့ရှိသည်၊ မည်သည့်အသုံးအဆောင်များကို အသုံးပြုခဲ့သည်၊ မည်သည့်ယာဉ်များကို စီးနင်းခဲ့သည်၊ မည်သည့်လက်နက်များ ပေါ်ပေါက်နေပြီ၊ မည်သည့်နိုင်ငံများနှင့် ဆက်သွယ်နေပြီဆိုသည်ကို လေ့လာနိုင်သည်သာမက ကုန်းဘောင်ခေတ် ကျောက်ဆစ်ပညာရှင်များ၏ အနုပညာကိုပါ လေ့လာသုံးသပ်နိုင်”**

သခွတ္တနယ်မှကျောက်ချပ်များတွင် ရာမဇာတ်ချည်းသာထွင်းထုခဲ့ခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကိုလည်း ထွင်းထုခဲ့သည်ကိုတွေ့ရသည်။ ထိုအကြောင်းအရာထဲတွင် ရာမဇာတ်တော်တွင် မပါဝင်သည့် ကုန်းဘောင်ခေတ် နိုင်ငံခြားဆက်ဆံရေးကို ဖော်ပြနေသော နိုင်ငံများကို ကိုယ်စားပြုထားသည့် ကျောက်ပြားများကိုလည်း တွေ့ရသည်။ ထိုကျောက်ပြားများတွင် အင်္ဂလိပ်မင်း၊ ပသီမင်း၊ ကသည်းမင်းစသည်တို့ ရေးထိုးထားသဖြင့် ကုန်းဘောင်ခေတ်မြန်မာပြည်တွင် အဝင်အထွက်ရှိသော နိုင်ငံများမှ မင်းများကို ထွင်းထုထားသည်ဟု ယူဆရပါသည်။ ထို့ပြင် ခေတ်ကိုဖော်ပြနေသောအခြားကျောက်ချပ်မှာ ကျောက်ပြားအမှတ် (၁၁၅) တွင် အလံကိုင်ထားသောရဲမက်သုံးဦးပါသည့် ကျောက်ချပ်ဖြစ်သည်။ ရဲမက်များ ကိုင်ထားသည့် အလံ၏အထက်ညာဘက်အလယ်တွင် နေတံဆိပ်ကိုတွေ့ရသည်။ အလံ၏ညာဘက်အလယ်ခန့်တွင် နေဝန်းပုံကို တွေ့ရလေ့ရှိပြီး ထိုကျောက်ပြားသည် ကုန်းဘောင်ခေတ်နှောင်းပိုင်း မြန်မာနိုင်ငံအလံကို ဖော်ပြနေသည်။

**ဘေးမဲ့အလှူတော်ပြုလုပ်**

ကျောက်စာရုံထဲတွင်ပင် အနောက်တောင်အရပ် ဘေးမဲ့တောခေါင်းစဉ်ဖြင့် စာကြောင်းရေ ၂၅ ကြောင်း၊ အမြင့်နှစ်ပေသုံးလက်မ၊ အထူငါးလက်မခွဲရှိသော ကျောက်စာ၊ တောင်အရပ်ဘေးမဲ့တော ခေါင်းစဉ်ဖြင့်စာကြောင်းရေ ၂၉ ကြောင်း၊ အမြင့်နှစ်ပေခြောက်လက်မ၊ အထူလေးလက်မခွဲရှိသော ကျောက်စာ၊ အရှေ့တောင်အရပ် ဘေးမဲ့တောခေါင်းစဉ်ဖြင့် စာကြောင်းရေ ၂၅ ကြောင်း၊ အမြင့်နှစ်ပေနှစ်လက်မ၊ အထူ ငါးလက်မရှိသောကျောက်စာ၊ အရှေ့မြောက်အရပ်ဘေးမဲ့တော ခေါင်းစဉ်ဖြင့် စာကြောင်းရေ ၂၃ ကြောင်း၊ အမြင့်နှစ်ပေလေးလက်မ၊ အထူငါးလက်မရှိသော ကျောက်စာများနှင့် ရှင်ဝရသေီဟူသည့် ကျောက်စာများကိုလည်းတစ်စုတစ်စည်းတည်းတွေ့ရသည်။ ကျောက်စာများတွင် ကျောင်းကြီးအလှူတော်နှင့်အတူ ဘေးမဲ့တောများလှူဒါန်းကာ အဆိုပါတောရေိယာအတွင်းမှ ကျေးငှက်တိရစ္ဆာန်များအား ဘေးမဲ့အလှူတော်ပြုလုပ်ကြောင်း ရေးထိုးထားပါသည်။

ထိုကျောက်ဆစ်လက်ရာများကိုလေ့လာကြည့်ခြင်းဖြင့် ၁၉ ရာစုနှစ်တွင် လူများ မည်သည့်အဝတ်များ ဝတ်လေ့ရှိသည်၊ မည်သည့်အသုံးအဆောင်များကို အသုံးပြုခဲ့သည်၊ မည်သည့်ယာဉ်များကို စီးနင်းခဲ့သည်၊ မည်သည့်လက်နက်များပေါ်ပေါက်နေပြီ၊ မည်သည့်နိုင်ငံများနှင့် ဆက်သွယ်နေပြီဆိုသည်ကို လေ့လာနိုင်သည်သာမက ကုန်းဘောင်ခေတ်ကျောက်ဆစ်ပညာရှင်များ၏ အနုပညာကိုပါ လေ့လာသုံးသပ်နိုင်သဖြင့် သခွတ္တနယ်ရှိ မဟာလောကမာရဇိန်ဘုရားသည် သမိုင်းတန်ဖိုးကြီးမားလှသည့် ဘုရားတစ်ဆူအဖြစ် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ။

# ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက် မီးပုံးပျံပွဲစည်ကား



**ချောင်းဦး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်၌ နဝမအကြိမ် မီးပုံးပျံပွဲတော်ကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်၊ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းဌေး၊ ချောင်းဦးမြို့ မြို့မိမြို့ဖ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အထိမ်းအမှတ် သီချင်းဖြစ်သည့် “ချောင်းဦးတန်ဆောင်တိုင်” သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။

မီးပုံးပျံပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် မီးပုံးပျံ အမှတ်ပေးစည်းမျဉ်းများကို အကဲဖြတ်ဒိုင်ချုပ် ဦးသိန်းတင်နှင့် ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်းတို့က ရှင်းလင်းတင်ပြ၍ လွှတ်တင်ရမည့်အလှည့်ကျ အစီအစဉ်များကို မဲနှိုက်ပြီး မီးပုံးပျံစတင်လွှတ်တင်ခြင်းနှင့်အတူ ဖျော်ဖြေရေးအဖွဲ့ငါးဖွဲ့မှ အလှည့်ကျဖျော်ဖြေကြသည်။

ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်၏ နဝမအကြိမ် မီးပုံးပျံပွဲတော်တွင် မြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာများမှ မီးပုံးပျံအဖွဲ့ ၁၄ ဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ပြီး ပထမဆုရရွှေမန်းသားမီးပုံးပျံအဖွဲ့အား ငွေကျပ်သိန်း ၂၀၊ ဒုတိယဆုရဇာတိမာန်မီးပုံးပျံအဖွဲ့အားငွေကျပ် ၁၅ သိန်း၊ တတိယဆုရ ပဲပဲမီးပုံးပျံအဖွဲ့အားငွေကျပ် ၁၀ သိန်းတို့ကို ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် ဦးပဝရက ဆုများချီးမြှင့်ပေးခဲ့ကာ ကျန်နှစ်သိမ့်ဆုရအဖွဲ့ ၁၁ ဖွဲ့အား ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချောင်းဦးမီးပုံးပျံပွဲကြည့်ရှုခဲ့သူ မဆွေဆွေမြင့်က “ချောင်းဦးမီးပုံးပျံပွဲ ကျင်းပခဲ့တာ ဒီနှစ်နဲ့ဆို ကိုးနှစ်ရှိခဲ့ပါပြီ။ တစ်နှစ်ပြီးတစ်နှစ် ပိုစည်ကားလာတာ တွေ့ရပါတယ်။ ချောင်းဦး မြို့ရဲ့ဘာသာရေးပွဲတော်တွေကို အစဉ်လာမပျက် ထိန်းသိမ်းတန်ဖိုးထားပြီး ကျင်းပပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်မိပါတယ်” ဟု ပြောပြသည်။

**အိအိစိုး (ချောင်းဦး)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၏ ချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသော ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၊ ဘူတာများ အဆင့်မြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ စာရေးဆရာကြီး ဖိုးကျော့နှင့် စာပေပညာရှင် ဆရာကြီး ဦးထွန်းရီ (ရွှေဟောင်းသုတေသီ) တို့ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး ဖိုးကျော့နှင့် စာပေပညာရှင် ဆရာကြီး ဦးထွန်းရီ (ရွှေဟောင်းသုတေသီ) တို့အား ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ၆၅ ဦးကို ဘာသာရပ်အလိုက် အဖွဲ့ငယ် ၁၈ ဖွဲ့ ခွဲခြားဖွဲ့စည်းပြီး တစ်ဖွဲ့လျှင် အမျိုးသားစာပေဆုချီးမြှင့်ရန် စာရေးဆရာကြီး တစ်ဦးနှင့် စာပေပညာရှင်တစ်ဦး အဆိုပြုတင်သွင်းစေ၍ အဆိုပြုတင်သွင်းခြင်းခံရသော ဆရာကြီးများကို ကော်မတီဝင် တစ်ဦးချင်းစီက ကော်မတီဝင် စာပေပညာရှင်များရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသားစာပေ တစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိသော ပညာရှင်ကြီးများမှာ စည်သူ ဦးလှကြိုင် (ပါရဂူ) (ကွယ်လွန်)၊ စည်သူ ဦးထင်ဖတ်(မောင်ထင်) (ကွယ်လွန်)၊ စည်သူ ဦးဌေးမောင် (ဌေးမောင်)၊ စည်သူ ဦးလေးမြိုင် (လေးမြိုင်)၊ စည်သူ ဒေါ်ရင်ရင် (စောမုံညင်း) (ကွယ်လွန်)၊ စည်သူ ဒေါ်ကြန် (မကြန်)၊ စည်သူ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူ ဒေါက်တာကျော်စိန် (ကွယ်လွန်)၊ စည်သူ ဒေါက်တာ ခင်မောင်ညွှန့်၊ စည်သူ ဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင် (မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဦးအောင်သင်း (အောင်သင်း) (ကွယ်လွန်)၊ ဦးတင်မောင် (သိပ္ပံမှူးတင်) (ကွယ်လွန်)၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည် (တက္ကသိုလ် မြတ်စိုး)၊ ဦးဝင်းဖေ (မြဇင်)၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ ဦးကိုလေး (ကိုလေး- အင်းဝဂုဏ်ရည်)၊ ဦးအောင်ခန့် (တက္ကသိုလ်ဝင်းမွန်) (ကွယ်လွန်)၊ ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးကျောက်ဆောက်သာနိုး (မောင်သာနိုး)၊ ဦးသန်းထွန်း (သိန်းသန်းထွန်း)၊ ဦးကျော်ဝင်း (ညိုဝင်း) တို့ ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့် အနေဖြင့် စာရေးဆရာတစ်ဦးနှင့် စာပေပညာရှင်တစ်ဦး စုစုပေါင်း နှစ်ဦး ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က တစ်သက်တာစာပေဆုကို ခြောက်သိန်းချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၁၀ သိန်းအထိ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ၁၅ သိန်းအထိ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ၂၅ သိန်းအထိ လည်းကောင်း အဆင့်ဆင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ကျပ်သိန်း ၅၀ အထိ တိုးမြှင့်ချီးမြှင့်သွားမည် ဖြစ်သည်။

အဆိုပါဆုများကို ၈-၁၂-၂၀၁၈ ရက် (စနေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၇ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် လူခါး ရေးသားသည့် မြန်မာပြည် အပြင်ဘက် စာအုပ် (၇၇၇၇ စာပေတိုက်)၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် တင့်ဇော် ရေးသားသည့် အရသာမတူသော ပန်းသီးများ စာအုပ် (လင်းလွန်းခင် စာပေတိုက်)၊ ကဗျာဘာသာရပ်ဆုတွင် မနီတာရေးသားသည့် အင်းဝသို့ ရင်ခုန်ခြင်း ကဗျာရှည်စာအုပ် (ချုံးချုံးစာပေတိုက်)၊ စာပဒေသာဆုတွင် တင်ညွှန့် ရေးသားသည့် ကျောင်းဆရာ မှတ်တမ်းစာအုပ် (မောက္ခစာပေတိုက်)၊ ကလေးစာပေဆုတွင် စံပယ်ဖြူနု ရေးသားသည့် ပါလေရာ အယ်နီစာအုပ် (ကံ့ကော်ဝတ်ရည်စာပေတိုက်)၊ ဘာသာပြန် (သုတ) ဆုတွင် လင်းထက်ဆွေ ရေးသားသည့် ဟိမဝန္တာခရီးသည်၏ ဆေးဘုရားရှာပုံတော် စာအုပ် (စွယ်တော်စာပေတိုက်)၊ ဘာသာပြန် (ရသ) ဆုတွင် တင့်ဇော်ရေးသားသည့် အာရှဝတ္ထုတိုများစာအုပ် (စာနဒီ စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုတွင် ဆင်ဖြူကျွန်း သန်းထွန်း ရေးသားသည့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုများ ဆီသို့ စာအုပ် (Quality Publishing House စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် မောင်မောင်စိုး ရေးသားသည့် မြောက်ဦးစစ်တမ်းစာအုပ် (ရွှေနဒီစာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Dr. Khin Let Yar ရေးသားသည့် Burma's Fate စာအုပ် (ဇွန်ပွင့်စာပေတိုက်)၊ ရသစာတမ်းဆုတွင် မောင်ရင့်မာ (ကျောင်းကုန်း) ရေးသားသည့် နွေနှောင်းတစ်ညဉ့် လရောင်နှင့် လေညင်းကို တွေ့ရှိခြင်းစာအုပ် (ဝန်ချတောင်စာပေတိုက်) တို့ကို ဆုချီးမြှင့်ကြောင်း ကြေညာသည်။

အမျိုးသားစာပေဆုကို ယခင်က ကျပ်သုံးသိန်း ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ကျပ်ငါးသိန်းထိ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျပ် ၁၀ သိန်းထိ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျပ် ၁၅ သိန်းထိ လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့သည်။ ယခုနှစ်တွင် ကျပ် ၂၅ သိန်းသို့ တိုးမြှင့်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၆၅ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုစက်ဖေ၏ ကမ္ဘာကို ထိုးမယ့်ခဲတံ က လည်းကောင်း၊ ဒုတိယဆုကို ကိုလွင်ဘို (မေ့ဆေး) ၏ မချစ်ခဲ့လျှင် က လည်းကောင်း၊ တတိယဆုကို ကျော်ခန့်၏ ရင်ငြိမ်းအေး က လည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ကျော်လွင် (စက်မှု) ၏ အဝေးကြည့်မှန်ပြောင်းနှင့် အခြားဝတ္ထုတိုများက လည်းကောင်း၊ ဒုတိယဆုကို မင်းထက်မြိုင်၏ သင်ဦးချ၍ အမျှဝေရာနှင့် အခြားဝတ္ထုတိုများက လည်းကောင်း၊ တတိယဆုကို ကေရာဇ်၏ မှတ်မှတ်သားသား ဆရာစကားနှင့် အခြားဝတ္ထုတိုများက လည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဆန်းလွင် (မြန်မာစာ) ၏ လောကပြတင်း အလင်းလက်ဆောင်ကဗျာများက လည်းကောင်း၊ ဒုတိယဆုကို စံမြင့်မိုရ်၏ ရေပြာလမ်းနဲ့ ပန်းစုံလင်ကဗျာများ က လည်းကောင်း၊ တတိယဆုကို မောင်ကြည်နွယ် (ပင်လည်ဘူး) ၏ စက္ကန့်ပေါ်က အလှကဗျာများက လည်းကောင်း ရရှိကြသည်။

သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆုတွင် ပထမဆုကို လွင်မြန်မာ (မန်းတက္ကသိုလ်) ၏ မြန်မာ့ရိုးရာ ရွှဲကစားခြင်းအတတ်ပညာနှင့် ရွှဲအသုံးပဒေသာက လည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး (ဟင်္သာတ) ၏ ရုပ်စောက်သမိုင်း ရုပ်စောက်မှတ်တမ်းက လည်းကောင်း ရရှိကြသည်။

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆုတွင် ပထမဆုကို ပန်းတနော် (ခင်မောင်မြင့်) ၏ ကမ္ဘာ့ကျောက်မီးသွေးလောကနှင့် မြန်မာ့ကျောက်မီးသွေးက လည်းကောင်း၊ ဒုတိယဆုကို မောင်အောင် (မွေးကု) ၏ လူသားအကျိုးပြု “လား” က လည်းကောင်း၊ တတိယဆုကို ဦးစိုးဟန်၏ ဈေးကွက်ဝင် သီးစားပင်စိုက်ပျိုးရေး (သို့မဟုတ်) သီးစားခြံစိုက်ပျိုးခြင်းပညာက လည်းကောင်း ရရှိကြသည်။

စာပဒေသာ(ဆောင်းပါး)ဆုတွင် ဒုတိယဆုကို သောင်းညွှန့်သစ်၏ နိုင်ငံတစ်လွှား ခရီးသွား မြန်မာ့စီးပွားအလားအလာ က လည်းကောင်း ၊ တတိယဆုကို မောင်သာလင်း၏ ဆေးသားလွင့်ပြယ်မသွားသည့် လွမ်းချင်းများက လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ဒုတိယဆုကို အောင်ပန်းဝေ (LLB) ၏ မြန်မာ့ရုပ်သေး ကြိုးဆွဲနည်းပညာက လည်းကောင်း၊ တတိယဆုကို ရွှေညာသား မြတ်မင်း၏ တအန်း (ပလောင်) တိုင်းရင်းသားတို့၏ ဘဝလေ့ရိုးရာ ယဉ်ကျေးမှုများက လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို ကန့်ဘလူ ခင်မောင်ဆွေ၏ ဖြူနီဝါပြာ ပန်းမာလာ ကလေးကဗျာများ က လည်းကောင်း၊ ဒုတိယဆုကို နန္ဒာမိုးကြယ်၏ ကြာရွက်ထီးကလေး ကလေးကဗျာများက လည်းကောင်း၊ တတိယဆုကို နိုင်မြင့်၏ စက်ဘီးကလေးနှင့် ကလေးဝတ္ထုတိုများက လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ဒုတိယဆုကို ကေတုမောင်ညိုလင်း၏ စစ်တောင်းမြစ်ကမ်းနံဘေးက လူငယ်ဘဝလေးများက လည်းကောင်း၊ တတိယဆုကို မောင်နေခြည် (ပြည်) ၏ ပွင့်သောပန်းတို့ အလန်းဆုံးဝေ ကလည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် တတိယဆုကို မောင်လွယ်အိတ်၏ နွားပွဲစား၏ စကားအလင်္ကာက လည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ ကမ္ဘာသားအားလုံးအတွက် စိန်ခေါ်ချက်များ က လည်းကောင်း ရရှိကြသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က စာပေဗိမာန်စာမူဆုများကို ပထမဆု တစ်သိန်းငါးသောင်း၊ ဒုတိယဆုကို တစ်သိန်း၊ တတိယဆုကို ခုနစ်သောင်းငါးထောင် ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ် တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆုကို ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်းအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင် ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်း၊ တတိယဆု ငါးသိန်းအထိ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၃၁၆ ခုကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၈-၁၂-၂၀၁၈ ရက် (စနေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးအုန်းမောင်တို့အား ဟောင်ကောင်ရှိ Shaw Brothers Pictures International Ltd; မှ မြန်မာနိုင်ငံ၌ ရုပ်ရှင်ရိုက်ကူးရေး လာရောက်တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့အား တရုတ်နိုင်ငံ ဟောင်ကောင်ရှိ Shaw Brothers Pictures International Ltd; မှ Line Producer Mr. Ray Pang ဦးဆောင်သောအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ပမှလာရောက်ရိုက်ကူးမည့် ခရီးစဉ်၊ ရိုက်ကူးရေးလာရောက်မည့် အဖွဲ့ဝင်များနှင့် ယူဆောင်လာမည့် ပစ္စည်းများစာရင်း၊ ရိုက်ကူးလိုသည့် ရုပ်ရှင်ဇာတ်ညွှန်း၊ ရိုက်ကူးကြေးနှင့် ဝန်ဆောင်ခကိစ္စရပ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးအုန်းမောင်နှင့်အဖွဲ့ ဟောင်ကောင် Shaw Brothers Pictures International Ltd; မှ Line Producer Mr. Ray Pang ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်အတွင်းရှိ ဒေသခံများနှင့်တွေ့ဆုံ

**ဂွ နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဂွမြို့နယ် ညောင်ချောင်း၊ ဒေါင်းချောင်းနှင့် ရဟိုင်ကူးတို့ ကျေးရွာများရှိ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆိုင်ရာများအား ဆွေးနွေးသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ မိဘ၊ ကျောင်းသားများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ယင်းနောက် ညောင်ချောင်းကျေးရွာ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးကြပြီးနောက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ပညာရတနာခန်းမ၌ မိဘ၊ ကျောင်းသားတွေ့ဆုံပွဲကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခင်နှစ်က ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် အတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက် အောက်ဆုံးအထိ ရောက်ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက် ၂၁ ဒသမ ၄၅ဖြင့် ၄ ရာခိုင်နှုန်းအထိ အောင်ချက် တိုးတက်မြင့်မားခဲ့ကြောင်း၊ ယင်းမှာ ကျောင်းသား၊ ဆရာ၊ မိဘ ဝိုင်းဝန်းကြိုးစားမှုကြောင့်ဖြစ်ပြီး ယခုထက်ပိုမို၍ ဝိုင်းဝန်းကြိုးစားစေလိုကြောင်း၊ ယခုနှစ်တွင် ဂွမြို့နယ်ကို ဦးစားပေးအနေဖြင့် အောင်ချက်မြင့်မားရေး ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေပြီး တစ်ပြည်နယ်လုံး အတိုင်းအတာနှင့် အောင်ချက်မြင့်မားရေး စီမံချက်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကအရေးကြီးဆုံးဖြစ်၍ အစိုးရအဖွဲ့အနေဖြင့် တတ်နိုင်သည်ထက်ပိုပြီး ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက မူကြိုကျောင်းဆောင်နှင့် မူကြိုဆရာခန့်ထားပေးနိုင်ရေး၊ ညောင်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များရရှိရေးနှင့် အနီးနားရှိကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရာတွင် အဆင်ပြေစေရန် ကျေးရွာချင်းဆက်လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် အဆင့်မြှင့်ပေးနိုင်ရေး စသည့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာလိုအပ်ချက်များအား တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာဌာနများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ညောင်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၂၄ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ချောင်း-ဇီးခုံ-တင်းတော-အမော်ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ဖောက်လုပ်ရန် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေါင်းချောင်းနှင့် ရဟိုင်ကူးတို့ကျေးရွာများရှိ ဒေသခံများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့ပြီး ရဟိုင်ကူးတို့ကမ်းခြေကျူးကျော်တဲများ ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရဟိုင်ကွင်းပန်းမျိုးတစ်ရာစာကြည့်တိုက်အား ကြည့်ရှုစစ်ဆေးပြီး ကွန်ပျူတာသင်တန်းအတွက် ငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့တွေ့ဆုံပွဲများအပြီးတွင် ကိုယ်ဝန်ဆောင်မိခင် ၆၆ ဦးနှင့် အသက်နှစ်နှစ်အောက်ကလေးငယ် ၄၉ ဦးတို့အတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကလေးများစာဖတ်စွမ်းရည်တိုးတက်လာစေရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ကလေးများ စာဖတ်စွမ်းရည် တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ ဝန်ထမ်းအဖွဲ့(Shanti Volunteer Association-SVA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ကလေးများ စာဖတ်စွမ်းရည် တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့တွင်လည်း စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ၂၀၂၀ ခုနှစ် ဒီဇင်ဘာအထိ ထပ်မံလက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်၊ မြို့နယ် ၁၄ မြို့နယ်မှ ပြည်သူ့စာကြည့်တိုက် ၁၄ ခုတွင် ကလေးများအတွက် ရုပ်ပုံစာအုပ်၊ ဘုတ်ပြားပြဇာတ်၊ စက္ကူပြဇာတ်တို့ဖြင့် ပုံပြင်ပြောခြင်း၊ ပုံဆွဲခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးရေးသားခြင်း၊ စကားပုံဆက်ခြင်း၊ စစ်တုရင်ကစားခြင်း၊ ဆေးရောင်ခြယ်ခြင်းကဲ့သို့ ပြိုင်ပွဲများ ကျင်းပပေးနိုင်ခဲ့သည့်အပြင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်စာကြည့်တိုက် ၁၄ ခုအတွက် စာငှားဝန်ဆောင်မှု အသုံးပြုနိုင်ရန် ဂျပန်နိုင်ငံမှ ဝယ်ယူသော ရုပ်ပုံစာအုပ်စုစုပေါင်း အုပ်ရေ ၁၀၀ စီအား ဖြန့်ဝေခြင်း၊ ကျောင်းစာကြည့်တိုက် လက်စွဲစာစောင်နှင့် စာငှားဝန်ဆောင်မှု လမ်းညွှန်စာအုပ် စုစုပေါင်း ၂၈၀ တို့ကို ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သာယာဝတီခရိုင်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ရှစ်ကျောင်းအတွက် ရုပ်ပုံစာအုပ် ၇၀ ၊ စက္ကူပြဇာတ် ပုံပြင်ငါးခုကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ထိုကဲ့သို့ ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွက် သုံးဘီးဆိုင်ကယ် ရှစ်စီးကို လှူဒါန်းပေးအပ်ခဲ့သည့်အပြင် ကလေးစာပေထုတ်ဝေရေးသင်တန်းကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့၌လည်းကောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် လိုအပ်သောစံနှုန်းများ ဆွေးနွေးပွဲကို လက်ပံတန်းမြို့၌လည်းကောင်း ကျင်းပပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒီဇင်ဘာလအထိကာလအတွင်း ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ပြည်သူ့စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ သာယာဝတီခရိုင်ရှိ မြို့နယ် လေးမြို့နယ်နှင့် ပြည်ခရိုင်ရှိ မြို့နယ် တစ်မြို့နယ်မှ မူလတန်းကျောင်း ၁၀ ကျောင်းတွင် ၂၀၁၉ ခုနှစ်၌ ကျောင်းစာကြည့်တိုက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စိစစ်ရွေးချယ်မှုများနှင့် ရုပ်ပုံစာအုပ်ခေါင်းစဉ်နှစ်ခု၊ စက္ကူပြဇာတ်ခေါင်းစဉ် တစ်ခု၊ ပညာရေးနှင့်ဆိုင်သော စာအုပ်ခေါင်းစဉ်တစ်ခုတို့အား တည်းဖြတ်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ ဆေးဝါးများသွားရောက်လှူဒါန်းခဲ့သည့် ခရီးစဉ်မြင်ကွင်း

**ကချင်ပြည်နယ် မြစ်ကြီးနားပတ်ဝန်းကျင်ဒေသများနှင့် ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော့ စသည့်မြို့နယ်များမှ စစ်ဘေးရှောင်ပြည်သူများအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက နိုဝင်ဘာလ ၂၀ ရက်နေ့က ကျပ်သိန်း ၁၆၀၀ တန်ဖိုးရှိ ဆန်၊ စားသုံးဆီ၊ စောင် စသည့်ပစ္စည်းများ၊ မြန်မာငွေကျပ် သိန်း ၁၂၀ တန်ဖိုးရှိ ဆေးဝါးများ သွားရောက်လှူဒါန်းခဲ့သည်။**




ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ
ဒေါက်တာ တင်မျိုးဝင်း

### ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးမယ်

အဆိုပါလှူဒါန်းမှုနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက "ကချင်ပြည်နယ်မှာရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေအတွက် လှူချင်ပါတယ်ဆိုပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆက်သွယ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်က ဒါကို ဝမ်းမြောက်စွာနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ရောက်နေတဲ့သဘောပါ။ အခုလို လှူဒါန်းပေးတဲ့ ပစ္စည်းတွေသာမကဘဲ သူတို့ရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာ ဘာလိုသလဲဆိုတာကို သိရအောင် လာရောက်ခြင်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှ ကျန်တဲ့အရာတွေ ဆက်လုပ်လို့ရတာကိုး။ တိုင်းပြည်ဖွံ့ဖြိုးရေးနဲ့ လူသားဆိုင်ရာ ဒုက္ခအားလုံးက ငြိမ်းချမ်းမှ ဖြစ်မှာဆိုတော့ အစွမ်းကုန်ကြိုးစားပြီး လုပ်နေပါတယ်"ဟု ဖြေကြားသည်။

အမျိုးသားကျန်းမာရေးကွန်ရက်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ပေးမှုဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မိုင်းနား RC စစ်ဘေးရှောင်စခန်းသို့ သွားရောက်၍ ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သည်။

### အမြဲကူညီ

မိုင်းနား RC စစ်ရှောင်စခန်း တာဝန်ခံဦးဂွမ်ဆိုင်းက "ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့က စစ်ရှောင်စခန်းတွေမှာ နေထိုင်တဲ့ ပြည်သူတွေအတွက် ဆေးဝါးကုသမှု လာရောက်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီနေ့က အထွေထွေသမားတော်၊ သားဖွားမီးယပ်၊ အရေပြားဆရာဝန်တွေ၊ ကလေးအထူးကုနဲ့ သွားဆရာဝန်တွေ လာပါတယ်။ ဒီနေ့မှာ လူနာ ၃၅၀ ကျော်လာပြတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်း ပါတယ်။ သူတို့လာရင် စခန်းကို တစ်ခုမဟုတ်တစ်ခု အမြဲကူညီပါတယ်"ဟု ပြောသည်။

မိုင်းနား RC စစ်ရှောင်စခန်းကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၄ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မူလက ဝိုင်းမော်ဘုရားကျောင်းတွင် ယာယီစစ်ရှောင်စခန်းအဖြစ် နေထိုင်ခဲ့သော်လည်း နေရာအခက်အခဲကြောင့် ယခင်ပြည်နယ်အစိုးရက ၂၀၁၁ အောက်တိုဘာတွင် ယခု မိုင်းနားသို့ ပြောင်းရွှေ့ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မိုင်းနား RC စစ်ရှောင်စခန်းတွင် အိမ်ထောင်စု ၃၂၉ စု၊ လူဦးရေ ၁၆၉၁ ဦးရှိသည်။

ဦးဂွမ်ဆိုင်းက "ကျွန်တော်တို့ ၂၀၁၁ ဒီဇင်ဘာလမှာ ပြောင်းရွှေ့လာပါတယ်။ အိမ်ထောင်စု ၃၂၉ စု၊ လူဦးရေအားဖြင့် ၁၆၉၁ ဦးရှိပါတယ်။ ဒီထဲမှာမှ NGCA ဘက်မှ စစ်ရှောင်ကလေးတွေ ကျောင်းလာတက်တဲ့ ဘော်ဒါဆောင်လည်း ဖွင့်ထားပါတယ်။ ဒါကြောင့် ၁၈၀၀ ကျော်ရှိပါတယ်"ဟု ပြောကြားသည်။

ပညာသင်ကြားမှုအနေဖြင့် မိုင်းနား RC တွင် ကျောင်းသားပေါင်း ၆၃၂ ဦးရှိပြီး တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၃၀ ရှိကာ ကျန်ကျောင်းသား ကျောင်းသူများသည် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းတွင် ဆက်လက်ပညာသင်ကြားလျက်ရှိသည်။ မိုင်းနား RC စစ်ရှောင်စခန်းတွင် မူကြိုကျောင်းတစ်ကျောင်းလည်းရှိပြီး မူကြိုကလေးငယ် ၇၃ ဦးနှင့် ဆရာမ ငါးဦးရှိကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မိုင်းနားတွင် ဆေးခန်းဖွင့်လှစ်ပေးထားပြီး လိုအပ်ပါက ဝိုင်းမော်ဆေးရုံသို့ လွှဲပေးကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဝင်းမြတ်အေး

"ကျန်းမာရေးစောင့်ရှောက်မှုက ကောင်းတယ်လို့ ပြောနိုင်တယ်။ ဒီထက်ပိုပြီး ကုသရမယ့်အပိုင်းဆို မြစ်ကြီးနားဆေးရုံကို လွှဲပေးပါတယ်။ စစ်ရှောင်တွေအတွက်ဆို စစ်ရှောင်စခန်းက ထောက်ခံစာတွေယူသွားရင် လိုသလို အခမဲ့ ကုသပေးပါတယ်"ဟု မိုင်းနားစစ်ရှောင်စခန်းတာဝန်ခံက ပြောသည်။

### ထောက်ပံ့ပေးထား

မိုင်းနား RC စစ်ရှောင်စခန်းတွင် နေထိုင်သူများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင်ကြပြီး လက်သမား၊ ပန်းရန်၊ ဈေးရောင်းနှင့် အချို့လည်း ကျောက်စိမ်းမော်များတွင် သွားရောက်လုပ်ကိုင်ကြသူများလည်း ရှိသည်။ WFP က သာမန်မိသားစုဆိုပါက လူတစ်ဦးလျှင် ၁၁၀၀၀ နှုန်း ထောက်ပံ့ပေးပြီး သက်ကြီးများသည့် အိမ်ထောင်စု၊ အလုပ်အကိုင်မလုပ်နိုင်သူနှင့် ကလေးများသည့် အိမ်ထောင်စုများအတွက် ၁၅၀၀၀ နှုန်း ထောက်ပံ့ပေးထားကြောင်း သိရသည်။

ယင်းသို့ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စီစဉ်ပေးမှုအောက်တွင် နေထိုင်နေရသော်လည်း မိမိ၏ မူလနေထိုင်ရာ နေရပ်သို့သာ ပြန်နေလိုကြကြောင်း စစ်ရှောင်စခန်းမှ မိသားစုများက ပြောကြားကြသည်။

၂၀၁၁ ခုနှစ်မှ စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ကချင်ပြည်နယ်တွင် စစ်ရှောင်စခန်း (IDPs) ၈၉ ခု ရှိပြီး အဆိုပါစစ်ရှောင်စခန်းများတွင် အိမ်ထောင်စု ၈၁၀၀၊ လူဦးရေ ၄၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

### တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်နေကြောင်း၊ နယ်မြေအေးချမ်းမှု မရှိသည့်အတွက် ပြည်သူများသည် မိမိနေရပ်ကို စွန့်ခွာရပြီး ခေတ္တကယ်ဆယ်ရေးစခန်းများတွင် ဒုက္ခရောက်နေကြသဖြင့် ၎င်းတို့အား လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယခုလို စုစည်းရောက်ရှိနေခြင်း၊ ကြာရှည်စွာနေရခြင်းတို့သည် ကောင်းမွန်သည့် လက္ခဏာမဟုတ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိ၍ ယခုလို နေထိုင်ရခြင်းမှာ ငြိမ်းချမ်းရေး လိုအပ်နေသေးသည်ကို ဖော်ပြခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စွန့်ခွာနေထိုင်ရခြင်းကြောင့် မိမိတို့၏ ပုံမှန်လုပ်ငန်းဆောင်တာ ၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လူမှုပြဿနာများ၊ လူမှုဆိုးကျိုးများ ဖြစ်ပေါ်နိုင်ကြောင်း၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အနုတ်လက္ခဏာဆောင်နေသည်များကို ရှန်းထွက်ပပျောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးသည် အဓိကဖြစ်ကြောင်း"ဟု ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က "အဓိကလိုအပ်ချက်က ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းရေးသာရရင် ဒီစစ်ရှောင်စခန်း (IDPs) တွေရှိနေစရာ မလိုတော့ဘူး။ ကချင်ပြည်နယ်မှာ IDPs စခန်းတွေ မှိုလိုပေါက်နေတာကို မလိုလားပါဘူး"ဟု ပြောသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ်
ဒေါက်တာ ခက်အောင်

### ငြိမ်းချမ်းရေးရဖို့ ကူညီသွားမှာ

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် လူသားချင်းစာနာထောက်ပံ့မှုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က "အဓိကရည်ရွယ်ချက်က စစ်ရှောင်စခန်းတွေမှာ နေနေတဲ့ နေရပ်စွန့်ခွာပြည်သူတွေရဲ့နေထိုင်စားသောက်မှု ကောင်းမွန်အောင် လာကူညီပေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တရုတ်နိုင်ငံနဲ့ တရုတ်ပြည်သူတွေရဲ့ ထောက်ပံ့မှုကိုလည်း ဖော်ပြချင်လို့ပါ။ နေရပ်စွန့်ခွာသူများ သူတို့နေအိမ်ကို မြန်နိုင်သလောက် မြန်မြန်ပြန်နိုင်ဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံရဲ့ ဆွေမျိုးပေါက်ဖော်အနေနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရဖို့ ကူညီသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

စစ်ရှောင်စခန်းများမှ ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားများအပါအဝင် နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူအားလုံးက ငြိမ်းချမ်းရေးကို နေ့စဉ် မျှော်လင့်လျက်ရှိကြပါကြောင်း။ ။

**သတင်းဆောင်းပါး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ခြိမ့်ခြိမ့်သဲဆင်နွှဲ မဒေါက်မြို့တန်ဆောင်တိုင်မီးမျှောပွဲနှင့် ရေပွဲသဘင်

**မဒေါက် နိုဝင်ဘာ ၂၃**

အများပြည်သူ ကြည်ညိုသဒ္ဓါပွားနိုင်စေရန်နှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်စေရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့များ ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ဆီမီးပူဇော်ပွဲအား တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲအဖြစ် သတ်မှတ်၍ ခေါ်တွင်ကျင်းပခဲ့သည်မှာ ယခုအခါ (၄၆) ကြိမ်တိုင်ရှိပြီဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲတော် နောက်ဆုံးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒေသအသီးသီးမှ လာရောက်လည်ပတ်ကြသော ဧည့်ပရိသတ်များနှင့် စည်ကားစွာကျင်းပခဲ့သည်။

နံနက်ပိုင်းတွင် စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ကြပြီး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်စေကာ မွန်းလွဲပိုင်းတွင် ရေပွဲတော်ဗဟိုမဏ္ဍပ်အား ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ရေပွဲသဘင်ကိုဆက်လက်ကျင်းပရာ စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် အကအလှ ဖျော်ဖြေရေးယိမ်းအဖွဲ့ရေယာဉ်များ၊ ယိမ်းအကအလှယှဉ်ပြိုင်ရေးရေယာဉ်များ၊ တက်ခုတ်ယိမ်းတက်ပုံယိမ်းနှင့် ကရင်ဒုံးယိမ်းရေယာဉ်များက ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များနှင့် မြန်မာ့ရိုးရာလှေပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ယင်းနောက် ညနေဆည်းဆာချိန်တွင် ရှင်ဥပဂုတ္တ မထေရ်မြတ်ဖောင်တော် ဒေသစာရီကြွချီရာတွင် ဖောင်တော်နှင့်အတူ အရေအတွက် ၄၅၀၀၀ ရှိသော မီးကြာခွက်များကို ကျောင်းသူလေးများ၊ ဒေသခံလုံမငယ်များနှင့် ဒေသတွင်းအဖွဲ့အစည်းအသီးသီး၊ လူတန်းစားအသွယ်သွယ်တို့ ပါဝင်လျက် မီးမျှောပူဇော်ပွဲကို တပျော်တပါး ဆင်နွှဲခဲ့ကြရာ စစ်တောင်းမြစ်အတွင်း၌ ဆီမီးကြာခွက်များ ပြည့်နေသကဲ့သို့ ကောင်းကင်ယံထက်တွင်လည်း ရောင်စုံမီးရှူးမီးပန်းအလှများဖြင့် ရှုမငြီးဖွယ်ပင်ဖြစ်သည်။



လာရောက်လည်ပတ်ကြသူ များပြားလှသည်ဖြစ်၍ ပွဲတော်လာပရိသတ်များ၏ လုံခြုံရေးနှင့် ယာဉ်မတော်တဆဘေးအန္တရာယ်ဖြစ်ပွားမှုများမှ ကာကွယ်တားဆီးရေး အစီအမံများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်ကာလ မီးမျှောပူဇော်ပွဲသည် မြန်မာနိုင်ငံရှိ ပွဲတော်များအနက် အနယ်နယ်အရပ်ရပ်မှ ဧည့်ပရိသတ်များ စုဝေးလာရောက်ကြသည့် ဒေသတွင်းပွဲတော်တစ်ခုပင်ဖြစ်သည်။


**ကိုကိုနေ၊ ပိန်းဇလုပ်သိန်းညွန့်**

### တာချီလိတ်၌ တန်ဆောင်တိုင် အပျော်ကျူးသူများ၏ ဖျက်ဆီးမှုကြောင့် မီတာဘောက်များပျက်စီး

**တာချီလိတ် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မင်္ဂလာလမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးတိုင်များတွင် တပ်ဆင်ထားသည့် အိမ်သုံးလျှပ်စစ်မီတာဘောက်အချို့ နိုဝင်ဘာ ၂၂ ရက် ညပိုင်းက အပျော်ကျူးသူ လူတစ်စု၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ကြောင်း သိရသည်။

ဖျက်ဆီးခံရသည့် မီတာဘောက်ခုနစ်လုံးရှိကြောင်း၊ ယင်းကဲ့သို့ ဖျက်ဆီးခံရမှုကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း၊ အများပြည်သူအကျိုးထိခိုက်နစ်နာစေသည့် အပျော်ကျူးလုပ်ရပ်များ မလုပ်သင့်ကြောင်း၊ တာချီလိတ်မြို့နေ ပြည်သူများအနေဖြင့် ဤကဲ့သို့လုပ်ရပ်ကို လက်မခံကြောင်း ပြောဆိုမှုများ ကြားသိရသည်။ **မောင်ယဉ်ကျေး**



## ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်မှာ သိသာတဲ့အပြောင်းအလဲတွေရှိတော့ ကမ္ဘာ့ဘဏ်က ကျွန်တော်တို့နိုင်ငံကို Star Reformer ဆိုပြီး ဆုပေးပါတယ်။ ကျွန်တော်တို့လုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းရဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး

# “မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား” ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းကျင်းပ

“မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား” ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်-


ဦးအောင်စိုး


ဦးအောင်နိုင်ဦး


ဒေါ်သီတာမြင့်


ဒေါ်ခိုင်ခိုင်နွယ်

***ယမန်နေ့မှအဆက်***

**ဦးအောင်နိုင်ဦး။ ။** မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းလုပ်ဖို့ ကုမ္ပဏီတစ်ခု ထူထောင်ရင် လနဲ့ချီပြီး ကြာခဲ့တယ်။ နောက်တစ်ခုက ကုမ္ပဏီထောင်မယ်ဆိုရင် အနည်းဆုံးထည့်ရမယ့် သတ်မှတ်မတည်ငွေရင်းဆိုတာရှိတယ်။ အနည်းဆုံး ကျပ်ငါးသန်းလောက်မရှိဘဲနဲ့ ကုမ္ပဏီထောင်လို့မရဘူး။ ဒီလို ကန့်သတ်ချက်တွေလည်းရှိတယ်။ နောက်တစ်ခုက ကုမ္ပဏီထောင်မယ်ဆိုရင်လည်း အဆင့်တွေများခဲ့တယ်။

ဒီတော့ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းဆိုတာကို တိုင်းတာတဲ့အခါမှာ အချက် သုံးချက်ရှိပါတယ်။ ပထမတစ်ခုက ကုမ္ပဏီတစ်ခုတည်ထောင်ဖို့အတွက် အဆင့်ဘယ်လောက်များလဲဆိုတာဖြစ်ပါတယ်။ ဒုတိယက ကုမ္ပဏီကို စတင်မှတ်ပုံတင်တဲ့ အချိန်ကနေစပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရတဲ့အထိ ဘယ်လောက်ကြာသလဲဆိုတာ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ကုမ္ပဏီတစ်ခုမှတ်ပုံတင်ဖို့ ဘယ်လောက်ကုန်လဲ ဆိုတာတွေကို တိုင်းတာတာဖြစ်ပါတယ်။ အဲဒီလိုတိုင်းတာတဲ့ အခါမှာ ခြုံပြောရရင် ၂၀၁၄ အစီရင်ခံစာထွက်တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းနဲ့ ပတ်သက်ရင် အဆင့်အများဆုံးနိုင်ငံဖြစ်ပါတယ်။ အကြာဆုံးနဲ့ ငွေကုန်ကြေးကျ အများဆုံး နိုင်ငံဖြစ်ပါတယ်။ အဲဒီလိုအခြေအနေက စခဲ့ရတာဖြစ်ပါတယ်။

### တိုးတက်မှုအရှိဆုံးနိုင်ငံ

အဲဒီနှစ်ကစပြီး တိုင်းပြည်တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုတွေ လုပ်မှရမယ်ဆိုတော့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ရေရှည်လုပ်ရတဲ့ လုပ်ငန်းတွေ ရှိတယ်။ ချက်ချင်းလုပ်ရတဲ့ လုပ်ငန်းတွေရှိတယ်။ ခြုံပြောရမယ်ဆိုရင် ကျွန်တော်တို့ဟာ ၁၈၉ ကစခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ၁၇၀ လောက်ထိ ဖြစ်လာပါတယ်။ ၂၀၁၆ ခုနှစ် အစီရင်ခံစာထွက်တဲ့အခါကျ ၁၄၆ ကို ရောက်သွားတယ်။ အဆင့်ပေါင်း ၂၄ ဆင့် လောက်တက်သွားတာဖြစ်ပါတယ်။ အဲဒီနှစ်မှာ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို တိုးတက်မှုအရှိဆုံး နိုင်ငံလို့ အသိအမှတ်ပြုတယ်။

စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းအပိုင်းနဲ့ ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲမှုလုပ်တဲ့အပိုင်းမှာ ၂၀၁၆ ခုနှစ် အစီရင်ခံစာမှာ မြန်မာနိုင်ငံက အကောင်းဆုံးရလဒ်ကို ရခဲ့တယ်။ သို့သော် တက်လိုက်ကျလိုက်တော့ရှိပါတယ်။ ဘာလို့လဲဆိုတော့ Doing Business ဆိုတာ တစ်နိုင်ငံတည်းလုပ်တာ မဟုတ်ဘူး။ နိုင်ငံတိုင်းက လုပ်နေကြတာဆိုတော့ ကိုယ့်နိုင်ငံရမှတ်တိုးအောင်လုပ်ကြတာဆိုတော့ နောက်ဆုံးနှစ်မှာ ၁၅၅ ရှိတယ်။ နည်းနည်းလေးပြန်ကျတယ်။ ဒါပေမယ့် ကျွန်တော်တို့ယုံကြည်ထားတာ တစ်ခုရှိပါတယ်။ ပြီးခဲ့တဲ့ တိုင်းပြည်အကဲဖြတ်ချက်တွေက ကုမ္ပဏီဥပဒေအဟောင်း အပေါ်မှာအခြေခံပြီးတော့၊ လုပ်ထုံးလုပ်နည်းအဟောင်း အပေါ်မှာအခြေခံပြီးတော့ အကဲဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကုမ္ပဏီဥပဒေသစ်ပေါ်လာပြီ။ ပေါ်လာပြီဖြစ်တဲ့ အတွက် လုပ်ငန်းစဉ်တွေက ပိုပြီးလွယ်ကူလာပြီး မလိုအပ်တာတွေ အများကြီး လျှော့ချလိုက်တယ်။

### အွန်လိုင်းနဲ့မှတ်ပုံတင်လို့ရပြီ

ဒီအစိုးရလက်ထက်မှာပဲ ဘာထပ်လုပ်လဲဆိုတော့ ကုမ္ပဏီ မှတ်ပုံတင်ကြေး ၁၀ သိန်းမှာ ၂၀၁၆ ခုနှစ်မှာ ၅ သိန်းကို ချတယ်။ ၂၀၁၇ မှာ နှစ်သိန်းခွဲကိုချတယ်။ ကုမ္ပဏီထောင်တဲ့အခါမှာ အဆင့်တွေကျအောင်ချလိုက်တယ်။ ၂၀၁၇ အစီရင်ခံစာ အထိဆိုရင် အဆင့်ပေါင်း ၁၃ ဆင့်ရှိတယ်။ အခုအွန်လိုင်းနဲ့ မှတ်ပုံတင်လို့ရပြီဆိုတော့ အဆင့် ၃ ဆင့်ပဲရှိတယ်။ နောက်ကြာမြင့်တဲ့အချိန်ကို အရင်ကအမြန်ဆုံးလုပ်တာ သုံးရက်ကြာပြီး အခု နာရီပိုင်းအတွင်းပြီးပါတယ်။ နောက်ကုန်ကျမှုမှာ အရင် ၁၀ သိန်းကနေ အခု နှစ်သိန်းခွဲနဲ့ မှတ်ပုံတင်လို့ရနေပြီဖြစ်ပါတယ်။ အခုကတော့ မိုဘိုင်းဖုန်းတစ်လုံးရှိရင် နာရီပိုင်းအတွင်း ကုမ္ပဏီ မှတ်ပုံတင်လို့ရပြီဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှုတွေကတော့ အများကြီးလုပ်ထားနိုင်ပြီဖြစ်ပါတယ်။ မနှစ်က ကမ္ဘာ့ဘဏ်က ဆုပေးပါတယ်။ ပေးတဲ့ဆုကတော့ မြန်မာနိုင်ငံမှာလုပ်ခဲ့တဲ့ အသိအမှတ်ပြုလောက်သော ပြုပြင်ပြောင်းလဲမှုတွေကို လုပ်နိုင်ခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ၂၀၁၆ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်လည်းထုတ်လိုက်တယ်။ ဖြေလျှော့မှုတွေလည်း အများကြီးလုပ်ပေးတယ်။ လုပ်ထုံးလုပ်နည်းတွေကိုလည်း အများကြီးပြင်ဆင်လိုက်တယ်။ ပြင်ဆင်လိုက်တော့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်မှာ သိသာတဲ့ အပြောင်းအလဲတွေရှိတော့ ကမ္ဘာ့ဘဏ်က ကျွန်တော် တို့နိုင်ငံကို Star Reformer ဆိုပြီး ဆုပေးပါတယ်။ ကျွန်တော် တို့လုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းရဲ့ရလဒ်တစ်ခု ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ကုန်ဈေးနှုန်း၊ ဒေါ်လာနဲ့ရွှေတွေ ဈေးတက်တဲ့ အချိန်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ရှိလားဆိုပြီး ခုနကပြောတဲ့ အဆင့်သတ်မှတ်ချက်တွေနဲ့ လွဲနေကြပါတယ်။ သူတို့သိထားတာက ဒါတွေတက်တာက စီးပွားကျလို့တက်တာပေါ့။ ဒါပေမယ့် ဒီမှာကြိုးစားနေကြတယ်ဆိုတာ အဓိကက နိုင်ငံတကာပဲလာလာ၊ ပြည်တွင်း၊ ပြည်ပပဲလာလာ စီးပွားရေးစတင်ဖို့ လွယ်ကူလာပြီ၊ ရှင်သန်ဖို့အတွက် လွယ်ကူလာပြီဆိုတာကို ချပြတာဖြစ်ပါတယ်။ အဲဒီမှာ နားလည်မှုလွဲပြီး လူမှုကွန်ရက်မှာ ရေးကြတာတွေရှိပါတယ်။**

**ဦးအောင်နိုင်ဦး။ ။** မှန်ပါတယ်။ အယူအဆမျိုးစုံဖြစ်လာတာပါ။ အပြင်မှာလည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေကြားမှာ စီးပွားရေးနဲ့ပတ်သက်လို့ အခက်အခဲတွေပေါ်ကြတယ်။ စီးပွားရေးကျတယ်ဆိုတဲ့အပိုင်းတွေလည်း ရှိပါတယ်။ ဒါလည်း သူတို့အမြင်ဖြစ်ပါတယ်။ ဒါကိုလည်းမငြင်းပါဘူး။ သို့သော်လည်း အစိုးရအနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တဲ့ ကိုယ့်တိုင်းပြည်ရဲ့အခြေအနေကောင်းတွေရလာအောင်၊ အဓိက ရည်ရွယ်တာကတော့ Doing Business နဲ့ပတ်သက်ရင် ရမှတ်တွေတက်လာအောင်၊ လုပ်ရကိုင်ရ လွယ်ကူလာအောင်၊ တကယ်ကောင်းမွန်လာအောင် ရည်ရွယ်တာ ဖြစ်ပါတယ်။ ရမှတ်တက်ခြင်းမတက်ခြင်းက ကျွန်တော်တို့အမြင်မှာ အဓိကမဟုတ်ပါဘူး။ ရလဒ်တွေကောင်းပြီး အခြေအနေက တကယ်ကောင်းမလာရင်လည်း ဘာမှမထူးပါဘူး။ တကယ်ရည်ရွယ်တာကတော့ လုပ်ရကိုင်ရလွယ်ကူလာရမယ်၊ တကယ်သက်သောင့်သက်သာရှိလာရမယ်။ စီးပွားရေးလုပ်ငန်းတွေ လုပ်တဲ့ကိုင်တဲ့အခါမှာ သူတို့ကို အဟန့်အတားဖြစ်စေမယ့် ကန့်သတ်ချက်တွေ တတ်နိုင်သမျှ ဖြေလျှော့ရမယ်။ သူတို့အတွက် ကြာစေမယ့်ကိစ္စတွေမြန်အောင် လုပ်ပေးတယ်။ သူတို့ရှုပ်ထွေးမယ့်ကိစ္စတွေကို ရှင်းအောင်လုပ်ပေးမယ်။ အဲဒါကိုမူတည်ပြီး အဓိကလုပ်ကြတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ စီးပွားရေးလုပ်ဆောင်ရန်လွယ်ကူမှု အညွှန်းကိန်းမှာပါဝင်တဲ့ အခွန်ပေးဆောင်မှုအညွှန်းကိန်းနဲ့ပတ်သက်တဲ့ လုပ်ဆောင်ရမယ့် အချက်လေးတွေကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

**ဒေါ်သီတာမြင့်။ ။** စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရန် လွယ်ကူမှု အညွှန်းကိန်းဆိုတာက ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံ ၁၉၀ မှာ ဘယ်နိုင်ငံက စီးပွားရေးလုပ်လို့ အဆင်ပြေသလဲ၊ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်တဲ့အခါမှာ သူ့ရဲ့လုပ်ငန်းစဉ်အဆင့်တွေ ဘယ်လိုလျှော့ချနိုင်လဲ၊ အချိန် ဘယ်လောက် လျှော့ချနိုင်လဲ၊ စရိတ်ကဘယ်လောက်လျှော့ချနိုင်သလဲဆိုတာတွေနဲ့ တိုင်းတာတာဖြစ်ပါတယ်။ တိုင်းတဲ့အခါမှာ အဆင့်ကောင်းသွားတဲ့ နိုင်ငံက စီးပွားရေးလုပ်ရတာအဆင်ပြေတယ်ဆိုပြီးတော့ ကမ္ဘာပေါ်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံတွေက စိတ်ဝင်စားကြတယ်။ စိတ်ဝင်စားတဲ့အထဲမှာမှ အခွန်ပေးဆောင်မှု Indicator ကတော့ တော်တော်များများစိတ်ဝင်စားတဲ့ Indicator ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းလုပ်ပြီဆိုတာနဲ့ သူတို့က အခွန်ဆောင်ရတော့မယ်။ အခွန်ဆောင်ရမယ်ဆိုတဲ့အခါ အခွန်ပေးဆောင်မှု Indicator မှာ ဘယ်လောက်ရှိလဲဆိုတာ အရေးကြီးပါတယ်။ အခွန်ပေးဆောင်မှု Indicator က ၂၀၁၇ မှာ အဆင့်အနေနဲ့ ၁၁၉ ရတယ်။ ဒီနှစ်မှာတော့ ၁၂၅ ဖြစ်သွားတယ်။ သူတို့ သတ်မှတ်ထားတဲ့အမှတ်က ဘယ်လိုလဲဆိုတော့ Index တွေနဲ့အမှတ်ခွဲထားပါတယ်။ ကျွန်မတို့ရဲ့အမှတ်က တက်လာတယ်။ ဒါပေမယ့် အဆင့်ကတော့ကျသွားတယ်။ ကျွန်မတို့ အခွန်ပေးဆောင်မှု Indicator မှာ ပြည်တွင်းအခွန်များ ဦးစီးဌာနက အဓိကပါတယ်။ လူမှုဖူလုံရေးအဖွဲ့ပါတယ်။ နောက်စည်ပင်ကကောက်တဲ့ အခွန်တွေပါတယ်။ ကျန်တဲ့အခွန်တွေလည်း ပါပါတယ်။ ဒီအခွန်တွေ အပေါ်မှာမူတည်ပြီးတော့ တိုင်းတာတဲ့အချက်တွေအပေါ်မှာ အချိန်ဘယ်လောက်ကြာလဲ၊ ပြုပြင်ပြောင်းလဲမှုတွေ ဘယ်လို လုပ်ပေးလဲဆိုတာတွေပါတယ်။

ပြုပြင်ပြောင်းလဲမှုအနေနဲ့လည်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှာဆိုရင် လွယ်လွယ်ကူကူနဲ့ စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူမှုအညွှန်းကိန်းမှာ အဓိကအဆင့်တက်လာနိုင်တဲ့ အရာက အွန်လိုင်းက အခွန်ပေးဆောင်မှုဖြစ်ပါတယ်။ အခွန်ပေးဆောင်နေတဲ့ လုပ်ငန်းရှင်တွေဆို နားလည်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဆိုရင် တစ်နှစ်မှာ ၁၂ ကြိမ်ပေးရတယ်။ ၁၂ ကြိမ်ပေးရတော့ ကမ္ဘာ့ဘဏ်ကနေ ၁၂ ကြိမ်ဆိုပြီး ကောက်နုတ်ထား တယ်။အွန်လိုင်းက အခွန်ပေးဆောင်နိုင်မယ်ဆိုရင် သူတို့က တစ်ကြိမ်ပဲ သတ်မှတ်တော့မှာဖြစ်ပါတယ်။

အဲဒီလိုဆိုရင် ကျွန်မတို့က အဆင့်တက်လာမယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကစပြီးတော့ အခွန်ထမ်းကြီးတွေနဲ့ အလယ်အလတ်အခွန်ထမ်းတွေကို အွန်လိုင်းကနေ အခွန်ပေးဆောင်ခိုင်းနေပြီ ဖြစ်ပါတယ်။ (ဘယ်မြို့နယ်မှာပဲရှိရှိ Internet အဆက်အသွယ်ရှိသော CBM.Net ချိတ်ဆက်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်ကို ချိတ်ဆက်ပြီးတော့ ပေးဆောင်နိုင်ပါတယ်။) အခွန်ထမ်းတွေအနေနဲ့ ဒါကိုလိုက်ပါဆောင်ရွက်နိုင်ခြင်းမရှိသေးဘူး။ အစိုးရဘက်ကလုပ်ပေးနေပြီ။ အခွန်ထမ်းပြည်သူတွေဘက်ကလည်း လိုက်ပါဆောင်ရွက်ဖို့လိုပါတယ်။ ဒီလို အွန်လိုင်းအခွန်ပေးချေမှုကို ဆောင်ရွက်မယ်ဆိုရင် အဆင့်ကတက်လာမယ်။

ဒီအခွန်ပေးဆောင်မှုအညွှန်းကိန်းမှာ အဆင့်တက်လာရင်ကျန်တဲ့ အညွှန်းကိန်း ၁၀ ခုမှာလည်း အဆင့်ကတက်လာမယ်။ အဲဒီလိုအဆင့်တက်လာရင် မြန်မာနိုင်ငံက စီးပွားရေးလုပ်ကိုင်မှုလွယ်တယ်ဆိုပြီးတော့ ပြည်ပစီးပွားရေးလုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံမှုတွေလုပ်လာမယ်။ ကိုယ့်နိုင်ငံက လူတွေ အချိန်ကုန်သက်သာစွာနဲ့ အခွန်ပေးဆောင်ရာမှာ လွယ်ကူစေဖို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဌာနတွေအားလုံးကနေ ဝန်ဆောင်မှုဌာနတွေ အားလုံးဖွင့်ထားတယ်။ အခွန်နဲ့ပတ်သက်လာရင် ကျွန်မတို့ ပြည်တွင်းအခွန်များဦးစီးဌာနမှာ အချိန်မရွေး လာရောက်မေးမြန်းနိုင်သလို ဖုန်းနဲ့ဆက်ပြီးလည်း မေးမြန်းနိုင်ပါတယ်။ ဝက်ဘ်ဆိုက်တွေမှာလည်း တင်ထားပါတယ်။ လုပ်ငန်းရှင်ကြီးတွေအနေနဲ့ ကမ္ဘာ့ဘဏ်ကနေ မေးခွန်းတွေ ထုတ်လာပြီဆိုရင် ကိုယ်ကိုယ်တိုင်သိလို့ ဖြေလိုက်ရင်လည်း သိသမျှနဲ့မဖြေဘဲ ဝန်ဆောင်မှုဌာနတွေမှာ သွားရောက်မေးမြန်းတာတို့၊ ဖုန်းနဲ့မေးမြန်းတာတို့နဲ့ တိတိကျကျဖြေစေချင်ပါတယ်။ အခွန်ပေးဆောင်မှု အညွှန်းကိန်းမှာပါတဲ့ ကျွန်မတို့ဌာနအပြင် လူမှုဖူလုံရေးရော စည်ပင်သာယာရေးမှာရော Online Payment နဲ့ ပေးဆောင်နိုင်အောင် ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။ Doing Business အပေါ်မှာ ပုဂ္ဂလိကကဏ္ဍအနေနဲ့ အမြင်ကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်ခိုင်ခိုင်နွယ်။ ။** အဓိက ဘာပြောချင်လဲဆိုတော့ သုံးစွဲသူတွေ ပိုမိုလွယ်ကူအောင် ပြုပြင်ပြောင်းလဲရေးတွေလုပ်ရတာက ဝန်ကြီးဌာနက လုပ်ရတာဖြစ်ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေရဲ့အနှစ်သာရကို ခံစားရရဲ့လား ဆိုတာ ပြန်ကြည့်တာပဲဖြစ်ပါတယ်။ ပြန်ကြည့်တဲ့အခါမှာ ပြောင်းလဲမှုတွေကို ဝန်ကြီးဌာနတွေနဲ့လုပ်တဲ့အခါမှာ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍအနေနဲ့ ဒါတွေဟာ လွယ်လွယ်ကူကူအသုံးပြုလို့ရရဲ့လား၊ အသုံးပြုလို့ရပြီဆိုရုံနဲ့လည်း မလုံလောက်သေးပါဘူး။ သူတို့က ကျွန်မတို့ကိုပြန်မေးပါတယ်။ တကယ်ရော ဒါတွေဟာ ကိုယ့်အတွက်ကို အကျိုးရှိရဲ့လားဆိုတဲ့ အကျိုးကျေးဇူးကို ပြန်မေးတဲ့အပိုင်းမှာ ချိတ်ဆက်မှုနည်းနည်းထပ်လိုပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“ဒီအစိုးရလက်ထက်မှာပဲ ဘာထပ်လုပ်လဲဆိုတော့ ကုမ္ပဏီ မှတ်ပုံတင်ကြေး ၁၀ သိန်းမှာ ၂၀၁၆ ခုနှစ်မှာ ၅ သိန်းကို ချတယ်။ ၂၀၁၇ မှာ နှစ်သိန်းခွဲကိုချတယ်။ ကုမ္ပဏီထောင်တဲ့ အခါမှာ အဆင့်တွေကျအောင်ချလိုက်တယ်။ ၂၀၁၇ အစီရင်ခံစာ အထိဆိုရင် အဆင့်ပေါင်း ၁၃ ဆင့်ရှိတယ်။ အခုအွန်လိုင်းနဲ့ မှတ်ပုံတင်လို့ရပြီဆိုတော့ အဆင့် ၃ ဆင့်ပဲရှိတယ်။ နောက် ကြာမြင့်တဲ့အချိန်ကို အရင်ကအမြန်ဆုံးလုပ်တာ သုံးရက်ကြာပြီး အခု နာရီပိုင်းအတွင်းပြီး ပါတယ်”**

◆ *ကျောဖုံးမှ*

မီဒီယာတွေရဲ့ အခန်းကဏ္ဍကိုလည်း ဆွေးနွေးခဲ့ပါတယ်။

“ပထမဆုံးအနေနဲ့ ပြောကြားချင်တာက သတင်းအရင်းအမြစ်ဖော်ပြချက်တွေပါ။ သတင်းအရင်းအမြစ်ဖော်ပြချက်နဲ့ ပတ်သက်လို့ ဒီနေ့မှာ နိုင်ငံတော်သမ္မတရုံးအနေနဲ့ သတင်းမီဒီယာကောင်စီကို အကြောင်းကြားစာတစ်စောင် ပေးလိုက်ပါတယ်။ သတင်းအရင်းအမြစ်တွေကို ဖော်ပြတဲ့အခါ နိုင်ငံတော်သမ္မတရုံးနဲ့ နီးစပ်သူတစ်ဦးဆိုပြီး သတင်းဖော်ပြမှုတွေ ရှိပါတယ်။ ဒီလိုအမည်မဖော်ပြတဲ့ ကိစ္စတွေဆိုရင် ပြဿနာရှိနိုင်ပါတယ်။ ပြဿနာရှိနိုင်တော့ ဒီနေ့မှာ သတင်းမီဒီယာကောင်စီဝင်တွေနဲ့လည်း ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတော့ သတင်းမီဒီယာသမားတွေအတွက် သတင်းမီဒီယာ ကျင့်ဝတ် Code of Conduct ထုတ်ပြန်ထားတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြန်မေးပါတယ်။ သတင်းအချက်အလက်တစ်ခု ဖော်ပြဖို့ သတင်းအရင်းအမြစ်က ဘယ်နှခုလိုလဲလို့ မေးခဲ့ပါတယ်။ တချို့ သတင်းဌာနတွေမှာ သတင်းအရင်းအမြစ် နှစ်ခုကို သုံးပြီး ဖော်ပြတယ်။ တချို့ သတင်းဌာနတွေကျတော့ သတင်းအရင်းအမြစ် ခိုင်လုံမှုအပေါ် မူတည်ပြီး ရေးရတာရှိပါတယ်။ အဲဒီတော့ သတင်းအရင်းအမြစ်တွေနဲ့ ပတ်သက်ပြီး အတည်ပြုနိုင်ဖို့ ဆွေးနွေးပါတယ်။

**သတင်းမီဒီယာဥပဒေမှာ ပါတဲ့အတိုင်း လုပ်ရမယ်**

“နောက်တစ်ခုက သတင်းအရင်းအမြစ်အဖြစ် ရေးသားဖော်ပြခံရတဲ့ ကာယကံရှင်ပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ သူတို့ရဲ့ တုံ့ပြန်မှုသဘောထား Right to Response ဆိုတာရှိပါတယ်။ ဒါကိုလည်း သတင်းမီဒီယာသမားတွေအနေနဲ့ ထည့်သွင်းဖော်ပြပေးရမယ့် ကိစ္စဖြစ်တယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုက သတင်းမီဒီယာကောင်စီဘက်က ပြန်ပြီးဆွေးနွေးတာလည်း ရှိပါတယ်။ အခု citizen journalist (CJ) တွေ social media platform မှာ ပေါ်လာတယ်။ များပြားလာတယ်။ ဒီလိုပဲ အွန်လိုင်းမီဒီယာတွေလည်း များလာတယ်။ မီဒီယာတွေက အရှိန်အဟုန်နဲ့ ကျယ်ပြန့်လာတယ်။ ထွန်းကားမှုကလည်း မြန်ဆန်လာတယ်။ အဲဒီတော့ citizen journalist တွေနဲ့ ပတ်သက်လို့ အသိပညာပေးတာတွေ တိုးမြှင့်ဆောင်ရွက်ဖို့ လိုအပ်လာတယ်လို့ ဆွေးနွေးပါတယ်။ ကျင့်ဝတ်နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်မလဲ၊ သတင်းမီဒီယာကောင်စီအနေနဲ့ ကျင့်ဝတ်နဲ့ ပတ်သက်ပြီး သတင်းမီဒီယာ ဥပဒေမှာ ပါတဲ့အတိုင်း ဘယ်လိုရှေ့ဆက်ပြီး လုပ်ရမယ်ဆိုတာကို ဆွေးနွေးသွားပါတယ်။

**အတည်ပြုပြီး ရှင်းပြပေးမှာဖြစ်**

“ဒီကိစ္စတွေနဲ့ ပတ်သက်လို့ နံပါတ်တစ်အနေနဲ့ အရေးကြီးတဲ့ သတင်းဖြစ်စဉ်တွေမှာ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံး စသဖြင့်နဲ့ ပတ်သက်ပြီး ဖော်ပြမယ်ဆိုရင် ကျွန်တော်တို့ကို ပြောပြပြီး သတင်းအရင်းအမြစ်ကို အတည်ပြုပေးပါ။ နံပါတ်နှစ်အချက်က သက်ဆိုင်ရာ သတင်းဌာနတွေကို ပြောထားပေးပါ။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့က အတည်ပြုပြီး ရှင်းပြပေးမှာဖြစ်ပါတယ်။ အတည်ပြုပေးမှာ ဖြစ်ပါတယ်။ အတည်ပြုပေးမှာ ဖြစ်တဲ့အတွက် အိမ်တော်မှာ မှတ်ပုံတင်ထားတဲ့ သတင်းထောက်တွေ ရှိပါတယ်။ အိမ်တော်သတင်းထောက် စာရင်းဝင်ထားတဲ့သူတွေက တစ်ဆင့်မေးမြန်းပါ။ ဒီလိုမေးမြန်းတဲ့ အခါမှာလည်း အချိန်နဲ့ တစ်ပြေးညီ သတင်းထုတ်ပြန်ရမယ့် ကိစ္စတွေဆိုရင်လည်း အိမ်တော်သတင်းထောက် Chat Group ထဲကနေ မေးပါ။ နိုင်ငံတော်သမ္မတရုံးအနေနဲ့ ရှင်းလင်းရမယ့် ကိစ္စတွေရှိရင် ဒီ Chat Group ကနေ တောင်းဆိုပေးပါ။ တောင်းဆိုပေးရင် အချိန်နဲ့ တစ်ပြေးညီ ရှင်းလင်းဖြေကြားပေးပါ့မယ်။

**“ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့က အတည်ပြုပြီး ရှင်းပြပေးမှာ ဖြစ်ပါတယ်။ အတည်ပြုပေးမှာ ဖြစ်ပါတယ်။ အတည်ပြုပေးမှာ ဖြစ်တဲ့အတွက် အိမ်တော်မှာ မှတ်ပုံတင်ထားတဲ့ သတင်းထောက်တွေ ရှိပါတယ်။ အိမ်တော်သတင်းထောက် စာရင်းဝင်ထားတဲ့သူတွေက တစ်ဆင့်မေးမြန်းပါ။ ဒီလို မေးမြန်းတဲ့ အခါမှာလည်း အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်ရမယ့် ကိစ္စတွေဆိုရင်လည်း အိမ်တော်သတင်းထောက် Chat Group ထဲကနေ မေးပါ။ နိုင်ငံတော်သမ္မတရုံး အနေနဲ့ ရှင်းလင်းရမယ့် ကိစ္စတွေရှိရင် ဒီ Chat Group ကနေ တောင်းဆိုပေးပါ။ တောင်းဆိုပေးရင် အချိန်နဲ့တစ်ပြေးညီ ရှင်းလင်းဖြေကြားပေးပါ့မယ် ”**

**အရေးကြီးကိစ္စအတည်ပြုချက်ယူ**

“နံပါတ်သုံးအချက်က နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ ရုံးတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေက နိုင်ငံရေးအရ ပြည်တွင်းမှာ ဖြစ်စေ၊ နိုင်ငံတကာမှာ ဖြစ်စေ ပတ်သက်ပြီး အကျိုးသက်ရောက်မှု အများကြီး ရှိနေပါတယ်။ အကျိုးသက်ရောက်မှုရှိတဲ့အတွက် သတင်းပေးမှုက မှားသွားပြီး အချိန်နဲ့ တစ်ပြေးညီ ဖြေရှင်းနိုင်မှုမရှိရင် အများကြီးရှုပ်ထွေးမှုတွေ ဖြစ်လာနိုင်တဲ့အတွက် သက်ဆိုင်ရာ သတင်းထောက်တွေက အိမ်တော်နဲ့ ဆက်သွယ်ပါ။ သက်ဆိုင်ရာ သတင်းဌာနတွေကိုလည်း ရှင်းလင်းပြောထားပေးပါ။ အရေးကြီးတဲ့ကိစ္စတွေကိုလည်း အတည်ပြုချက်ယူပေးပါ။ အရေးကြီးလို့ ရှင်းလင်းစရာရှိရင်လည်း ရှင်းလင်းပြောကြားပေးဖို့ ပြောပေးပါ။ ဒါလေးတွေကို အထူးဂရုစိုက်ပေးဖို့ ပြောကြားလိုပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းရာတွင် “နောက်တစ်ခုက မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်ပါ။ ဘိုကလေးမြို့က ဖြစ်စဉ်နဲ့ ပတ်သက်ပြီး တချို့သတင်းမီဒီယာတွေမှာ၊ လူမှုမီဒီယာမှာ သတင်းတက်လာတာ တွေ့ပါတယ်။ ဘိုကလေးမြို့ ငရုတ်ဆီရောင်းတဲ့ အိမ်တစ်အိမ်ကို မူးယစ်ဆေးဝါး ရောင်းချတယ်လို့ တိုင်ကြားတယ်။ တိုင်ကြားတဲ့အခါ သက်ဆိုင်ရာ ရဲတပ်ဖွဲ့က ရှာဖွေတယ်။ ရှာတဲ့အခါ မူးယစ်ဆေးဝါးမတွေ့ဘဲ ကာယကံရှင် မိသားစုနစ်နာရတယ်ဆိုတာလည်း ပါပါတယ်။ အဲဒီဖြစ်စဉ်မှာလည်း သမ္မတရုံးက စာပို့လို့ဆိုပြီး ပြောတာမျိုးတွေရှိပါတယ်။

**မူးယစ်ဆေးဝါးအမှု ထိထိရောက်ရောက် အရေးယူဖို့**

“ဒီဘိုကလေးဖြစ်စဉ်ကို ပြန်ကြည့်တဲ့အခါ ဇူလိုင် ၂ ရက်ကပါ။ သမ္မတဦးစီးရုံးက တိုက်ရိုက်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဘိုကလေးဖြစ်စဉ်က အီးမေးလ်ကနေ တိုက်ရိုက်တိုင်ကြားတာဖြစ်ပါတယ်။ ဒီတိုင်ကြားချက်ကို ပြည်ထဲရေးဝန်ကြီးဌာနကို ဆောင်ရွက်ဖို့ ဇူလိုင်လကတည်းက ပေးပို့လိုက်ပါတယ်။ ပေးထားတဲ့အခါ သွားရောက်ရှာဖွေတာက နိုဝင်ဘာလထဲမှာ သွားရောက်ရှာဖွေတဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စကို ခြုံပြီးသုံးသပ်ရရင် မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး သတင်းပေးတိုင်ကြားရေးဌာန ဖွင့်ရတဲ့အကြောင်းရင်းက ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေတဲ့ မူးယစ်ဆေးဝါးအမှုတွေကို ထိထိရောက်ရောက် အရေးယူနိုင်ဖို့ပါ။ အဆင့်ဆင့်ကွပ်ကဲမှု၊ အမိန့်ပေးမှုအရ ပျောက်ဆုံးသွားတာမျိုးမဖြစ်အောင် တိုက်ရိုက်ဆောင်ရွက်တာ ဖြစ်ပါတယ်။

“ဒီကိစ္စတွေကို နိုင်ငံတော်သမ္မတကြီးရဲ့ အနားမှာရှိတဲ့ အရာရှိကြီးတွေ ကိုယ်တိုင်ဆောင်ရွက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနကို ချပေးတာဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက် ဌာနဖွင့်လှစ်ရခြင်းက လက်ကြီးသမားတွေ၊ အများကြီး ရောင်းဝယ်တဲ့သူတွေကို ဖမ်းဆီးအရေးယူချင်လို့ဖြစ်ပါတယ်။ တကယ်အုံနဲ့ ကျင်းနဲ့ လုပ်နေတဲ့ မူးယစ်ရာဇဝတ်ကြီးတွေကို အရေးယူချင်လို့ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကို ဦးတည်ပြီး mechanism ကို တည်ဆောက်တာ ဖြစ်ပါတယ်။ ဒီအတွက် ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနက Task Force တွေ ဖွဲ့စည်းပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

**ပြည်သူတွေက မှန်ကန်တဲ့ အချက်အလက်တွေပေးပို့**

“ဒီဖြစ်စဉ်ကို ဥပမာကြည့်ပြီးတော့ ဆွေးနွေးစရာတွေ ပေါ်လာပါတယ်။ နံပါတ်တစ်အချက်က သတင်းပေးတိုင်ကြားသူတွေအနေနဲ့ မှန်မှန်ကန်ကန်နဲ့ သမ္မတရုံးကို တိုင်ကြားပေးဖို့ပါ။ တိုင်ကြားတဲ့အခါမှာလည်း ပြည့်ပြည့်စုံစုံ တိုင်ကြားပေးဖို့ပါ။ သတင်းပေးသူရဲ့အချက်အလက်ကို လုံလုံခြုံခြုံ ထိန်းသိမ်းထားဖို့၊ လျှို့ဝှက်ထားဖို့ ပြောပြီးသားဖြစ်ပါတယ်။ အဲဒီအပေါ်မှာ သံသယ မရှိစေလိုပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာနကတောင် ဘယ်သူတိုင်တယ်ဆိုတာ မသိပါဘူး။ ကျွန်တော်တို့ဘက်က ဒီလိုဆောင်ရွက်ထားတဲ့အတွက် တိုင်ကြားတဲ့ ပြည်သူတွေဘက်က မှန်ကန်ထိရောက်တဲ့ အချက်အလက်တွေကို ပေးပို့ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ နံပါတ်နှစ်အချက်က ကြီးမားတဲ့ မူးယစ်အမှုတွေ၊ တော်ရုံတန်ရုံ ဒေသအာဏာပိုင်တွေ မကိုင်ရဲ၊ မထိရဲတဲ့အမှုတွေကို အရေးယူဆောင်ရွက်ပေးချင်တာ ဖြစ်ပါတယ်။ အဲဒီအတွက် ပိုင်ရှင်မဲ့လို၊ ကွင်းဆက်ပြတ်သွားတာမျိုးတွေ မဖြစ်အောင် အလေးထားပြီး လုပ်ချင်ပါတယ်။ ဒါတွေကို အလေးထားတိုင်ကြားပေးဖို့ ပြောချင်ပါတယ်။

**ပြည်သူလူထု ပူးပေါင်းစေချင်**

“နံပါတ်သုံးအချက်က ဒီအပေါ်မှာ သမ္မတရုံးက ခိုင်းလို့ လုပ်တာဆိုတာမျိုးတွေ၊ မီဒီယာမှာလည်း ကျင့်ဝတ်ရှိပါတယ်၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ကျင့်ဝတ်တွေ ရှိပါတယ်။ အလားတူပဲ လက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့လည်း ပြည်သူလူထုနဲ့ ဆက်ဆံရင် ဘယ်လို ဆက်ဆံဆောင်ရွက်ရမယ်ဆိုတာရှိပါတယ်။ အဲဒီအပေါ်မှာ နားလည်မှုမလွဲအောင် အောက်ခြေက ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဆိုလိုတာက လူတစ်ဦးတစ်ယောက်ကို မနာလိုလို့ ပစ်စာသဘောမျိုး တိုင်ကြားတယ်ဆိုရင် ကာယကံရှင်မိသားစုက နစ်နာသွားရင် ပြေပြေလည်လည်ဖြစ်အောင် တောင်းပန်ရမယ်။ အလေးထားရမယ်။ ဒါက ပြည်သူလူထုရဲ့ အခွင့်အရေးပါ။ ဥပဒေနဲ့အညီ ဆိုပေမယ့် မှားနေတယ်ဆိုရင် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့တွေက ပြေပြေလည်လည် ပြောဖို့ လိုပါတယ်။ သမ္မတရုံးက ခိုင်းလို့ လုပ်ရပါတယ်ဆိုပြီး မောက်မောက်မာမာ သွားလုပ်တာမျိုး မဖြစ်စေချင်ဘူး။ အဲဒီအပေါ်မှာ သတင်းအစ ပျောက်သွားမှုလုပ်တာဆိုရင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ ချပေးတာ ဇူလိုင်လက ချပေးတယ်၊ နိုဝင်ဘာလကျမှ လုပ်တာကို တွေ့ရတဲ့အတွက် အဆီအငေါ်မတည့်ဘူး ဖြစ်နေတယ်။ ဒီအပေါ်မှာ မေတ္တာရပ်ခံချင်ပါတယ်။ ပြည်သူလူထုအနေနဲ့ နားလည်ပြီး ပူးပေါင်းပေးစေချင်ပါတယ်။ လုံခြုံရေးအဖွဲ့တွေကလည်း လိုက်နာရမယ့် ကျင့်ဝတ်တွေနဲ့အညီ လိုက်နာဆောင်ရွက်ပေးဖို့ ပြောချင်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးခရီးစဉ်ရေယာဉ် ရေနံချောင်းမြို့သို့ရောက်ရှိ ဒေသခံပြည်သူများ လှိုက်လှဲစွာကြိုဆို

**ရေနံချောင်း နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာမှ ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးခရီးစဉ်ရေယာဉ်ကြီးသည် ယနေ့နံနက် ၁၀ နာရီခွဲက ရေနံချောင်းမြို့ရုံးဆိပ်တောင်ကျေးရွာ ဧရာဝတီမြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ရောက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်အကများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ရေယာဉ်ပေါ်၌ကျင်းပရာ အဆိုပါအဖွဲ့က ငြိမ်းချမ်းရေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ သုံးရောင်ချယ်ပြည်သူ့အကျိုးပြု လူမှုကွန်ရက်မှ ဦးကိုကိုနိုင်က ငြိမ်းချမ်းရေးသင်္ကေတ ချိုးငှက်အကြောင်း ရှင်းလင်းခြင်းနှင့် စာရေးဆရာဇေယျမင်းသျှင်က လူငယ်နှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ ကျောင်းသား ကျောင်းသူများက ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်ပြီး ညပိုင်းတွင် ရေနံချောင်းမြို့ပြည်သူ့အားကစားကွင်း မိုးလုံလေလုံခန်းမ၌ တေးသီချင်းများဖြင့် ဖျော်ဖြေကာ ငြိမ်းချမ်းရေးအတွက် ဆန္ဒပြုလက်မှတ်များ ကောက်ခံကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ဝန်ကြီးဌာနတွေလည်း အများကြီး ကြိုးစားဆောင်ရွက်နေပါတယ်။

အညွှန်းကိန်း ၁၀ ခုမှာ အနည်းဆုံး ငါးခုက တစ်ဝက်အထက်မှာရှိတယ်။ ကျန်တာတော့ ဥပဒေမထွက်သေးတာတွေ၊ ဥပဒေပြင် တာတွေကြောင့် အချိန်နည်းနည်း စောင့်နေရတာဖြစ်ပါတယ်။ ဥပဒေတွေထွက်လာရင် အမှတ်တက်လာမှာတွေရှိပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီးတော့ တကယ်တမ်းအကောင်အထည်ဖော်တဲ့အခါမှာ ပုဂ္ဂလိကဘက်ကလည်း မေးခွန်းတွေလာတဲ့အခါမှာ တစ်ခါတလေ အချိတ်အဆက်မမိတဲ့အခါကျတော့ မေးခွန်းရောက်သွားတဲ့ ပုဂ္ဂလိကကဏ္ဍက ဒါကိုမသိဘူး။ အဲဒီလို မျိုးတွေဖြစ်တော့ ကျွန်မအမြင်မှာတော့ ရမှတ်တို့၊ အညွှန်းကိန်းတို့ဆိုတာက ဒါထက်မက တက်သင့်တယ်လို့မြင်ပါတယ်။

ပြောင်းလဲမှုလုပ်တဲ့ အပိုင်းတွေမှာလည်း ဝန်ကြီးဌာနတွေက ဘာလိုလဲဆိုတော့ တချို့ဌာနတွေမှာ သူတို့ရဲ့စနစ်ရှိပါတယ်။ အဲဒီအညွှန်းကိန်း ၁၀ ခုမှာ ဘယ်အချက်ကတော့ အမှတ်ဘယ်လောက်ဆိုတာတွေရှိတယ်။ ကျွန်မဆိုရင် Getting Credit ပါ။ Credit Bureau ရှိရင် အမှတ်တက်ပါတယ်။ ဒါပေမယ့် Bureau ရှိရုံနဲ့မရဘူး။ Bureau ရှိပြီး ဒါကိုသုံးစွဲသူ Adult Population ရဲ့ ၅ ရာခိုင်နှုန်းရှိရမယ်ဆိုတာမျိုးမှာ ကျွန်မတို့က အခုမှ အကောင်အထည်ဖော်တာဆိုတော့ ဒီ ၅ရာခိုင်နှုန်းက မပြည့်မီတဲ့အတွက် အဲဒီအမှတ်က ကျွန်မတို့က မရဘူး။ အစိုးရရော၊ ပုဂ္ဂလိကရော ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တော့မယ်ဆိုရင် ဒါထက်ကိုစကားပြောဖို့လိုအပ်ပါတယ်။ ဒီလိုလုပ်ရင် ပုဂ္ဂလိကက ဘယ်လောက်ထိအကျိုးရှိသွားမလဲ၊ ဒါကအကျိုးဖြစ်ထွန်းမလား၊ ပုဂ္ဂလိကဘက်ကလည်း ဒီကိစ္စတွေကို ကျယ်ပြန့်စွာသိဖို့လိုအပ်ပါတယ်။

တစ်ခါတလေ မေးခွန်းသွားတဲ့အပိုင်းမျိုးမှာ တချို့သောဌာနဆိုင်ရာတွေက တင်လာတဲ့ ပြုပြင်ပြောင်းလဲမှုအချက်တွေက အညွှန်းကိန်းမှာ အမှတ်ပေးရမယ့် အချက်တွေမဟုတ်ဘူး။ အမှတ်ပေးရမယ့်အချက်တွေလုပ်ထားပေမယ့် သူတို့ကမတင်သွားတော့မရတော့ဘူး။ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်တဲ့နေရာမှာလည်း တစ်ခါတလေမှာ ဘာဖြစ်လဲဆိုတော့ ပုဂ္ဂလိကက မသိဘူး။ မေးခွန်းရောက်တဲ့ ပုဂ္ဂလိကက ဒါကို မသိပါဘူးလို့ဖြေရင် အမှတ်ကလျော့သွားတယ်။ အစိုးရနဲ့ ပုဂ္ဂလိကမှာ တစ်ခုခုပြုပြင်ပြောင်းလဲမှုလုပ်တော့မယ်ဆိုရင် မလုပ်ခင်မှာ အရင်စကားပြောပြီးမှ ပြုပြင်လိုက်ရင် User အနေနဲ့ ဘယ်လောက်ထိ လွယ်သွားမလဲ၊ အကျိုးရှိသွားမလဲ။ ဒါဟာ ထိရောက်တဲ့ ပြုပြင်မှုလားဆိုတာ အရင်ရွေးချယ်ပြုပြင်လိုက်ပြီး User တွေလည်းသိရှိပြီး နားလည်သဘောပေါက်အောင် များများလုပ်နိုင်မယ်ဆိုရင်တော့ရမှတ်တွေလည်း ဒါထက်မက တက်လာမယ်လို့ မြင်ပါတယ်။

**ဦးအောင်နိုင်ဦး။ ။** ဟုတ်ပါတယ်။ ကမ္ဘာ့ဘဏ်က မေးတဲ့အခါမှာ အဓိကအနေနဲ့ ရန်ကုန်မှာရှိနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို သူတို့ရဲ့မေးခွန်းလွှာတွေကို ပို့ပေးပါတယ်။ ပို့ပေးတော့ တချို့က Law Firm တွေဆီကို ပို့တယ်။ တချို့က လုပ်ငန်းရှင်တွေဆီကိုပို့တယ်။ သူတို့က အစိုးရလုပ်ထားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မသိဘူး။ သူတို့မသိတော့ မေးခွန်းလွှာရောက်တဲ့အခါမှာ အရင်ကအဟောင်းတွေကိုပဲ ဖြေလိုက်တယ်။ အစိုးရကပြုပြင်ပြောင်းလဲမှုလုပ်နေပေမယ့် လုပ်ငန်းရှင်တွေက မသိတော့ သူတို့အဖြေက တကယ်လုပ်ထားတဲ့လုပ်ဆောင်ချက်ကို မထင်ဟပ်ဘူး။ အဲဒီလိုဖြစ်စဉ်တွေဖြစ်တယ်။ ဥပမာ မနှစ်ကအစီရင်ခံစာထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းဆိုတဲ့ကဏ္ဍမှာ ဘာတွေကိုအဆင့်ဆင့်အကဲဖြတ်လည်းဆိုရင် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်ကို ဘယ်အချိန်မှ ထုတ်ပေးလဲဆိုတော့ လာပြီး မှတ်ပုံတင်တဲ့ လုပ်ငန်းရှင်က ကုမ္ပဏီနာမည်နဲ့ဘဏ်အကောင့်ဖွင့်ပြီးတော့မှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ထုတ်ပေးတယ်ဆိုပြီး အကဲဖြတ်တာမှာ အဆင့်ဆင့်တွေပါနေတယ်။ တကယ်တော့ ဒီစနစ်ကြီးကမရှိတော့ဘူး။

၂၀၁၄ ခုနှစ်ကတည်းက ဒါကြီးကိုဖျက်ပြီးပြီ။ အစိုးရနဲ့ ပုဂ္ဂလိက၊ တစ်နည်းအားဖြင့် ဝန်ဆောင်မှုပေးတဲ့သူတွေနဲ့ ဝန်ဆောင်မှုကိုသုံးစွဲတဲ့သူတွေ ပိုပြီးတော့ နီးနီးကပ်ကပ်လုပ်ဖို့ လိုအပ်ပါတယ်။

**ကျော်သူထက်၊ မျိုးသူဟိန်း၊**
**ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

# အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖိလစ်ပိုင်သို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီအစည်းအဝေး SEA Games နှင့် Federation Council Meeting ကို နိုဝင်ဘာ ၂၄ ရက်၌ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါအစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သည့် 29th SEA Games အစီရင်ခံစာအား တင်သွင်းခြင်း၊ အမျိုးသမီးအားကစားကော်မတီ၊ ဆေးဘက်ဆိုင်ရာကော်မတီ၊ ပြိုင်ပွဲကျင်းပရေး အားကစားစည်းမျဉ်းဆိုင်ရာ ကော်မတီတို့မှလည်း ကျင်းပပြီးစီးမှုအစီရင်ခံစာများ တင်သွင်းသွားမည်ဖြစ်ပြီး 30th SEA Games ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (Phi Sgoc) မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကာ SEAGF Charter New Format များအား တင်ပြသွားမည်ဖြစ်ကြောင်းနှင့် 30th SEA Games ၌ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများကို သတ်မှတ်မည့်အစီအစဉ်များ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

**ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်အား ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေနတ်ပစ်အဖွဲ့ ကွမ်ကျိုးမြို့တွင် ကျင်းပသော သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်




**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း ဦးဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သေနတ်ပစ်အဖွဲ့သည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် ကျင်းပခဲ့သည့် The 2nd USIP World Police Service Pistol Shooting Championship (2018) သို့ သွားရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့သို့ သွားရောက်ခဲ့သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲသည် ကမ္ဘာ့အဆင့် နိုင်ငံတကာရဲတပ်ဖွဲ့ ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီတွင် ကွမ်ကျိုးမြို့ ရဲလေ့ကျင့်ရေးဗဟိုဌာန သေနတ်ပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပခဲ့ရာ တရုတ်ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Wang Xiaohong က ဖွင့်လှစ်ပေးခဲ့သည်။

သေနတ်ပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံနှင့် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် USIP အဖွဲ့ဝင် ၄၂ နိုင်ငံ၊ အဖွဲ့ဝင်မဟုတ်သော ဖိတ်ခေါ်နိုင်ငံ ၂၇ နိုင်ငံ စုစုပေါင်း ၆၉ နိုင်ငံမှ ရဲတပ်ဖွဲ့ဝင် သေနတ်ပစ်အားကစားသမား ၂၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။

ပြိုင်ပွဲ၌ ပစ္စတို ပစ်ခတ်စဉ် ၁၀ မျိုး ပစ်ခတ်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သေနတ်ပစ်အဖွဲ့မှ အဖွဲ့ဝင်မဟုတ်သောနိုင်ငံ ဖိတ်ခေါ်နှစ်ယောက်တွဲပြိုင်ပွဲ၌ အဆင့် ၆၊ တစ်ဦးချင်းပြိုင်ပွဲ၌ အဆင့် ၉ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

ပွဲကြီးပွဲကောင်းဖြစ်သလို ကစားသမားတွေအတွက်လည်း အကောင်းဆုံးစိတ်ခွန်အားမြှင့်တင်ပေးခြင်း ဖြစ်ပါတယ်။ မြန်မာအသင်းဟာ လက်ရှိအုပ်စုမှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့ အသင်းကောင်းတစ်သင်းပါ။ ကစားပုံကျစ်လျစ်ပြီးတော့ တန်ပြန်တိုက်စစ်နဲ့ မြန်မြန်ကစားတတ်တယ်။ တစ်ဦးချင်းလည်း အရည်အချင်းရှိတဲ့ ကစားသမားတွေနဲ့ ဖွဲ့စည်းထားလို့ ကျွန်တော်တို့အတွက် ခက်ခဲပါမယ်။ ကျွန်တော်တို့ လိုအပ်နေတဲ့ အနိုင်သုံးမှတ် ရယူနိုင်မယ်လို့လည်း ယုံကြည်ထားပါတယ်” ဟု ပြောကြားသည်။

မလေးရှားနှင့် မြန်မာအသင်းသည် နိုဝင်ဘာ ၂၄ ရက် (**ယနေ့**) မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲမတိုင်မီ မြန်မာအသင်းက ခုနစ်မှတ်၊ မလေးရှားအသင်းက ခြောက်မှတ်ရထားပြီး မြန်မာအသင်းအနေဖြင့် အနိမ့်ဆုံးသရေတစ်မှတ်ရရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည် ဖြစ်သည်။ **ညီမြတ်သော်တာ**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် တစ်ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် သုံးဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့နှင့် တီးတိန်မြို့တို့တွင် ခြောက်ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ခုနစ်ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**




**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် နိုဝင်ဘာ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာ့တိုက်ကြီးများရှိ အားကစားသမားများဖိုရမ်သို့ တက်ရောက်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်အမှုဆောင် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်အမှုဆောင် ဦးသိန်းဇော်တို့ကို နိုဝင်ဘာ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။** ဗလစိုး

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

● ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီ (၂၇ နှစ်) သည် ချယ်လ်ဆီးအသင်းနှင့်အတူ ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၂၇ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီသည် ၂၀၁၆ ခုနှစ်တွင် လက်စတာစီးတီးအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ် ၈၁ ပွဲတွင် သုံးဂိုးသွင်းယူထားပြီး ချယ်လ်ဆီးအသင်းသို့ ရောက်ရှိသည့်နှစ်မှာပင် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။

● လီဗာပူးအသင်းမှ ဆီနီဂေါ်တိုက်စစ်ကစားသမား မာနေးသည် လီဗာပူးအသင်းနှင့်အတူ နှစ်ရှည်စာချုပ်ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် ၂၆ နှစ်အရွယ် အဆိုပါတိုက်စစ်ကစားသမားသည် ၂၀၁၆ ခုနှစ် ဇွန်လတွင် ဆောက်သမ်တန်အသင်းမှ ပေါင် ၃၄ သန်းဖြင့် လီဗာပူးအသင်းထံသို့ ရောက်ရှိလာပြီးနောက်ပိုင်း လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၈၉ ပွဲပါဝင်ကစားထားကာ ဂိုး ၄၀ သွင်းယူထားနိုင်ကြောင်းလည်း သိရသည်။


● ဖူလ်ဟမ်အသင်းသည် ပြိုင်ပွဲစုံ ခုနစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ပြီး တန်းစီဇယား၏ အောက်ခြေသို့ရောက်ရှိနေသောကြောင့် အသက် ၆၇ နှစ်အရွယ် ရာနီရေရီကို ဂျိုကာနိုဗစ်၏ နေရာတွင် ယခုလအစောပိုင်းက အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဖူလ်ဟမ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၂ ပွဲကစားထားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် ကိုးပွဲရှုံးနိမ့်ထားသည်အထိ ရလဒ်များဆိုးရွားနေကြောင်းလည်း သိရသည်။

● ဂျူဗင်တပ်စ်အသင်းသည် ဝုဖ်အသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ရူဗင် နီဗက်စ် (၂၁ နှစ်) ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စဉ်းစားနေကြောင်း အီတလီဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

● မန်ယူအသင်းမှ အသက် ၂၁ နှစ်အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား မားကပ်စ်ရပ်ရှ်ဖို့ဒ်သည် အိုးထရက်ဖို့ဒ်၌ ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေပါက ရီးရဲမက်ဒရစ်အသင်းနှင့် ချိတ်ဆက်ရန် အဆင်သင့်ရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။

● မန်ယူအသင်းသည် တနင်္ဂနွေနေ့တွင် ကစားမည့် ဘိုလော့ဂ်နာနှင့် ဖီအိုရင်တီးနားတို့ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းမှ အသက် ၂၁ နှစ်အရွယ် ဆားဘီးယားနောက်ခံကစားသမား မီလန်ကိုဗစ်၏ အခြေအနေကို စောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်ထားကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။

● ဘာရာဇီး ဘယ်နောက်ခံကစားသမား ဆန်ဒရို (၂၇ နှစ်) သည် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**



# မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင် လှည့်ကင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရုံချောင်းကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Gorijonbuniya ကင်းစခန်းမှ Naib Subedar Md.Sultan Abdul Hakim ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၀) မှ (၄၁) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ယင်းနေ့က မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ရဲမှူး အောင်ဆွေဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Panchari ကင်းစခန်းမှ Naib Subedar Md. Salim Uddin ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၅၁)မှ (၅၁/၅) အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က မောင်တောမြို့နယ်မြေ(၆) အမှတ်(၄)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ပြင်ဖြူနယ်မြေရုံးမှ ယာယီရဲမှူး မြင့်ဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၅)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Md. Ibrahim Hossain ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် ကညင်ချောင်းချောင်းဝအနီး နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၅)မှ မင်္ဂလာကြီးချောင်းဝအနီး ရေမိုင်အမှတ်(၈) အထိ နတ်မြစ်ကြောင်းအတိုင်း နှစ်ဖက်ညှိနှိုင်း ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၅) ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူစစ်ဆေးရေးအဖွဲ့ ကျောက်စိမ်းဖြတ်စနှင့် အင်ကြင်းကျောက်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၀၂၂ သန်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၇ သန်း စုစုပေါင်း တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၃၉ သန်းကို ဖမ်းဆီးရမိ ခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Brevis ယာဉ်တစ်စီး၏ နောက်ဖုံးအတွင်း ထည့်သွင်းသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၆၀ ကီလိုဂရမ်၊ အင်ကြင်းကျောက် ၂၀၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၁-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - Weekly Sport Info
၉း၃၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့)
၁၁း၁၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "တန်ဖိုးမြင့်ထုတ်ကုန် ကြယ်ပဲ"
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၂၆)
၁၄း၀၀ - ဟိုတုန်းက... ကက်ဆက်ဇာတ်လမ်းများ "မောင့်ဘဝပန်းခရေ" ဝေယံမင်း၊ ခိုင်သဇင်၊ A-3 ဒါရိုက်တာ- သီတာလင်း

**ညပိုင်း**

၁၆း၃၅ - "အမျိုးသမီးများ ဘဝတစ်လျှောက်ကြုံတွေ့နေရသော အကြမ်းဖက်မှုများ" (CEDAW ဆိုတာ ဘာလဲ) (အပိုင်း-၁)
၁၇း၀၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၅ - NHK Programme (ရေညှိပင်များကို လေ့လာခြင်း) (ရေညှိပင်တွေ ဘယ်လိုပွားလာလဲ)
၁၈း၃၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း- ၄၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "မြန်မာ့ဂုဏ်ဆောင် ရှားပါးလင်းပိုင်များ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း- ၁၀)
- ဂီတသမား၊ ဂီတစကား "တန်ဆောင်မာသ တေးအလှ" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

# သမီးဖြစ်သူ တရုတ်နိုင်ငံတွင်ရောင်းစားခံရ၍ ခေါ်ဆောင်သွားခဲ့သူများကို မိခင်က အမှုဖွင့်

**မကွေး နိုဝင်ဘာ ၂၃**

မကွေးမြို့အောင်မေတ္တာ(ဃ) ရပ်ကွက်နေ အသက် ၂၀ နှစ် အရွယ် မိန်းကလေးတစ်ဦးမှာ တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ် ရောင်းစားခံလိုက်ရကြောင်း မိခင်နှင့် ဖုန်းအဆက်အသွယ်ရခဲ့သည့်အတွက် ခေါ်ဆောင်သွားသူများကို မိခင်ဖြစ်သူက မကွေးနယ်မြေရဲစခန်းတွင် နိုဝင်ဘာ ၂၁ ရက် ညပိုင်းက အမှုဖွင့်လိုက်ကြောင်း သိရသည်။

နယ်မြေရဲစခန်းတာဝန်ရှိသူများက စွပ်စွဲခံရသူများကို ညတွင်းချင်း ခေါ်ယူစစ်ဆေးခဲ့ပြီး မကွေးမြို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့စိတ်က ရောင်းစားခံရသည်ဆိုသော မိန်းကလေးကို ပြန်လည်ကယ်တင်နိုင်ရန် တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

"လူကုန်ကူးခံရပြီး တရုတ်မှာ ရောက်နေတဲ့ ကောင်မလေးက သူ့ကို လာကယ်ပေးဖို့ သူ့အမေဆီကို ဖုန်းဆက်တယ်။ အဲဒီလို ဖုန်းဆက်ပြီး ပြောတာကို Record လုပ်ထားပြီး လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကို တိုင်တန်းခဲ့တာပါ။ လူကုန်ကူးတယ်လို့ သံသယရှိသူ လင်မယားနှစ်ယောက်ကို ညတွင်းချင်းပဲ ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ဆေးဆောင်ရွက် လျက်ရှိပါတယ်" ဟု အမှုစစ် ဒုတိယရဲအုပ် မျိုးကိုကိုစိမ်းက ပြောသည်။

တရုတ်မယားအဖြစ် ရောင်းစားခံရသူမှာ နှစ်ကြိမ်ခန့်ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း မသွားလာတတ်သဖြင့် ပြန်လည်ဖမ်းဆီးခံခဲ့ရပြီး တရုတ်အမျိုးသားနှင့် မင်္ဂလာဆောင်ပေးရန် စီစဉ်နေကြပြီဖြစ်၍ အမြန်လာကယ်ပေးပါရန် မိခင်ထံ ဖုန်းဖြင့် ဆက်သွယ်ပြောပြခဲ့ကြောင်း၊ အိမ်နီးချင်းတစ်ဦးမှတစ်ဆင့် မကွေးဒေသခံ သတင်းထောက်များထံ ဆက်သွယ် အကူအညီတောင်းခံကာ အမှုဖွင့်လုစ်ရခြင်းဖြစ်ကြောင်း မိခင်ဖြစ်သူက ပြောသည်။

သမီးဖြစ်သူသည် မိခင်ကို အသိမပေးဘဲ လွန်ခဲ့သော လေးလကျော်ခန့်က နေအိမ်မှ ထွက်သွားခဲ့ပြီးနောက် ၁၀ ရက်ခန့်အကြာတွင် တစ်ရပ်ကွက်တည်းနေ လင်မယားနှစ်ဦးက နေအိမ်သို့ ငွေကျပ် ၂၈ သိန်းလာပေးပြီး သမီးဖြစ်သူမှာ မူဆယ်စက်ရုံဝင်းအတွင်း ရောက်ရှိအလုပ်လုပ်နေကြောင်း ပြောဆိုကာ ငွေပေးအပ်ပုံကို ဖုန်းဖြင့် ဗီဒီယိုမှတ်တမ်းရိုက်ယူသွားကြောင်း၊ ကြားကာလတွင် သမီးနှင့် ဖုန်းအဆက်အသွယ်ရခဲ့သော်လည်း အဆင်ပြေသည်ဟုသာသိရပြီး မကြာမီရက်ပိုင်းကမှ ရောင်းစားခံရကြောင်း သိရှိရ၍ အမှုဖွင့်ရခြင်းဖြစ်ကြောင်း လူကုန်ကူးခံရသူ၏ မိခင်ဖြစ်သူထံမှ သိရသည်။

တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သည်ဟု စွပ်စွဲခံရသူနှစ်ဦးကို မကွေးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ဇေယျာတု(မကွေး)**

# ရသေ့တောင်မြို့၌ ခရီးသည်တင်သင်္ဘော တိုက်မိ၍ ဟွန်ဒါစက်လှေများ နစ်မြုပ်ပျက်စီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရသေ့တောင်မြို့ ဆိပ်ကမ်း၌ ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ စစ်တွေမြို့လမ်းမတော်မြောက်ရပ်ကွက်နေ ရေယာဉ်အုပ် ဦးကျော်ဝင်းနိုင် မောင်းနှင်သော ပြည်တွင်းရေကြောင်း ဦးစီးဌာနပိုင် အောင်တံခွန်-၇ ခရီးသည်တင်သင်္ဘောသည် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ရေယာဉ်ဝန်ထမ်း ၁၁ ဦး၊ ခရီးသည် ၂၅ ဦးနှင့် ကုန်ချိန် ၀ ဒသမ ၅ တန်ခန့် တင်ဆောင် ဆိုက်ကပ်ခဲ့ပြီး စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာရန် သင်္ဘောကိုလှည့်စဉ် သင်္ဘောဆိပ်ခံတံတားနှင့် ဆိပ်ကမ်းရှိ ရသေ့တောင် - ဆင်ခုန်းတိုင် ပြေးဆွဲသည့် လိုင်းစက်လှေတစ်စင်း၊ ဦးသန်းထွန်း သစ်ကတိုးကျေးရွာ ရသေ့တောင်မြို့နယ်နေသူ၏ ဟွန်ဒါ စက်လှေပါ လေးစင်း (နစ်မြုပ် နှစ်စင်း၊ ပျက်စီး နှစ်စင်း)တို့ကို တိုက်မိခဲ့ကာ စက်လှေချည်ရန် စိုက်ထူထားသော ကွန်ကရစ်တိုင် တစ်တိုင် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၆ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

သို့ဖြစ်၍ ဦးကျော်ဝင်းနိုင်အား ရသေ့တောင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာပေါင်းမြို့နယ် တောင်ထန်းချောင်းဖျားတွင် ဆင်သေအရိုးစုကိုတွေ့ရှိပြီး ဆင်သတ်မုဆိုးများကို ဖော်ထုတ်ဖမ်းဆီးရမိ

**သာပေါင်း နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျွန်းလျားကြီးအုပ်စု တောင်ထန်းချောင်းဖျားတောတွင်း၌ နိုဝင်ဘာ ၂၂ ရက်က ဆင်သေပုပ် တစ်ကောင်တွေ့ရှိရကြောင်း သတင်းအရ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန် ဒေါက်တာ လင်းလင်းထွန်း၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးတင့်နှင့် ဝန်ထမ်းများ၊ သာပေါင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး မြင့်လွင် ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့သည်။



ယင်းသို့ စစ်ဆေးရာတွင် အသားများပွ၍ အရိုးကျနေသော ဆင်သေတစ်ကောင်ဖြစ်ပြီး ဆင်မှာ အသက် ၂၅ နှစ်ခန့်၊ အရပ်အမြင့် ခုနစ်ပေခွဲ၊ အလျား ကိုးပေခန့်ရှိ ဟိုင်းဆင် အမျိုးအစား ဆင်တစ်ကောင်ဖြစ်ကာ လွန်ခဲ့သော တစ်လခွဲခန့်က သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့နှင့် လိုက်ပါလာသော ဆင်ဆရာဝန်၏ ပြောပြချက်အရ သိရသည်။

တရားမဝင် ဆင်သတ်မုဆိုးများကို ဖမ်းဆီးရမိရေးအတွက် ပူးပေါင်းအဖွဲ့သည် ဝါးယားကျေးရွာ တောင်ထန်းချောင်းတစ်လျှောက် လိုက်လံစုံစမ်းခဲ့ရာ မီးသွေးဖုတ်နေသော စောသိန်းဟန်(ခ)ကရင်လေး(ခ)သိန်းဟန်(၃၅ နှစ်)၊ ကျော်ဝင်းလှိုင် (၄၅ နှစ်) ထောက်ကြန့်ကွင်းကျေးရွာနေသူတို့ နှစ်ဦးကို မသင်္ကာသဖြင့် သာပေါင်းမြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ သိန်းအောင် (၅၈ နှစ်) အမှတ် (၁) ရပ်ကွက် အောင်ဇေယျလမ်း သာပေါင်းမြို့၊ ငမဲ(ခ) သန်းထွန်းအောင် (၃၄ နှစ်) တောင်ထန်းကျေးရွာ၊ နေမင်းထွန်း (၄၅ နှစ်) ပဒါကျေးရွာ တောင်ကုတ်မြို့နေသူတို့ကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ ၎င်းတို့က ဆင်သတ်ဖြတ်ခဲ့ပြီး အရေခွံခွာခဲ့သော နေရာများကို လိုက်လံပြသခဲ့သည်။

ဆင်သတ်မုဆိုးများအသုံးပြုခဲ့သော ယမ်းမှုန့် လက်နှစ်လုံးခန့်ထည့်ထားသည့် ရေသန့်ဘူးတစ်ဘူး၊ ယမ်းမှုန့်များ ထည့်ထားသော ပလတ်စတစ်ပုလင်းနှစ်လုံး၊ စတီးဓား တစ်ချောင်း၊ ဓားမ သုံးချောင်း၊ သံဘောစေ့များထည့်ထားသည့် ပလတ်စတစ်ဘူးတစ်ခုနှင့် အခြားသော ဆင်သတ်အရေခွံခွာရာ၌ အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့်အတွက် သာပေါင်းမြို့မရဲစခန်းတွင် ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောက်ရှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းလွင်**

ဒေါ်နန္ဒာဝင်း ဦးစီးသော
Amazing Land Travels & Tours
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ရက်)(၁၂ရက်)(၁၅ရက်)ခရီးစဉ်ရက်များကို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီးဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဒီဇင်ဘာ(၁၀) ဖေဖော်ဝါရီ(၄)
ဒီဇင်ဘာ(၂၀) ဖေဖော်ဝါရီ(၁၈)
ဇန်နဝါရီ(၇) မတ်(၄)၊မတ်(၁၈)
ဇန်နဝါရီ(၂၀) ဧပြီ(၁)/(၁၂)(သင်္ကြန်ပိတ်ရက်)
အမှတ် (၁၇-အေ)၊ အခန်း (၂-အေ)၊ ဒုတိယထပ်၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၂၃၀၄၂၂၅၊ ၀၉-၅၅၀၀၀၁၃၀၊ ၀၉-၃၃၃၆၄၇၇၇
၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၅၀၂၆၂၅၈၊ ၀၉-၂၅၄၀၄၂၈၀၁၊

အဆင့်မြင့် ၃ ထပ်
လုံးချင်းတိုက်ငှားမည်
၄-ခ/၁ ပါရမီလမ်းပေါ်
(BUSမှတ်တိုင်များနှင့်နီး)
ရုံးခန်း/NGO.တို့ကောင်း
ဖုန်း-၀၉-၅၁၂၁၇၆၅၊
၀၉-၇၃၀၅၄၇၇၅၊
၀၉-၉၇၇၉၁၇၉၇၇

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

ရွှေပန်းတောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက(စာနယ်ဇင်း)၀၁/၀၂၁၃
အကြောပြေ မျက်စိကြည်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-007525(0620)
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်၊ ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊အဖျားကွက်အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၃၇၆၈၀၈၊၅၄၉၀၄၂၊၀၉-၄၅၁၀၀၈၉၉၇၊၀၉-၈၅၉၈၄၅၃

# ကရာချိရှိ တရုတ်ကောင်စစ်ဝန်ရုံးတွင် သေနတ်သမား ပစ်ခတ်မှုကြောင့် ရဲနှစ်ဦးသေဆုံး

ကရာချိ နိုဝင်ဘာ ၂၃

**ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးတွင် သောကြာနေ့က သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ရဲနှစ်ဦးသေဆုံးခဲ့ကြောင်း ခွဲထွက်ရေးအုပ်စုများ၏ လက်ချက်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။**


ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးရှေ့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

အဆိုပါတိုက်ခိုက်မှုပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက တရုတ်နိုင်ငံသားများ အများစုနေထိုင်ရာနေရာများနှင့် တရုတ်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေသော စီမံကိန်း လုပ်ငန်းခွင်နေရာများ၌ လုံခြုံရေးအတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း ပါကစ္စတန် အာဏာပိုင်များက ပြောသည်။

ကရာချိမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံးအတွင်းသို့ သေနတ်သမားအချို့က ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသော်လည်း လုံခြုံရေးစစ်ဆေးမှုခံယူသည့်နေရာရှိ ရဲများက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဒေသခံရဲအရာရှိတစ်ဦးဖြစ်သူ ဂျာဗစ်အလံအော့ဒ်ဟိုက ပြောသည်။

အပြန်အလှန်သေနတ်ပစ်ခတ်မှုများကြောင့် ရဲအရာရှိနှစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦးမှာလည်း အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ နောက်ဆုံးဝင်ရောက်လာသည့် တိုက်ခိုက်ရေးသမားမှာ အသေခံဗုံးခွဲအင်္ကျီကို ဝတ်ဆင်ထားခဲ့ပြီး ဖောက်ခွဲမှုမပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ အကြမ်းဖက်သမား သုံးဦးစလုံးကို နှိမ်နင်းပြီးဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက အစ္စလာမ္မာဘတ်တွင် သတင်းထောက်များကို ပြောသည်။

တရုတ်ကောင်စစ်ဝန်ရုံးအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သောအကြမ်းဖက်သမားများအားလုံး သေဆုံးသွားကြောင်း၊ ရဲများက လုံခြုံရေးအခြေအနေကို ထိန်းချုပ်ထားပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားအားလုံး လုံခြုံစိတ်ချရကြောင်း၊ လုံခြုံရေးအခြေအနေအားလုံးထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါတိုက်ခိုက်မှုမှာ ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်မှ ခွဲထွက်ရေးစစ်သွေးကြွများ၏ လက်ချက်ဖြစ်ပြီး ယင်းဒေသမှာ တရုတ်နိုင်ငံက အဓိက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားရာနေရာလည်း ဖြစ်သည်။ **အေအက်ဖ်ပီ**

# အီးယူမှ ဗြိတိန်ခွဲထွက်ရေး ခက်ခက်ခဲခဲနှင့် သဘောတူညီချက်ရရှိ

**လန်ဒန် နိုဝင်ဘာ ၂၃**


ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် ဥရောပသမဂ္ဂအဖွဲ့ဥက္ကဋ္ဌ ဂျင်ကလောဒီဂျန်ကာ။

အီးယူမှ ဗြိတိန်ခွဲထွက်ရေး စနစ်တကျ ချောချောမွေ့မွေ့ဖြစ်စေမည့် နိုင်ငံရေးဆိုင်ရာ ကြေညာချက်မူကြမ်းတစ်ခုကို အီးယူနှင့် ညလုံးပေါက် ပြောဆိုဆွေးနွေးအပြီးတွင် သဘောတူညီချက်ရရှိခဲ့ကြောင်း ဗြိတိန်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

အဆိုပါ သဘောတူညီချက်ကို လာမည့်တနင်္ဂနွေနေ့တွင် အီးယူခေါင်းဆောင်များက အတည်ပြုလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ယမန်နေ့တွင် ပြောကြားလိုက်သည်။

အီးယူမှ ဗြိတိန်ထွက်ခွာရေးဆန္ဒမဲပေးခဲ့ကြသည့် ဗြိတိန်ပြည်သူများ၏ သဘောထားကို ယခုရရှိခဲ့သည့် သဘောတူညီချက်က ဖော်ဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ဗြိတိန်၏နယ်စပ်များကို ပြန်လည်ထိန်းချုပ်လာမည်ဖြစ်ပြီး မိမိတို့၏ဥပဒေများနှင့် ငွေကြေးများကိုလည်း ပြန်လည်ထိန်းချုပ်လာနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် အလုပ်အကိုင်၊ လုံခြုံရေးနှင့် ဗြိတိန်နိုင်ငံ၏ ဂုဏ်သိက္ခာများကိုလည်း အကာအကွယ်ပြန်ပေးလာနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ထရီဆာမေက အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ် အိမ်တော်ရှေ့၌ ပြောကြားခဲ့သည်။

အီးယူမှ ဗြိတိန်ထွက်ခွာရေးနှင့် ပတ်သက်ပြီး လွှတ်တော်အတွင်းတွင်လည်း သဘောတူညီချက်ရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗြိတိန်ပြည်သူများက အီးယူမှ ဗြိတိန်ခွဲထွက်ရေးကိစ္စတွင် ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် ပြည့်စုံကောင်းမွန်သည့် သဘောတူညီချက်တစ်ခု ရချင်နေခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## စက်ရုံလုပ်သားများ ကင်ဆာဖြစ်စေသည့်အတွက် ဆမ်ဆောင်း အီလက်ထရွန်နစ်မှ တောင်းပန်

**ဆိုးလ် နိုဝင်ဘာ ၂၃**

ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီမှ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် စက်ရုံလုပ်သားများ ကင်ဆာရောဂါဖြစ်ပွားစေသည့်အတွက် လုပ်သားတစ်ဦးချင်းစီကို လျော်ကြေးအဖြစ် ဝမ်သန်း ၁၅၀ ပေးဆောင်သွားရန်ရှိကြောင်း သိရသည်။ ဆမ်ဆောင်း စက်ရုံအချို့တွင် အလုပ်လုပ်ကိုင်ရင်း ကင်ဆာရောဂါဖြစ်ပွားခဲ့သည့် အလုပ်သမားများကို ကုမ္ပဏီမှ သောကြာနေ့တွင် တောင်းပန်မှုပြုလုပ်ခဲ့သည်။ ဆမ်ဆောင်းကုမ္ပဏီမှ တွဲဖက်ဥက္ကဋ္ဌ ကင်ကီနမ်က စက်ရုံတွင်အလုပ်လုပ်ကိုင်ရင်း ရောဂါဖြစ်ပွားခဲ့ရသည့် အလုပ်သမားများနှင့် ထိခိုက်ခံစားခဲ့ရသည့် မိသားစုများအတွက် တောင်းပန်ကြောင်း ပြောကြားခဲ့သည်။

LCD စက်ရုံများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် စီမံခန့်ခွဲမှုမှာ ညံ့ဖျင်းခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဆမ်ဆောင်းအီလက်ထရွန်နစ်သည် ကမ္ဘာပေါ်တွင်အကြီးဆုံး မိုဘိုင်းဖုန်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်ပြီး ဆမ်ဆောင်းအုပ်စု လက်အောက်ခံကုမ္ပဏီလည်း ဖြစ်သည်။ ကုမ္ပဏီမှ လူပေါင်း ၂၄၀ ခန့်မှာ အလုပ်နှင့်ဆက်စပ်မှုရှိသည့် ရောဂါဝေဒနာများကြောင့် ဖျားနာခြင်းများဖြစ်ပွားခဲ့ပြီး အမျိုးသမီးငယ်များအပါအဝင် လူပေါင်း ၈၀ ခန့်မှာ အသက်သေဆုံးခဲ့ရကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ကြေညာခဲ့သော ထုတ်ပြန်ချက်အရ ဆမ်ဆောင်းအီလက်ထရွန်နစ်မှ ထိခိုက်နစ်နာခဲ့ရသော စက်ရုံအလုပ်သမားများကို ဝမ်သန်း ၁၅၀ လျော်ကြေးပေးမည်ဟု သိရသည်။ စက်ရုံတွင် အလုပ်လုပ်ကိုင်သော အလုပ်သမားများသာမက ၎င်းတို့မှ မွေးဖွားလာသော ကလေးများ၌ပင် မွေးရာပါရောဂါများ ပါလာခြင်း၊ သားပျက်သားလျှောဖြစ်ရခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားရခြင်းတို့ ထိခိုက်ခံစားခဲ့ရသည်။ ယခုကဲ့သို့ ကုမ္ပဏီကို တောင်းဆိုမှုများမှာ ၂၀၀၇ ခုနှစ်ကစတင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ ဆူဝမ်မှ စက်ရုံလုပ်သားဟောင်းများနှင့်၎င်းတို့၏ မိသားစုဝင်များက လုပ်သားဟောင်းများမှာ အမျိုးမျိုးသော ကင်ဆာရောဂါကြောင့် သေဆုံးခဲ့ရကြောင်း ပြောကြားခဲ့ကြသည်။ **အေအက်ဖ်ပီ**

# အမေရိကန်ရေတပ်သင်္ဘောစုကို ဟောင်ကောင်၌ ဆိုက်ကပ်ခွင့်ပြု

**ဟောင်ကောင် နိုဝင်ဘာ ၂၃**

လေယာဉ်တင်သင်္ဘောကြီးတစ်စင်း အပါအဝင် အမေရိကန်ရေတပ်သင်္ဘောစုတစ်စုကို တရုတ်အစိုးရက ဟောင်ကောင်၌ မကြာသေးမီက ဆိုက်ကပ်ခွင့်ပြုခဲ့ကြောင်း နိုင်ငံသတင်းများတွင် ဖော်ပြခဲ့သည်။ အမေရိကန် - တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ လုံခြုံရေးတင်းမာနေချိန်တွင် တရုတ်ဘက်က ယခုကဲ့သို့ ခွင့်ပြုလိုက်ခြင်းသည် နှစ်နိုင်ငံပြန်လည်သင့်မြတ်ရေးအတွက် မီးစိမ်းပြလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့သည်။ အမေရိကန်ရေတပ်သင်္ဘောစုတွင် အမေရိကန် လေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ် ရော်နယ်ရေဂင်နှင့် ဖျက်သင်္ဘောနှစ်စင်း၊ ပဲ့ထိန်းဒုံးကျည်တင် သင်္ဘောတစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။

မကြာသေးမီက ပြီးဆုံးခဲ့သည့် စင်ကာပူနှင့်ပါပူဝါနယူးဂီနီတို့တွင် ကျင်းပခဲ့သည့် အာဆီယံနှင့် အေပက်အစည်းအဝေးများတွင် နှစ်ဖက်တင်းမာမှုများရှိခဲ့သော်ငြားလည်း ယခုကဲ့သို့ အမေရိကန်ရေတပ်သင်္ဘောစုကို ဟောင်ကောင်ဆိပ်ကမ်း၌ ဆိုက်ကပ်ခွင့်ပေးခဲ့ခြင်းသည် အံ့သြစရာဖြစ်ကြောင်း ဟာဝိုင်ယီအခြေစိုက် ပစိဖိတ် ဖိုရမ်လေ့လာရေးအမှုဆောင် ဒါရိုက်တာ ကားလ်ဘက်ကာက ပြောသည်။

ယခုဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀ (ဂျီ-၂၀ ) အစည်းအဝေးမတိုင်မီ တရုတ်က အမေရိကန်သို့ အပြုသဘောဆောင် လက္ခဏာပြသလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ကားလ်ဘက်ကာက နှစ်နိုင်ငံကုန်သွယ်ရေးအငြင်းပွားမှုကို ပြေလည်စေချင်သည့် သဘောကို တရုတ်ဘက်က ပြသချင်သည့် သဘောများလားဟု သုံးသပ်ခဲ့သည်။ တောင်တရုတ်ပင်လယ်တွင် အမေရိကန်ဖြတ်သန်းသွားလာခွင့်ရှိမလား သို့မဟုတ် တရုတ်ဘက်က မည်သို့တုံ့ပြန်မှုများ ပြုလုပ်မည်ဆိုပြီး စဉ်းစားရခက်နေသည့်အချိန်တွင် တရုတ်က ယခုလို အမေရိကန်ရေတပ်သင်္ဘောစုကို ဟောင်ကောင်တွင် ဆိုက်ကပ်ခွင့်ပြုလိုက်ခြင်းက အကယ်၍ အမေရိကန်ကသာ ကုန်သွယ်ရေးကိစ္စပြေလည်ချင်ကြောင်း အချက်ပြလျှင် တရုတ်ဘက်ကလည်း အဆင်သင့်ဖြစ်နိုင်စရာရှိကြောင်းကို ဖော်ပြသည့် သဘောပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**


အမေရိကန် စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် ပူတင်နှင့် မိုဟာမက်တို့ တွေ့ဆုံမည်

**မော်စကို နိုဝင်ဘာ ၂၃**

အာဂျင်တီးနားနိုင်ငံတွင် ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်နှင့် ဆော်ဒီ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်မှ မကြာသေးမီက သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံချိန်တွင် အတက်အကျမတည်ငြိမ်သော ရေနံဈေးနှုန်းနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခြေရှိ မရှိကိုမူ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ပြောခဲ့သည်။ ရုရှားနိုင်ငံနှင့် ဆော်ဒီနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် အဓိကရေနံထုတ်လုပ်သည့်နိုင်ငံများ ဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလက ဆော်ဒီဘုရင် ဘင်ဆယ်လ်မန်ဘင် အဗ္ဗဒူလာဇစ်သည် ရုရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်လာရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ စာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## လန်ဒန်၌ ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေတွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၂၃**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အနောက်မြောက်ပိုင်းရှိ တိုက်တန်းလျားတစ်ခုတွင် ဖောက်ခွဲရေးပစ္စည်းနှစ်ခု ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့က အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်မှုအဖြစ် အမှုဖွင့်ခဲ့ကြောင်း ဒေသတွင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

အဆိုပါသံသယဖြစ်ဖွယ် ဗုံးနှစ်လုံးကို ကရန်ပန်ပန်းခြံအတွင်းရှိ တိုက်တန်းလျားတစ်လုံးတွင် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရှာဖွေတွေ့ရှိခဲ့ဖြစ်ပြီး ယင်းမှာ ဖောက်ခွဲရေးပစ္စည်းဖြစ်နိုင်ကြောင်း ဒေးလီမေးလ်သတင်းစာ၏ အွန်လိုင်းစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဗုံးနှစ်လုံးကို ဘေးကင်းစွာဖယ်ရှားနိုင်ခဲ့ကြောင်းနှင့် အဆောက်အအုံနှင့်ဝေးရာသို့ ယူဆောင်သွားပြီး စစ်ဆေးနေကြောင်း သိရသည်။

သံသယဖြစ်ဖွယ် ဗုံးတွေ့ရှိသည့် အဆိုပါ တိုက်တန်းလျားမှာ အသစ်ပြန်လည်ပြင်ဆင်နေဆဲအဆောက်အအုံဖြစ်ကြောင်းနှင့် လန်ဒန်ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့က ကယ်ဆယ်မှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# ဆော်ဒီဘက်က ဆက်လက်ရပ်တည်နေဆဲဖြစ်သည့် သမ္မတထရမ့်

**ဖြိုးစန္ဒီမွှေး**



အမေရိကန်သမ္မတထရမ့်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့ မတ်လ ၁၄ ရက်က ဝါရှင်တန်ဒီစီ၌ တွေ့ဆုံကြစဉ်။

လတ်တလော ကမ္ဘာ့သတင်းတွေမှာ မကြာခဏတွေ့နေရတဲ့ အကြောင်းအရာကတော့ တူရကီနိုင်ငံ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်းမှာ အသတ်ခံရတဲ့ ဆော်ဒီဂျာနယ်လစ် ဂျမားလ်ခါရှော့ဂီရဲ့အကြောင်းပါပဲ။ သူ့အသတ်ခံရမှုဟာ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ ပတ်သက်မှုရှိတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ အခုအခါမှာတော့ အမေရိကန်ထောက်လှမ်းရေး အေဂျင်စီက ဂျမားလ်ခါရှော့ဂီအသတ်ခံရမှုမှာ ဆော်ဒီအိမ်ရှေ့မင်းသားရဲ့ အပြစ်မကင်းဘူးလို့ ဖော်ထုတ်ခဲ့ပါတယ်။

**မဟာမိတ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း**

ဒါပေမယ့် သမ္မတထရမ့်ကတော့ ဒီအကြောင်းကို အရေးမစိုက်ပါဘူး။ ဆော်ဒီအာရေဗျအပေါ် အမေရိကန်ရဲ့ မဟာမိတ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားဆဲပဲဆိုတာကို သမ္မတထရမ့်က ပြသခဲ့ပါတယ်။ သူဟာ ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်တစ်ယောက် ခါရှော့ဂီကို သတ်မှုမှာ အပြစ်မကင်းဘူးဆိုတာကို မသိသလို လျစ်လျူရှုထားပါတယ်။ သမ္မတထရမ့်ရဲ့ တုံ့ပြန်ပြောကြားမှုကတော့ “ဆော်ဒီအိမ်ရှေ့မင်းသားဟာ ခါရှော့ဂီကို သတ်တဲ့နေရာမှာပါဝင်ကောင်းလည်း ပါဝင်နိုင်သလို၊ မပါဝင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ မစ္စတာခါရှော့ဂီအသတ်ခံရမှုရဲ့ အချက်တွေအားလုံးကို ကျွန်တော်တို့သိချင်မှလည်း သိနိုင်မယ်။ ဒါပေမယ့်ဆော်ဒီအာရေဗျနဲ့ အတူရှိနေမှာတော့ အသေအချာပါပဲ ” လို့ ပြောခဲ့ပါတယ်။

**တူရကီနဲ့ ပိုမိုအနေဝေးလာ**

သမ္မတထရမ့်ရဲ့ အမေရိကန်သာ ပထမဦးစားပေးဆိုတဲ့ မူဝါဒကိုတော့ ဘယ်လိုအကြောင်းပြချက်မျိုးကမျှ မတိုက်ဖျက်နိုင်ပါဘူး။ အီရန်က ပြုလုပ်တဲ့ ရာဇဝတ်မှုတွေဟာဆော်ဒီကျူးလွန်တာထက် ပိုပြီးများပြားတယ်လို့ ထရမ့်က ငြင်းခုံခဲ့ပါတယ်။ ခါရှော့ဂီသေဆုံးမှုနဲ့ ပတ်သက်ပြီး ထရမ့်ရဲ့ဒီစကားကြောင့် တူရကီနဲ့တော့ပိုပြီးအနေဝေးသွားနိုင်ပါတယ်။ တူရကီကတော့ သူ့နိုင်ငံအတွင်းမှာ ခါရှော့ဂီသေဆုံးခဲ့ရတာကို မကျေနပ်ပါဘူး။

၎င်းသေဆုံးမှုအတွက် ဆော်ဒီဘက်က အပြည့်အဝတာဝန်ယူပေးဖို့ အစဉ်တစိုက် ဖိအားပေးတောင်းဆိုနေတဲ့နိုင်ငံလည်းဖြစ်ပါတယ်။

အမေရိကန်ဟာ မဟာမိတ်နိုင်ငံနဲ့ ဆက်ဆံရေးမပျက်ဖို့အတွက် ရာဇဝတ်မှုကျူးလွန်သူကို အပြစ်ပေးနိုင်ဖို့ ပိုပြီးစိတ်အားထက်သန်သလားဆိုတာကို စမ်းသပ်ဖို့ အကြောင်းအရာတစ်ခုလည်း ဖြစ်လာပါတယ်။

**အမှန်တရားအတိုင်းဖြစ်စေလို**

လွှတ်တော် အမတ်တွေနဲ့ လူ့အခွင့်အရေးသမားတွေကတော့ မစ္စတာ ခါရှော့ဂီသေဆုံးမှုအတွက် ဖြစ်ရပ်မှန်ကို သိလိုကြပါတယ်။ ဆီးနိတ်လွှတ်တော်ရဲ့ နိုင်ငံတကာရေးရာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အပါအဝင် အခြားသောလွှတ်တော်အမတ်တွေဟာ သမ္မတထရမ့်ထံ တောင်းဆိုလွှာ တစ်ခု ပေးပို့ခဲ့ပါတယ်။ သူတို့တောင်းဆိုတာကတော့ မစ္စတာခါရှော့ဂီကို သတ်တဲ့ အဓိကတရားခံဟာ ဘယ်သူလဲဆိုတာ ဖော်ထုတ်ပေးဖို့ပဲ ဖြစ်ပါတယ်။

ဆော်ဒီဘုရင်နဲ့ အိမ်ရှေ့မင်းသားကတော့ နိုင်ငံတကာရဲ့ စွပ်စွဲမှုကို လက်မခံခဲ့ကြပါဘူး။ ဆော်ဒီဘုရင်ဟာ သူ့အနေနဲ့ အိမ်ရှေ့စံဘက်က ဆက်လက်ရပ်တည်သွားမယ်လို့လည်း ပြောခဲ့ပါတယ်။

> **“ဆော်ဒီကိုသာ အရေးယူမှုတွေပြုလုပ်ခဲ့ရင် အမေရိကန်ဟာ ဒေါ်လာဘီလီယံ ၁၁၀ တန်ဖိုးရှိတဲ့ စစ်ဘက်သုံးပစ္စည်းတွေ ဆော်ဒီကို ရောင်းချနေမှုကိုလည်း လက်လွှတ်ရတော့မှာပါ။ ဒါ့အပြင် ဒေါ်လာဘီလီယံ ၃၄၀ တန်ဖိုးရှိတဲ့ အခြားသော ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆုံးရှုံးရမှာပါ။ ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ သမ္မတအဖြစ် ထရမ့်စတင်တာဝန်ယူချိန်ကစပြီး သဘောတူညီခဲ့တဲ့ အရာတွေလည်းဖြစ်”**

**ရင်းနှီးမြှုပ်နှံမှုတွေ ဆုံးရှုံးနိုင်**

တကယ်လို့များ ဆော်ဒီကိုသာ အရေးယူမှုတွေ ပြုလုပ်ခဲ့ရင် အမေရိကန်ဟာ ဒေါ်လာဘီလီယံ ၁၁၀ တန်ဖိုးရှိတဲ့ စစ်ဘက်သုံးပစ္စည်းတွေ ဆော်ဒီကို ရောင်းချနေမှုကိုလည်း လက်လွှတ်ရတော့မှာပါ။ ဒါ့အပြင် ဒေါ်လာဘီလီယံ ၃၄၀ တန်ဖိုးရှိတဲ့ အခြားသောရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဆုံးရှုံးရမှာပါ။ ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ သမ္မတအဖြစ် ထရမ့် စတင်တာဝန်ယူချိန်ကစပြီး သဘောတူညီခဲ့တဲ့ အရာတွေလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီကိန်းဂဏန်းတွေဟာချဲ့ကားပြောဆိုမှုတွေသာ ဖြစ်တယ်လို့လည်း စီးပွားရေးပညာရှင်တွေနဲ့ စစ်ဘက်သုတေသီတွေက ပြောပါတယ်။

**အန္တရာယ်များတဲ့နေရာတစ်ခု**

ကမ္ဘာကြီးဟာ တကယ်ကိုအန္တရာယ်များတဲ့ နေရာတစ်ခုလို့ ထရမ့်ကပြောခဲ့ပါတယ်။ သူကတော့အရှေ့အလယ်ပိုင်းဒေသရဲ့ မတည်ငြိမ်မှုတွေဟာ အီရန်ကြောင့်၊ အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးနေတာလည်း အီရန်၊ အမေရိကန်နိုင်ငံသားတွေ အသတ်ခံရတာလည်း အီရန်လက်ချက်၊ နောက်ဆုံး ယီမင်စစ်ပွဲမှာလည်း အီရန်ရဲ့ဝင်ရောက်စွက်ဖက်မှုကြောင့် မပြီးဆုံးနိုင်ဘဲ သက်ဆိုးရှည်နေရတာလို့ အမြဲလိုလိုပြောလေ့ရှိပါတယ်။ အဲဒီအတွက်ကြောင့်လည်း အီရန်အပေါ် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။

**ဆော်ဒီနဲ့အပေးအယူရှိသလား**

သမ္မတထရမ့်ဟာ ဆော်ဒီနဲ့ပုဂ္ဂိုလ်ရေးအရအပေးအယူတွေ ရှိသလားဆိုတဲ့ မေးခွန်းကိုတော့ ထရမ့်က ငြင်းဆိုခဲ့တယ်။

ဆော်ဒီနဲ့ မည်သည့်သဘောတူညီမှုမျှ ပြုလုပ်ထားတာမရှိဘူးလို့ ပြောပါတယ်။ ဆော်ဒီအာရေဗျက ငွေကြေးလက်ခံထားတာမျိုးလည်း မရှိဘူးလို့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ သမ္မတထရမ့်ရဲ့ ဆော်ဒီအိမ်ရှေ့မင်းသားအပေါ် အကာအကွယ်ပေးနေမှုဟာလည်း တဖြည်းဖြည်းခက်ခဲလာပါတယ်။ ဘာကြောင့်လဲဆိုတော့ လူသတ်မှုမှာ အိမ်ရှေ့မင်းသားရဲ့ အပြစ်မကင်းဘူးဆိုတာကို ပြသနိုင်တဲ့ သက်သေတွေ တဖြည်းဖြည်းများလာလို့ပါ။

**အရေးပါသည့် မဟာမိတ်ဆက်ဆံရေး**

လွန်ခဲ့တဲ့လက နယူးယောက်တိုင်းမ်နဲ့ အင်တာဗျူးမှာတော့ လူသတ်မှုမှာ ဆော်ဒီအဆင့်မြင့်အရာရှိကြီး အပိုင်းက ပါဝင်မှုရှိလိမ့်မယ်ဆိုတာကို ယုံကြည်တယ်လို့လည်း ထရမ့်က ပြောခဲ့ပါတယ်။ သမ္မတထရမ့်ကတော့ သူ့အနေနဲ့ မစ္စတာ ခါရှော့ဂီအသတ်ခံရမှုအတွက် ဆော်ဒီကို အပြစ်တင်မှာ မဟုတ်ဘူးလို့လည်း ပြောခဲ့ပါတယ်။အမေရိကန်ရဲ့စီးပွားရေးအတွက် ဆော်ဒီ-အမေရိကန်မဟာမိတ်ဆက်ဆံရေးဟာ အရေးပါတယ်လို့ ထရမ့်ကပြောပါတယ်။

**ပိတ်ဆို့ပြစ်ဒဏ်ချ**

အစောပိုင်းကာလတုန်းကတော့ ထရမ့်ဟာ မစ္စတာခါရှော့ဂီအတွက် အမှန်တရားကို ရှာဖွေပေးမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီနောက် တူရကီအစိုးရက အသံဖိုင်ကို အမေရိကန်ပြည်ထောင်စုနဲ့ အခြားသော အနောက်နိုင်ငံတွေကို ဝေမျှခဲ့တဲ့အခါမှာတော့ ထောက်လှမ်းရေးအရာရှိတွေက မစ္စတာ ခါရှော့ဂီအသတ်ခံရမှုမှာ အိမ်ရှေ့မင်းသားရဲ့ပါဝင်ပတ်သက်မှု အလားအလာဟာ ပိုပြီးများလာတယ်ဆိုတာ ရှာဖွေခဲ့ကြပါတယ်။ အဖြေထွက်လာတဲ့အခါမှာတော့ ထရမ့်ဟာ အရင်သူပြောခဲ့တုန်းကအတိုင်း မဟုတ်တော့ပါဘူး။ အင်္ဂါနေ့မှာတော့ လူသတ်မှုမှာ ပါဝင်တဲ့ အစိုးရအရာရှိ ၁၇ ဦးကို အမေရိကန်က ပိတ်ဆို့ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

အဲဒီအထဲမှာ အိမ်ရှေ့မင်းသားနဲ့ ရင်းနှီးသူတွေ ပါပါတယ်။ ဒါပေမယ့် အိမ်ရှေ့မင်းသားကိုတော့ မည်သည့် ပိတ်ဆို့ပြစ်ဒဏ်မှ မချခဲ့ပါဘူး။

**အမျိုးသားအကျိုးစီးပွားကသာအဓိက**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကတော့ အမေရိကန်ဟာ အချက်အလက်အသစ်တွေနဲ့ အကဲဖြတ်မှုတွေ ပြုလုပ်သွားမယ်လို့ ပြောပါတယ်။ သမ္မတထရမ့်ဟာ အမျိုးသားအကျိုးစီးပွားထက်ဘယ်အရာကိုမျှ ဦးစားပေးဆုံးဖြတ်မှာ မဟုတ်ဘူးဆိုတာ ပိုပြီးပေါ်လွင်ပါတယ်။ ထရမ့်ဟာ ဆော်ဒီနဲ့ အတူရှိနေမယ်လို့ပဲ ပြောခဲ့တာပါ။ မစ္စတာခါရှော့ဂီဘက်က နေမယ်လို့တော့ မပြောခဲ့ပါဘူး။ ထရမ့်ဟာ သူသမ္မတအဖြစ် တာဝန် မယူခင်ကတည်းက အိမ်ရှေ့မင်းသားဟာ အရှေ့အလယ်ပိုင်းဒေသမှာ သူ့ရဲ့မဟာ မိတ်ဆိုတာ ထုတ်ဖော်ပြသခဲ့ပါတယ်။

**ဆော်ဒီ၏ အရေးပါမှု**

ဒါ့အပြင် အစ္စရေးနဲ့ ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဆော်ဒီရဲ့ အကူအညီလိုတယ်လို့ အဆင့် မြင့်အကြံပေးလည်းဖြစ် ထရမ့်ရဲ့ သမက်လည်းဖြစ်တဲ့ ဂျာရတ်ကတ်ရှ နားက ပြောပါတယ်။ ထရမ့်ကတော့ စီးပွားရေးအမြင်နဲ့ပဲ သုံးသပ်ပြပါ တယ်။

တကယ်လို့များ ဆော်ဒီကို အရေးယူခဲ့ပြီး ဆော်ဒီနဲ့ ချုပ်ဆိုထားတဲ့ စစ်ဘက်သုံးပစ္စည်း ဝယ်ယူရေးစာချုပ်တွေကို ဖျက်သိမ်းလိုက်မယ်ဆိုရင် အမေရိကန်နေရာမှာ အခြားသောနိုင်ငံတွေက အစားဝင်ယူသွားလိမ့်မယ်လို့ ထောက်ပြခဲ့ပါတယ်။ စစ်ဘက်သုတေသီတွေကတော့ ဆော်ဒီဟာ အမေရိကန်ရဲ့လက်နက်ပစ္စည်းတွေကို မှီခိုအားထားလွန်းတယ်။

ဒါကြောင့် အခြားနိုင်ငံထုတ်ပစ္စည်းတွေကို အစားထိုးဖို့ဆိုတာ သိပ်ပြီးမဖြစ်နိုင်ဘူးလို့ ပြောကြပါတယ်။ ဒါတွေအပြင် အီရန်ကိုရေနံပိတ်ဆို့ချင်လို့ အမေရိကန်ဟာ ဆော်ဒီကို ရေနံတိုးထုတ်ဖို့ ပြောထားတာတွေလည်း ရှိပါတယ်။ ဒီအချက်တွေကြောင့် သမ္မတထရမ့်ဟာ ဆော်ဒီအိမ်ရှေ့မင်းသားကိစ္စကို လျစ်လျူရှုထားတာလည်းဖြစ်နိုင်ပါတယ်။ အခြားသော အကြောင်းပြချက်တွေထက် အမေရိကန်ရဲ့အမျိုးသားအကျိုးစီးပွားကသာ အရေးအကြီးဆုံးလို့ ယူဆထားတဲ့ ထရမ့်အတွက် ဆော်ဒီကို ပစ်ပစ်ခါခါ လုပ်လိုက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ **ကိုးကား -နယူးယောက်တိုင်းမ်**



## ပဲခူး၌ (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၃**

ပဲခူးမြို့ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ယမန်နေ့က (၃၇)ကြိမ်မြောက် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့တာဝန်ရှိသူများ၊ ရက်ကန်းပညာရှင်၊ လုပ်အားရှင်များနှင့် ဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များက ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူနှင့် နောင်ပွင့်မည့် အရိမေတ္တယျဘုရားရှင်တို့အား ရည်မှန်း၍ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မုခ်ဦးများတွင် ကိန်းဝပ်စံပယ် သီတင်းသုံးနေတော်မူသော ဗုဒ္ဓရုပ်ပွားတော်များကို ကြာသင်္ကန်း (မသိုးသင်္ကန်း)၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်ပန်းတောင်းဓမ္မာရုံတွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ ပထမဆုရရှိသော ရာဇဓာတုကလျာစင်တော်အဖွဲ့အား ဝန်ကြီးချုပ်ဦးဝင်းသိန်းက ဆုဖလား၊ ငွေသားဆုငွေကျပ် ငါးသိန်း၊ ဂုဏ်ပြုမှတ်တမ်းနှင့် တစ်ဦးချင်းဆုတံဆိပ်တို့ကိုလည်းကောင်း၊ ဒုတိယရဆုရရှိသော ဝိသာခါစင်တော်အဖွဲ့အား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ဆုဖလား၊ ငွေသားဆုငွေကျပ်လေးသိန်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းကိုလည်းကောင်း၊ တတိယဆုရရှိသော ရှင်စောပုစင်တော်အဖွဲ့အား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက ဆုဖလား၊ ငွေသားဆုငွေကျပ် သုံးသိန်း၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းကိုလည်းကောင်း၊ ယှဉ်ပြိုင်ဆုရရှိသော ဂေါတမိစင်တော်အဖွဲ့နှင့် ယသော်ဓရာစင်တော်အဖွဲ့တို့အား ဥပဒေချုပ်ဦးအုန်းမြင့်၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့က ငွေသားဆု ငွေကျပ်နှစ်သိန်းငါးသောင်းစီ၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

## ဘားအံမြို့ ရွှေရတနာ ဓမ္မစေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲနှင့် ဌာပနာတော်သွတ်သွင်း ပူဇော်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ ရတနာဒီပ အမှတ်(၉)ရပ်ကွက် ရွှေရတနာကျောင်းတိုက် ကုန်းတော်ပေါ်၌ ဘားအံမြို့ ပဋိပတ္တိသာသနာ့အေးရိပ်သာ တောင်ကလေးဆရာတော် အရှင်ပညာသာမိ (တောမိုရဟန်း) ဦးဆောင်တော်မူပြီး အလှူရှင်များ စုပေါင်းတည်ထားကိုးကွယ်သည့် ရွှေရတနာဓမ္မစေတီတော်မြတ် ဌာပနာတော်သွတ်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲကို ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ထံမှ တက်ရောက်လာကြသော ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်မွန်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ အလှူရှင်များနှင့် ဧည့်ပရိတ်သတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် ဥပသကာများ၊ ဘုရားဒါယကာများက ဌာပနာတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ဆက်ကပ်ပြီး အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကာ သာစုသုံးကြိမ်ခေါ်ဆိုကြသည်။

ဆက်လက်၍ ဌာပနာတော်သွတ်သွင်း၊ ရွှေထီးတော်တင်လှူပူဇော်ရန်အတွက် ဆရာတော်အရှင်သူမြတ်များထံမှ ဌာပနာတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား အောင်အိုးကိုင်၊ သာသနာ့အလံကိုင်၊ အလှပန်းဖလားကိုင်၊ ပန်းကြဲ၊ ထီးတော်မိုးနှင့် ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ပင့်ဆောင်ကာ ရွှေရတနာ ဓမ္မစေတီတော်မြတ်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ကြပြီးနောက် တောင်ကလေးဆရာတော် အရှင်ပညာသာမိ ဦးဆောင်၍ ဌာပနာတော်သွင်းလှူခြင်း၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များနှင့် အရံစေတီရှစ်ဆူထီးတော်များကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပြီး ဆက်ကပ်တင်လှူခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

## မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲ၊ ရက်ကန်းပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ ရက်ကန်းပြိုင်ပွဲကို (၁၉) ကြိမ်မြောက်အဖြစ် နိုဝင်ဘာ ၂၁ ရက်က စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရွှေစည်းခုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်အောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ရက်ကန်းပြိုင်ပွဲဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဂေါပကအဖွဲ့ဥက္ကဋ္ဌက မသိုးသင်္ကန်းကပ်လှူပူဇော်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့်အတူ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ပြိုင်ပွဲဝင် ရက်ကန်းခတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်ရက်ကန်းအဖွဲ့များမှ ရက်လုပ်ပြီးသင်္ကန်းများကို အကဲဖြတ်ဒိုင်လူကြီးများက စစ်ဆေးအကဲဖြတ်ကာ နိုဝင်ဘာ ၂၂ ရက်က ပထမဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယဆုငွေကျပ် လေးသိန်းနှင့် ဆုဖလား၊ တတိယဆုငွေကျပ် သုံးသိန်းနှင့် ဆုဖလား၊ စတုတ္ထဆုငွေကျပ် နှစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆုနှင့် ငွေသားဆုငွေကျပ် နှစ်သိန်းတို့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

## ထားဝယ်မြို့(၁၀၉)ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် တက်ရောက်ဖွင့်လှစ်

**ထားဝယ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ဗုဒ္ဓဘာသာဝင်တို့ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော (၁၀၉)ကြိမ်မြောက် တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူ ဘုရားဒေသစာရီ လှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ထားဝယ်မြို့ ရွှေတောင်စားလမ်းရှိ လောကမာရ်ဇိန် ဘုရားကြီးဝင်း အရှေ့ဘက်မုခ်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး နှင့် ဘုရားကြီးဂေါပက နာယက ဦးအုန်းခိုင်တို့က နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဖိတ်ကြားထားသောသူများ၊ ဒေသခံပြည်သူများက နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည် ပူဇော်ပွဲကို ဖူးမြော်ကြည်ညို ကုသိုလ်ပြုကြပြီး ဘုရားကြီးဂေါပကအဖွဲ့က ဦးဆောင်၍ ဥပသကာများက ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ထားဝယ် မြို့ပေါ်ရပ်ကွက်အတွင်းသို့ အတီးအမှုတ် အကအခုန်များဖြင့် ညလုံးပေါက် ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ခံသည်။

ယင်းနောက် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ လှည့်လည်ပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြသည်။

အဆိုပါ လှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း( ၁၀၉ ) နှစ်တိုင်တိုင် ကျင်းပလာခြင်းဖြစ်ပြီး ယခု ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်း၌ ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

## သထုံ၌ မြို့လုံးကျွတ်တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပ

**သထုံ နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်က အဆိုပါ စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် အစဉ်အလာမပျက် စည်ကားစွာကျင်းပသည်။

“ဘိုးဘွားတွေလက်ထက်ထဲက ဒီစေတီတော်ကြီးမှာ ခေတ်အဆက်ဆက် မြို့လုံးကျွတ်အနေနဲ့ ကျင်းပလာတာ မှတ်သားမှုအားနည်းခဲ့တော့ အကြိမ်ရေဘယ်လောက်ရှိပြီဆိုတာ ပြောရခက်တယ်။ လာလှူကြတဲ့သူတွေကို သူတို့အစီအစဉ်နဲ့ စိတ်ကြိုက်လောင်းလှူခွင့်ပြုထားပါတယ်။ ဒီအချိန် ရောက်တာနဲ့ အဝေးရောက်နေတဲ့ သထုံသူသထုံသားတွေ အတော်များများက အရောက်ပြန်လာကြပြီး ဒီပွဲတော်မှာ လာပြီးဆင်နွှဲကြတယ်” ဟု ရွှေစာရံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃၇ ကျောင်းမှ သံဃာတော် ၁၆၃၈ ပါးနှင့် သီလရှင်ကျောင်း ၇၅ ကျောင်းမှ သီလရှင် ၂၈၅ ပါးတို့ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်ဦး (သထုံ)**

# မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းပြပွဲ ၂၀၁၈ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ဦးဆောင်၍ ငွေပင်လယ်မီဒီယာတို့ ပူးပေါင်းကျင်းပသော ဒုတိယအကြိမ် မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းပြပွဲ ၂၀၁၈ ကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမ၌ နိုဝင်ဘာ ၂၇ ရက် မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

အဆိုပါပြပွဲကို မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ဦးဆောင်၍ ငွေပင်လယ်မီဒီယာတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရန်၊ အထက်မြန်မာပြည်တွင်ရှိသည့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းများကို မိတ်ဆက်ပေးနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပြပွဲတွင် ကဏ္ဍနှစ်မျိုးရှိကြောင်း၊ နိုင်ငံတကာမှ စက်ပစ္စည်းနှင့် နည်းပညာဖြန့်ဖြူးရောင်းချနေသော ပြည်ပကုမ္ပဏီများမှ စက်ပစ္စည်းများပြပွဲ၊ ပြည်တွင်းထုတ်စက်ပစ္စည်းနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲများ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ထူးခြားမှုအနေဖြင့် လျှပ်စစ်စွမ်းအားသုံး မော်တော်ကားများပြပွဲ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရတနာပုံဆိုက်ဘာစီးတီးတို့မှ ကျောင်းသား ကျောင်းသူများပါဝင်သော Science Club မှ တီထွင်ထားသော စက်ရုပ်ပြပွဲ လည်းပါဝင်ကြောင်း၊ စက်ပစ္စည်းနှင့် နည်းပညာဆိုင်ရာ အရောင်းပြခန်းများ၊ ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများ၊ ကုန်တင်ယာဉ်ကြီးများဆိုင်ရာ အပိုပစ္စည်းနှင့် ယာဉ်ပြင်ဆင်ရေးသုံးပစ္စည်းများ စုစုပေါင်းပြခန်း ၈၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ငွေပင်လယ်မီဒီယာမှ ပရောဂျက် ဒါရိုက်တာ ကိုဇာနည်က ပြောသည်။

အဆိုပါပြပွဲတွင် ဆွေးနွေးပွဲများလည်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ပထမနေ့တွင် နိုင်ငံခြားငွေလဲနှုန်းနှင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ၏ အခြေအနေ၊ ဒုတိယနေ့တွင် ပြည်တွင်းထုတ်ကုန်လယ်ယာသုံးစက်ပစ္စည်းများ အလားအလာနှင့်စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် စက်မှုလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# အာမခံအလုပ်သမားများအား လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များ ထုတ်ပေး




**မုံရွာ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာလဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံ ဦးသန်းနိုင်ဦးက လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များကို ထုတ်ပေးခဲ့သည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက အလုပ်ခွင် ပြင်ပထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးသံချောင်း၏ အာမခံငွေကျပ် ၁၀၁၆၄၀၀၀ အား ၎င်း၏ဇနီးဖြစ်သူ ဒေါ်ယဉ်နွယ်ဟန်အား လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးအောင်ခိုင်က မြန်မာ့မီးရထားမှ အာမခံအလုပ်သမား ဦးကျော်ကျော်၏ အာမခံငွေကျပ် ၆၇၀၈၂၄၀ ကို ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဥမ္မာအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတာဝန်ခံက အာမခံအလုပ်သမား ဦးစောဝင်းသန့်၏ အမြဲတမ်း မသန်စွမ်းမှုငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၅၀၉၃၅၅၀ ကို အာမခံအလုပ်သမား ဦးစောဝင်းသန့်အားလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# ရေစကြိုမြို့နယ်တွင် တစ်အိမ်သုံးဆိုလာများ ဖြန့်ဝေ

**ရေစကြို နိုဝင်ဘာ ၂၃**

ရေစကြိုမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် ခက်ခဲသည့် ကျေးရွာ ၁၁ ရွာအား တစ်အိမ်ထောင်သုံး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို နိုဝင်ဘာ ၁၉ရက်မှစတင်ကာ ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။



တစ်အိမ်သုံးဆိုလာများကို ဖြန့်ဝေရာတွင် ရေစကြိုမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန် ခက်ခဲသောကျေးရွာများမှ စာရင်းကောက်ယူ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ကျွန်းထဲကျေးရွာများမှ ကျေးရွာကိုးရွာနှင့် ကုန်းပိုင်းကျေးရွာများမှ ကျေးရွာနှစ်ရွာ စုစုပေါင်း ၁၁ ရွာ၊ အိမ်ခြေပေါင်း ၁၀၅၂ အိမ်တို့အတွက် ဝပ် ၆၀ နှင့် ဝပ် ၁၀၀ ရှိ ဆိုလာများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဝပ် ၆၀ ဆိုလာအတွက် ကျေးရွာပြည်သူမှ ဆိုလာတစ်ခုလျှင် ငွေကျပ် ၅၀၀၀၀ စိုက်ထည့်ရကာ ဝပ် ၁၀၀ ဆိုလာတစ်ခုအတွက် ကျေးရွာပြည်သူမှ ငွေကျပ် တစ်သိန်းခွဲ စိုက်ထည့်ရပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာတစ်ခုစီအတွက် ငွေကျပ် နှစ်သိန်းနှုန်းစီ စိုက်ထည့်ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများမှာ ISO လက်မှတ်ရ နိုင်ငံတကာအသိအမှတ်ပြုပစ္စည်းများကိုသာ ဝယ်ယူပေးဝေခြင်းဖြစ်ပြီး အညွှန်းအတိုင်းသုံးစွဲရမည်ဖြစ်ကာ တစ်နှစ်အတွင်း ပစ္စည်းချွတ်ယွင်းခဲ့ပါက ပြန်လည်လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ္ဂန်ဆွေ (ရေစကြို)**

# ကသာမြို့မှ နွေရာသီ ရေအခက်အခဲရှိသည့်နေရာများ ရေရရှိရေး စတင်ဆောင်ရွက်

**ကသာ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ ရေအခက်အခဲရှိသည့်နေရာများ ရေရရှိရန်အတွက် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုလျာထားငွေကျပ် သန်း ၅၀ ဖြင့် ရေရရှိရေး စတင်လုပ်ကိုင်နေကြောင်း ကသာမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

ကသာမြို့ပေါ်၌ ရပ်ကွက် ၁၁ ခု ရှိသည့်အနက် နွေရာသီတွင် ရေအခက်အခဲဖြစ်ပေါ် လျက်ရှိသော တိုးချဲ့ရပ်ကွက်များဖြစ်သည့် ၅ ရပ်ကွက်၊ ၇ ရပ်ကွက်၊ ၉ ရပ်ကွက်တို့တွင် နွေရာသီ ရေအခက်အခဲမရှိစေရေးနှင့် အိမ်တွင်းမှု သင်တန်းကျောင်း၊ ကားကြီးဝင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ယခုထပ်မံ တည်ဆောက်လျက်ရှိသော ကသာပညာရေးကောလိပ်တို့တွင် တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့မှ ၂၀၁၇ ခုနှစ် ဧပြီလတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း သိရသည်။

ကသာမြို့တွင် တိုးချဲ့ရေပေးဝေနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ၊ မြို့မိမြို့ဖများ ပါဝင်သည့်အဖွဲ့မှ စပါးပုံတောင်၊ ဆူးပုတ်တောင်၊ အောင်ပုံချောင်းနှင့် အောင်းပင်ချောင်း စမ်းရေထွက်များ၏ ရေထွက်နှုန်း အနေအထား၊ မြေပြင်အနေအထား၊ သဘာဝပတ်ဝန်းကျင်အနေအထားများသိရှိရန် ကွင်းဆင်းလေ့လာရာ စပါးပုံတောင် စမ်းရေထွက်သည် အကောင်းဆုံးဖြစ်ကြောင်း ညှိနှိုင်းသဘောတူ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"ကသာမှာ လူဦးရေကလည်း တစ်စတစ်စများလာပြီ။ ရေကလည်း လိုအပ်ချက်ရှိလာတယ်။ နွေရာသီဆို အချို့ရပ်ကွက်တွေက ရေခန်းတယ်။ သင်တန်းကျောင်းတွေရှိလာပြီး စည်ကားလာတော့မယ်ဆိုရင် ရေက လုံလောက်မှုဖြစ်မှာ၊ တိုးချဲ့ရေပေးဝေဖို့ဆောင်ရွက်နေတယ်လို့လည်း သိထားတယ်။ အမြန်ဆုံးနဲ့ အကောင်းဆုံး ဆောင်ရွက်ရင် ရေအခက်အခဲဖြစ်တဲ့နေရာတွေ အဆင်ပြေသွားမယ်"ဟု ကသာမြို့ ရပ်ကွက် ၉ မှ ဒေသခံ ဒေါ်ဝေနှင်းလွင်က ပြောသည်။

ကသာမြို့တွင် စည်ပင်နှင့် ပုဂ္ဂလိကမှ ရေရယူ သုံးစွဲနိုင်သော စုစုပေါင်း လွှမ်းခြုံမှုမှ ၈၆ ရာခိုင်နှုန်းသာ ရေပေးဝေနိုင်သဖြင့် ၁၄ ရာခိုင်နှုန်းခန့် ထပ်မံပေးဝေနိုင်မှသာ ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံပေးဝေနိုင်မည်ဖြစ်သည်။ လက်ရှိ ရေပေးဝေရာတွင် အောင်းပင်ချောင်း၊ ဆူးပုတ်ချောင်း၊ စပါးပုံတောင်စိမ့်စမ်းရေထွက်တို့မှ ၄ လက်မပိုက်များဖြင့် သွယ်တန်း၍ ရေပေးဝေနေပြီး ဂါလန် ၃၅၀၀၀၊ ရေစုကန် နှစ်ကန်၊ အများသုံး ရေကန် ၂၅ ကန်နှင့် အိမ်သွယ်ရေတိုင် ၃၈၀ ရှိပြီး တစ်ရက်လျှင် ရေဂါလန် ၁၂၀၀၀၀ ပေးဝေလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၁၁-၂၀၁၈

## ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၅၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

## စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၀/၁၀၆၀ ကျပ် | ၁၀၇၀/၁၀၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၇၀ ကျပ် | ၁၀၈၅/၁၁၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၁၅ ကျပ် | ၉၅၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၅၅/၉၈၅ ကျပ် | ၁၀၂၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

## နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၄ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၂ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၄၀ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၂၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၇၁၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အကြင်နာမြစ်ဖျား ဇာတ်လမ်းတွဲတွင် အကောင်းဆုံးသရုပ်ဆောင်ထားကြောင်း ခင်ဝင့်ဝါ ပြောကြား

Miss Supranation 2014 ဆုရှင်အဖြစ် ၂၀၀၄ ခုနှစ်က မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရွေးချယ်ခံခဲ့ရပြီး အလှမယ်တစ်ယောက်အဖြစ်ကနေ သရုပ်ဆောင်တစ်ယောက်ဖြစ်လာတဲ့ ခင်ဝင့်ဝါအနေဖြင့် ဗီဒီယိုဇာတ်ကားများစွာနှင့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာတွင် တွေ့လာရသူလည်း ဖြစ်ခဲ့သည်။ မကြာမီ ရုံတင်ပြသတော့မည့် ငါမုန်းတဲ့အကျွရာ ရုပ်ရှင်ကားကြီးတွင်လည်း သရုပ်ဆောင် အောင်ရဲလင်းနှင့်အတူ ပရိသတ်များ တွေ့ရမည်ဖြစ်ပြီး သူ၏ ပထမဆုံးရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် 'အကြင်နာမြစ်ဖျား' ဟုအမည်ရသည့် ဇာတ်လမ်းကိုလည်း လက်ခံရိုက်ကူးထားကြောင်း သိရသည်။

**မေး - အကြင်နာမြစ်ဖျား ရုပ်သံဇာတ်လမ်းတွဲလေးအကြောင်း သိပါရစေ။**

ဖြေ - ဒီဇာတ်လမ်းတွဲမှာ ရိုးရိုးအေးအေး ကောင်မလေးပေါ့နော်။ အချစ် ဒရာမာကားဆိုတော့ ပရိသတ်တွေလည်း ကြိုက်နှစ်သက်လိမ့်မယ်လို့ ထင်ပါတယ်။ အဝတ်အစားပိုင်းကို အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ကာရိုက်တာ လိုက်ဖက်အောင် မိတ်ကပ်တွေ၊ ဝတ်စားဆင်ယင်မှုတွေကို သေချာပြင်ဆင်ရပါတယ်။ လူငယ်အရွယ်ပိုင်းကနေ လူလတ်ပိုင်းအထိ ကာရိုက်တာအပြောင်းအလဲလေးတွေ လုပ်ထားပါတယ်။ ဆယ်ကျော်သက်ကနေ အိမ်ထောင်ကျတဲ့အထိ ရင့်ကျက်သွားတဲ့ပုံစံမျိုးလေးတွေ ပါပါတယ်။ အချိန်အပိုင်းအခြား ပြောင်းလဲသွားတဲ့အထိဆိုတော့ အကောင်းဆုံး ပြင်ဆင်နေပါတယ်။

**မေး - ပထမဆုံးဇာတ်လမ်းတွဲဆိုတော့ ညီမအတွက် စိတ်ခံစားမှု။**

ဖြေ - ညီမက ပုံစံသုံးခုလောက် ချိန်းရမယ်။ ပြောင်းလဲမှုတစ်ခုပေ့ါ။ ခေတ်ကာလတစ်ခုနဲ့ တစ်ခုကလည်းမတူပါဘူး။ ကိုယ့်အတွက် အပြောင်းအလဲ အသစ်အဆန်းတစ်ခုလည်း ဖြစ်တယ်ပေ့ါ။

**မေး - ဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ အချိန်တွေရော ဘယ်လိုပေးဖြစ်လဲ။**

ဖြေ - ညီမအတွက် ပထမဦးဆုံးဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ ကိုသားညီကတော့ ညီမတို့ကို အချိန်သေချာပေးထားပါတယ်။ အနုပညာမောင်နှမတွေဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးတော့ လုပ်သွားမှာပါ။ လာလာကြည့်မှာလည်း ပြသမယ်ဆိုတော့ ၈ လပိုင်းကတည်းက တည်ထားတယ်။ ကိုရွှေမန်းတို့ဆိုတာကလည်း ကိုယ့်လူတွေဖြစ်ပြီးတော့ ရုပ်ရှင်ဇာတ်ကားကြီးတွေလည်း အများကြီးရိုက်ဖူးတယ်။ အချိန်ပေးရတယ်ဆိုပေမယ့် အရေးပေါ်အလုပ်လေးတွေရှိရင် ညှိညှိနှိုင်းနှိုင်း လုပ်ခွင့်ပြုတယ်။ ညီမက ဇာတ်လမ်းတွဲမှမဟုတ်ပါဘူး၊ အချိန် ဘယ်လောက်ပေးရပေးရပါ၊ ကိုယ့်အတွက် အနုပညာကျန်ရင် ရိုက်ဖြစ်ပါတယ်။

**မေး - ဇာတ်ကားတစ်ကားနဲ့ တစ်ကားမှာ ဇာတ်ရုပ်တွေကလည်း မတူတတ်ဘူးဆိုတော့ ဘယ်လိုခံစားမှုလုပ်ဖြစ်လဲ။**

ဖြေ - ညီမက ကိုယ်လက်ခံထားတဲ့ အလုပ်တစ်ခုလုပ်နေချိန်မှာ နောက်အလုပ်တစ်ခုဝင်လာတဲ့အချိန်တွေကတော့ ရှားပါတယ်။ ဒါရိုက်တာက ဘယ်အခန်းတွေမှာ ဘယ်လိုရိုက်ရမယ်ဆိုတာ ကြိုပြောထားတယ်။ ဒါကြောင့် ဒီအဖွဲ့တစ်ခုနဲ့ အလုပ်လုပ်ရတာဖြစ်လို့ သူတို့ခွင့်တောင်းပြီးလို့ အဆင်ပြေတယ်ဆိုမှ ကြော်ငြာတွေလည်း ရိုက်ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အခက်အခဲတွေဖြစ်လာရင်တော့ ဒါရိုက်တာအချင်းချင်း ညှိရိုက်ကြတာရှိပါတယ်။ ကာရိုက်တာနဲ့ပတ်သက်ပြီး ခံစားမှုသွင်းရတာတော့ တော်တော်လေးလည်း ခက်ခဲတာပေ့ါနော်။ ကြိုပြင်ဆင်ထားတာတော့ မရှိဘူး၊ ကိုယ့်စိတ်ကူးထဲက ပေါ်လာတဲ့အတိုင်းဆိုပေမယ့် ဒါရိုက်တာကြိုက်နှစ်သက်တဲ့ မုဒ်မရမချင်းက တော့ ညီမလုပ်ပေးပါတယ်။ စစချင်း ဇာတ်ကားကြီးကို ကာရိုက်တာ မရင်းနှီးဘဲ ရိုက်ရတော့အခက်အခဲတော့ ရှိတာပေ့ါ။

**မေး - အခက်အခဲဖြစ်နိုင်တဲ့ ကာရိုက်တာတွေရော ရှိမလား။**

ဖြေ - တချို့ ဒါရိုက်တာပြောတဲ့အကြောင်းအရာနဲ့ ကိုယ်မသိတဲ့အကြောင်းအရာတွေရှိချိန်မှာ ကိုယ်နားမလည်ဘဲဖြစ်ချိန် ကိုယ့်အတွက် ဖိအားတွေများစေခဲ့တာတွေလည်း ရှိပါတယ်။ စိတ်အေးအေးထား ပြင်ဆင်လိုက်တော့လည်း အဆင်ပြေသွားပါတယ်။ ဒီလိုကာရိုက်တာက ဒီအချိန်မှာ မလုပ်နိုင်ပေမယ့် နောက်တစ်ချိန်မှာ ကြုံလာနိုင်တယ်ဆိုတော့ စိတ်အေးအေးထားပြီး အကောင်းဆုံးလုပ်ဆောင်ပါတယ်။

**ကိုလင်း**



# ဂမ္ဘီရဆန်ဆန်နှင့် ဒရာမာပေါင်းစပ်ထားသည့် သမုဒယ ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးတော့မည်

Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း/ဇာတ်ညွှန်း-သီဟစိုး၊ ဇော်မင်းဖြိုးနှင့် ဇာနည်ဝေဖြိုးတို့ ရေးသားထားသော သမုဒယဟုအမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဩရသက ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင်များအဖြစ် နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို၊ မေဇူးမောင်၊ မြင့်စိုင်းသားအောင်အောင်၊ ဒေါင်းဝေ၊ ဟန်ဆက်လူနှင့် အနုပညာရှင်များစွာဖြင့် လာမည့်ဒီဇင်ဘာလတွင် ပြင်ဦးလွင်မြို့ မန္တလေးမြို့နှင့် ရန်ကုန်မြို့များ၌ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဇာတ်ကားသည် ဒါရိုက်တာသီဟစိုး၏ ပွဲဦးထွက်ရိုက်ကူးသောကားတစ်ကားဟုလည်း သိရသည်။

"အားလုံး စတင်မရိုက်ခင်ကတည်းက သေချာညှိနှိုင်းကြပြီးမှ အကောင်းဆုံးကားတစ်ကားဖြစ်လာအောင် ရိုက်ကူးကြမှာပါ၊ အခုဆို ပရိသတ်က ညာလို့မရတော့ဘူး၊ သူတို့ အကုန်လုံးသိတယ်၊ ဇာတ်ကားတစ်ကားကို ဘယ်လိုကြိုးစားထားတယ်ဆိုတာကအစ၊ အဲဒီတော့ ကျွန်တော်တို့ဘက်ကရော၊ ထုတ်လုပ်ရေးဘက်ကပါ အကောင်းဆုံးဖန်တီးဖို့ စဉ်းစားရတယ်၊ ဒီကားကြီးကလည်း ကျွန်တော်တို့ ကြိုးစားမှုကိုတွေ့မြင်ရမယ့် ကားကောင်းတစ်ကားဖြစ်မယ်ဆိုတာ ကျွန်တော်အာမခံပါတယ်"ဟု ဒါရိုက်တာ သီဟစိုးက ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးနေရာဖြစ်သည့် ကလေးနှစ်ယောက်၏ မိခင်အဖြစ်ပါဝင်မည့် သရုပ်ဆောင် မေဇူးမောင်ကလည်း "အနုပညာလုပ်တဲ့ သက်တမ်းအရဆို ညီမကနုသေးတယ်လို့ ပြောနိုင်ပါတယ်၊အဲဒီတော့ အခက်အခဲတော့ရှိလာနိုင်မယ်လို့ထင်ပါတယ်၊ ပြီးတော့ ကာရိုက်တာက ကလေးနှစ်ယောက်ရဲ့အမေနေရာကဆိုတော့ ကိုယ်တစ်ခါမှမရိုက်ဖူးတဲ့ နေရာကနေလုပ်ရတာ၊ စိတ်တော့ပူမိတယ်"ဟု ပြောသည် ။



Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးသည် ပွဲဦးထွက်ရုပ်ရှင်ဖြစ်သည့် ဒုဋ္ဌဝတီကို လွှန်၍ ရုပ်ရှင်ဇာတ်ကားဖြင့် အောင်မြင်မှုများရရှိခဲ့သော ထုတ်လုပ်ရေးတစ်ခုဖြစ်ပြီး သရုပ်ဆောင် နိုင်းနိုင်းနှင့်အတူ အဆိပ်ရှိလူရိုင်းဇာတ်ကားနှင့် ယခု သမုဒယဇာတ်ကား အပါအဝင် သုံးကားရိုက်ကူးမည်ဟု သိရသည်။ **ကိုလင်း**

# ဩစတြေးလျတွင်ကျင်းပမည့် Manhunt ပြိုင်ပွဲသို့ ဝဏ္ဏအေးကျော် သွားရောက်ယှဉ်ပြိုင်မည်

ယခုလ ၂၆ ရက်တွင် ဩစတြေးလျနိုင်ငံ Gold Coast မြို့၌ပြုလုပ်မည့်ဖြစ်ပြီး Manhunt International World Final ပြိုင်ပွဲသို့ Stars & Models မှ မော်ဒယ် ဝဏ္ဏအေးကျော်အား မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်သွားမည်ဟု သိရသည်။

Stars & Models မှ ဂျွန်လွင်က "၂၀၁၅ ခုနှစ်ကနေစတင်ပြီး ကျွန်တော်တို့ Stars & Models အေဂျင်စီက အရည်အချင်းပြည့်ဝတဲ့သူတွေကို အမြဲစေလွှတ်ပါတယ်၊ အခုလည်း နိုဝင်ဘာ ၂၆ ရက်ကနေ ဒီဇင်ဘာ ၃ ရက်အထိ သွားရောက်ယှဉ်ပြိုင်ရမယ့်ပွဲကို မစ္စတာ ဝဏ္ဏအေးကျော်ကို စေလွှတ်မှာဖြစ်ပါတယ်၊ အဲလိုစေလွှတ်တာကလည်း သူ့မှာအရည်အချင်းရှိတယ်၊ ပြီးတော့ ပြိုင်ပွဲနဲ့ ကိုက်ညီမှုရှိနိုင်တယ်ထင်လို့



လွှတ်တာပါ၊ ဆုကိုရောင်းစားထားတာလည်း မရှိပါဘူး၊ ကိုယ့်ဘက်က အကုန်အကျခံပြီး စားစရိတ်၊ နေစရိတ်၊ ခရီးစဉ်ပြိုင်ပွဲတစ်လျှောက်လုံး ပံ့ပိုးသွားမှာပါ၊ ကျွန်တော်တို့အေဂျင်စီမှာ စာချုပ်ချုပ်ထားတဲ့မော်ဒယ်တွေကို စေလွှတ်တာပါ။ အခုစေလွှတ်တဲ့ Manhunt International ပွဲကြီးက Mister ပြိုင်ပွဲတွေထဲမှာဆို ကမ္ဘာမှာနာမည်အကြီးဆုံးနဲ့ အအောင်မြင်ဆုံး ပွဲကြီးတစ်ခုဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ ပထမနှစ်တုန်းက မိုးသူရအောင်ကို စေလွှတ်ပါတယ်၊ ဒုတိယနှစ်မှာတော့ ကောင်းခန့်သူ၊ အခု တတိယနှစ်မှာတော့ ဝဏ္ဏအေးကျော်ကို စေလွှတ်မှာဖြစ်ပါတယ်၊ အကောင်းဆုံးယှဉ်ပြိုင်လာမယ်လို့လည်း ထင်ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဝဏ္ဏအေးကျော်သည် အသက် ၂၁ နှစ်ရှိပြီး အရပ် ၅ ပေ ၁၁ လက်မရှိကာ ၂၀၁၇ ခုနှစ်မှစ၍ မော်ဒယ်လောကသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်ကကျင်းပခဲ့သည့် Man Of The Year 2017 ပြိုင်ပွဲတွင်လည်း 1st Runner Up ဆုကို ဆွတ်ခူးထားသူဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# ဂီတလောကတိုးတက်မှုရှိသလို ဆုတ်ယုတ်မှုများလည်းရှိကြောင်း နောနော် ပြောကြား




အတိုင်းအထက်အလွန် သီချင်းနှင့် ပရိသတ်၏အားပေးမှုကို စတင်ရရှိခဲ့ပြီး ဂီတလောကတွင် ရပ်တည်နိုင်ခဲ့ကာ တစ်ကိုယ်တော်စီးရီးပေါင်း ခြောက်ခွေတိတိထွက်ခဲ့သည့် နောနော်အနေဖြင့် နောက်ပိုင်းတွင် ဂီတထက် စီးပွားရေးဘက်ကို ဦးစားပေးအခြေချခဲ့သည်မို့ ဂီတပိုင်းတွင် အားနည်းသွားသည့်အပေါ် ယခုလို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး - နောနော် စီးပွားရေးလုပ်နေပြီဆိုတော့ ကိုယ်မကျွမ်းကျင်တဲ့နယ်ပယ်မှာ ရပ်တည်ရပုံကို ပြောပြပါဦး။**

ဖြေ - မတူတာတော့အမှန်ပဲဗျာ၊ ဂီတက စန်းနဲ့ဆိုင်တယ်လို့ ပြောရမယ်၊ ကိုယ်က ဒီအချိန်မှာ ဖြစ်ချိန်တန်လို့ဖြစ်လာတယ်၊ စီးပွားရေးကျတော့ အများကြီးစဉ်းစားရတယ်၊ ရင်းနှီးမြှုပ်နှံမှုက ချက်ချင်းကြီး ဘဝကိုပြောင်းလဲတာမျိုးလည်း မဟုတ်ဘူး၊ အချိန်ပေးရတယ်၊ ပြိုင်ဆိုင်ရတာမျိုးလေ၊ ဂီတကတော့ ကိုယ်ပိုင်အရည်အချင်းနဲ့ပဲ သက်ဆိုင်တာမျိုးပါ။

**မေး - ဂီတလောကအပေါ် နောနော်အမြင်က။**

ဖြေ - တိုးတက်မှုအပိုင်းတွေရှိသလို ဆုတ်ယုတ်မှုအချို့လည်းရှိပါတယ်၊ တိုးတက်မှုကတော့ ဂီတမျိုးဆက်တွေ အများကြီးပေါ်လာတယ်၊ ကြိုးစားကြတယ်၊ ပြိုင်ပွဲတွေလည်း အများကြီးရှိလာတယ်၊ နောက်ပြီး နည်းပညာပိုင်းတွေလည်း တိုးတက်တဲ့အထဲမှာပါလာတယ်၊ ကျွန်တော့်ခံယူချက်ကို ပြောပြရရင်တော့ တိုးတက်တာ၊ ဆုတ်ယုတ်တာတွေ မသိတာအမှန်ပဲ။ တိုးတက်သည်ဖြစ်စေ၊ ဆုတ်ယုတ်သည်ဖြစ်စေ ကိုယ့်ကြိုးစားမှုကိုပဲ ယုံကြည်တယ်၊ ဘယ်သူတွေဘာပဲပြောပြော ခံစားမနေဘူး။

**မေး - အချို့က အောင်မြင်မှုအပေါ်မှိန်းပြီး နောက်ထပ်အနုပညာဖန်တီးမှုတွေ ထပ်မလုပ်နိုင်တော့ဘဲ သီချင်းဆိုလည်း ဒီသီချင်းနဲ့ပဲ လုပ်သွားကြတာမျိုးရှိတယ်။ အဲဒီအပေါ် အမြင်က။**

ဖြေ - မှန်တယ်၊ ကျွန်တော်လည်း အဲလိုဖြစ်ခဲ့ဖူးပါတယ်၊ ဒီလောက်ဆိုရပြီ၊ကျေနပ်တယ်ဆိုတာမျိုး၊ ခံစားခဲ့ဖူးတယ်၊ အဲဒီတော့ နောက်ထပ်မဖန်တီးနိုင်ဘဲ ပရိသတ်ကြိုက်ခဲ့တဲ့ဟာလေးကိုပဲ မှိန်းပြီး နေတတ်လာတာလေ၊ ဘာဖြစ်လာလဲဆို ကြာတော့ ယုံကြည်မှုနည်းလာတယ်၊ အတွေးအခေါ်တွေကအစ မှားလာတယ်၊ ပျင်းရိလာတယ်၊ ကိုယ့်ကိုယ်ကိုယ် အားငယ်မှုတွေဖြစ်လာတယ်၊ အခုတော့ တဖြည်းဖြည်းယုံကြည်မှု ပြန်တည်ဆောက်ရတယ်၊ စိတ်ဓာတ်တွေ ပြန်မြှင့်တင်နေရတယ်၊ ကျွန်တော်က ရော့ခ်သမားဆိုတော့ ဂီတနဲ့ပတ်သက်ပြီး ပြောင်းလဲမသွားတာတော့ အမှန်ပါပဲ။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ညို့အားပြင်းတဲ့ပုံတွေကြောင့် ခင်ပွန်းဖြစ်သူကို စိတ်ညစ်စေတယ်လို့ ကင်ကာဒစ်ရှီရန် ဖွင့်ဟ



ညို့အားပြင်းတဲ့ပုံတွေနဲ့ ကျော်ကြားလာခဲ့တဲ့ ကင်ကာဒက်ရှီရန်ဝက်စ်က သူ့ရဲ့ညို့အားပြင်းတဲ့ပုံတွေ လူမှုမီဒီယာတွေပေါ် တင်တာကို ခင်ပွန်းဖြစ်သူက သဘောမကျဘူးလို့ ပြောပါတယ်။ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်နေကျဖြစ်တဲ့ အင်တာဗျူးအစီအစဉ်တစ်ခုမှာ ဒီလိုဖြေကြားခဲ့တာပါ။ ကင်ကာဒက်ရှီရန်ကို သူ့အနေနဲ့ ညို့အားပြင်းတဲ့ပုံတွေ လူမှုမီဒီယာတွေပေါ်မှာတင်တဲ့အခါ ခင်ပွန်းဖြစ်သူနဲ့ ပြဿနာတက်ရသလားမေးတဲ့အခါမှာတော့ လူမှုမီဒီယာပေါ်က သူ့ပုံတွေဟာ ခင်ပွန်းဖြစ်သူရက်ပ်ပါတစ်ဦးဖြစ်တဲ့ ကင်နီဝက်စ်ကို စိတ်အနှောင့်အယှက် ဖြစ်စေတာလည်းရှိတယ်လို့ ဖြေခဲ့ပါတယ်။ အားလုံးက တစ်ဝက်စီပါပဲ။ ပုံတွေတင်လို့ ပရိသတ်တွေများလာတာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပိုရှိလာတာကို ခင်ပွန်းဖြစ်သူက ကျေနပ်ပေမယ့် ပုံတွေတင်တိုင်းလည်း စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ ဒီတော့ကြိုက်တာနဲ့မကြိုက်တာ တစ်ဝက်စီပါပဲလို့ ကင်ကာဒစ်ရှီရန်က ဖြေပါတယ်။ လွန်ခဲ့တဲ့နှစ်က ကင်ကာဒစ်ရှီရန်က သူ့အနေနဲ့ အဖော်အချွတ်ပုံရိုက်တာတွေကို ရပ်တန့်ဖို့အစီအစဉ်ရှိတယ်လို့ အယ်လ်လူရာမဂ္ဂဇင်းကို ဖြေကြားခဲ့ပါတယ်။ အဖော်အချွတ်ပုံတွေရိုက်တာကို နောက် ၁၀ ရက်အတွင်း လုပ်နိုင်ဖို့ဆိုတာ မသေချာပါဘူး။ ဘယ်အသက်အရွယ်မှာ ဒီလိုပုံတွေရိုက်တာကို ရပ်မယ်ဆိုတာကိုတော့ အတိအကျမပြောနိုင်သေးပါဘူးလို့ ပြောပါတယ်။

စီအင်န်အင်န်

# အမေရိကန်အမျိုးသားအဆိုတော်အဖွဲ့ LFO မှ ဒက်ဗင်လီမာသေဆုံး



အမေရိကန်ပေါ့ပ် အမျိုးသားအဖွဲ့ဖြစ်တဲ့ LFO အဖွဲ့မှ အဖွဲ့သားတစ်ဦးဖြစ်သူ ဒီဗင်လီမာဟာ အသက် ၄၁ နှစ်အရွယ်မှာပဲ သေဆုံးသွားပြီလို့ သိရပါတယ်။ ကင်ဆာရောဂါကို အချိန်အတော်ကြာ တွန်းလှန်ခဲ့ပေမယ့် အခုအခါမှာတော့ သေဆုံးသွားခဲ့ပြီလို့ သူ့ရဲ့မိခင်ဖြစ်သူက အတည်ပြုပြောကြားခဲ့ပါတယ်။ သားဖြစ်သူရဲ့သေဆုံးမှုသတင်းကို ဖီလိုမီနာလီမာက ယူအက်စ်ဝိခ်ကလီးကို ပြောခဲ့ပါတယ်။ သူသေဆုံးချိန်မှာ သူ့ချစ်သူဟာလီမာရဲ့ဘေးနားမှာ ရှိနေခဲ့ပြီး နံနက် ၂ နာရီ ၄၅ မိနစ်မှာ သေဆုံးသွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ သူဟာ ကင်ဆာရောဂါလို့ သိပြီးချိန်ကစပြီး ၁၃ လကြာအောင် ကင်ဆာနဲ့ တိုက်ပွဲဝင်ခဲ့ပါတယ်။ LFO အဖွဲ့ကိုလီမာ၊ ဘရက်ဖီစက်တီနဲ့ ရစ်ချ်ကိုနင်တို့သုံးဦးနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ၁၉၉၉ ခုနှစ်မှာ Summer Girls သီချင်းနဲ့ အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါတယ်။ သူတို့အဖွဲ့ထဲက ကိုနင်းဟာ ၂၀၁၀ ပြည့်နှစ်မှာ သွေးကင်ဆာနဲ့ သေဆုံးခဲ့တဲ့နောက်ပိုင်းမှာတော့ အဖွဲ့မှာ နှစ်ဦးသာ ကျန်ရစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နွေရာသီကပဲ Perfect10 ဆိုတဲ့သီချင်း ထွက်ရှိခဲ့ပါတယ်။ အခုအဖွဲ့ထဲမှာ နောက်ဆုံးကျန်ခဲ့တဲ့ အဖွဲ့သားတစ်ဦးဖြစ်သူ ဘရက်ဖီစကတ်တီကတော့ သူတို့အဖွဲ့ရဲ့ အမှတ်တရပုံလေးတွေကို အင်စတာဂရမ်ပေါ် တင်ထားတာကိုလည်း တွေ့ရပါတယ်။ LFO အဖွဲ့ရဲ့ပရိသတ်တွေကတော့ ဝမ်းနည်းကြေကွဲကြောင်းတွေကို လူမှုမီဒီယာတွေပေါ် တင်ထားတာကိုလည်း တွေ့ရပါတယ်။

စီအင်န်အင်န်

ချိုး



# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၁၀)

## မောင်ခင်မင် (ဓနုဖြူ)

" နယ်မပြတ်တဲ့ အနက်ဆန့်ကျင်စကားလုံးတွေရဲ့ကြားက အလယ်အလတ်ပမာဏကို ဖော်ပြတဲ့စကားလုံးဖန်တီးမယ်ဆိုရင် အဲဒီစကားနှစ်လုံးရဲ့ ရှေ့ကမ-တွဲပြီး အလယ်အလတ်စကားလုံးဖန်တီးနိုင်တယ်ကွဲ့ "

" ဘယ်လိုဖန်တီးတာလဲ ဘဘ"

" 'တို' နဲ့ 'ရှည်' ဆိုပါတော့။ အဲဒီစကားလုံးနှစ်လုံးရဲ့အလယ်အလတ်ပမာဏကို ဖော်ပြချင်ရင် ရှေ့က မ-တွဲပြီးသုံးရတယ်။ အဲဒီစကားလုံးနှစ်လုံးရှေ့က မ-တွဲကြည့်စမ်းပါ။ ဘယ်လိုဖြစ်မလဲ"

"မတိုမရှည်ပေါ့ ဘဘ"

" အဲဒီပုံစံအတိုင်း တခြားစကားလုံးတွေနဲ့ သုံးကြည့်လို့ရပါတယ်။ 'မနိမ့်၊ မမြင့်'၊ 'မကြီး၊ မငယ်'၊ 'မနီး၊ မဝေး'၊ 'မကျဉ်း၊ မကျယ်'၊ 'မပိန်၊ မဝ' ဆိုတာ မျိုးတွေသုံးနိုင်တယ် မဟုတ်လား"

" ဟုတ်ကဲ့၊ သုံးနိုင်ပါတယ် ဘဘ"

" အဲဒီလိုပဲ အဲဒီအနက်ဆန့်ကျင်နှစ်လုံးထဲက တစ်လုံးကိုယူပြီး ရှေ့က 'မ' နဲ့ 'တ' တွဲပြီး နှစ်ခါထပ်သုံးလို့လည်းရတယ်။ 'မနီးတနီး'၊ 'မဝေးတဝေး'၊ 'မဝတဝ' ဆိုတာမျိုးတွေပေါ့"

" ဟုတ်ကဲ့ပါ "

"အဲဒီလို 'မ' နဲ့ 'တ' တွဲတာကတော့ အနက်ဆန့်ကျင်စကားလုံးမဟုတ်တဲ့ စကားလုံးတွေနဲ့လည်း တွဲသုံးပါတယ်။ 'မရောက်တရောက်'၊ 'မကြာတကြာ'၊ 'မသိတသိ'၊ 'မနိုးတနိုး' ဆိုတာမျိုးတွေပေါ့"

" နားလည်ပါပြီ ဘဘ "

" နောက်မှတ်သားစရာတစ်ခုရှိသေးတယ်။ အဲဒီနည်းမပြတ်တဲ့ အနက်ဆန့်ကျင်စကားလုံး နှစ်လုံးထဲက တစ်လုံးကို ပင်တိုင်ထားပြီး သုံးလေ့ရှိတယ်။ 'ကျယ်' နဲ့ 'ကျဉ်း' ဆိုပါတော့။ အတိုင်းအတာပမာဏကို ပြောတဲ့အခါမှာ 'ကျယ်' ကို ပင်တိုင်ထားပြီး သုံးတယ် "

" ဘယ်လို ... ဘယ်လိုသုံးတာလဲ ဘဘ။ သမီးသိပ်နားမလည်ပါဘူး "

" ဆိုပါတော့ကွယ်။ ကဲ... အခန်းတစ်ခန်းရဲ့ပမာဏကို သိချင်ရင်ဘယ်လိုမေးမလဲ။ သမီးမေးကြည့်ပါလား "

" 'ဒီအခန်းက ဘယ်လောက်ကျယ်သလဲ' လို့မေးရမယ်ထင်ပါတယ် ဘဘ "

" ဟုတ်ပါတယ် ။ 'ဒီအခန်းက ဘယ်လောက်ကျယ်သလဲ' လို့မေးမှာပေါ့။ ကဲ ... အခန်းက ၁၀ ပေပတ်လည်ပဲရှိရင် ဘယ်လိုပြန်ဖြေမလဲ "

" 'အခန်းက ၁၀ ပေပတ်လည်ပဲ ကျယ်တယ်' လို့ဖြေပါ့မယ် "

" ဟုတ်တယ်။ ဒါပေမယ့် ၁၀ ပေပတ်လည်ဆိုတာကျယ်တယ်ပြောမလား။ ကျဉ်းတယ်ပြောမလား "

" လူနေဖို့အခန်းဆိုတဲ့ စံနဲ့တိုင်းရင်တော့ ၁၀ပေပတ်လည်ဆိုတာကျဉ်းတာပေါ့ ဘဘ "

" ဟုတ်တယ်။ ဒါပေမယ့် '၁၀ ပေပတ်လည်ကျဉ်းတယ်' လို့ ပြောလေ့ရှိသလား"

" မပြောပါဘူး ဘဘ။ '၁၀ ပေပတ်လည်ကျယ်တယ် ' လို့ပဲပြောပါတယ်"

" ဒီတော့ ဒီစကားမှာ 'ကျယ် ' ဆိုတာ တကယ်ကျယ်တဲ့အဓိပ္ပာယ်မဟုတ်တော့ဘူးလေ။ အတိုင်းအတာပမာဏဆိုတဲ့ ယေဘုယျအဓိပ္ပာယ်ပဲဖြစ်သွားတယ် မဟုတ်လား "

" ဟုတ်ပါတယ် ဘဘ၊ စိတ်ဝင်စားစရာပဲနော်"

" ဟုတ်တယ်။ အမှုမဲ့၊ အမှတ်မဲ့သုံးရင်တော့ ဒီသဘောကိုသတိမထားမိဘူးပေါ့။ အဲဒီလိုပဲ။ 'ဒီကြိုးကဘယ်လောက်ရှည်သလဲ' လို့ပဲ မေးလေ့ရှိတယ်။ ဒီကြိုးက 'ဘယ်လောက်တိုသလဲ' လို့မေးလေ့မရှိဘူး။ ဖြေလာသူကလည်း 'ဟာ-ဒီကြိုးက ခြောက်လက်မပဲရှည်တယ် ' လို့ဖြေမှာပဲ။ 'ခြောက်လက်မပဲတိုတယ်' လို့ မဖြေဘူးလေ။ အဲဒီလိုပဲ 'ဘယ်လောက်ဝေးသလဲ '၊ 'ဘယ်လောက်မြင့်သလဲ' ဆိုတဲ့အမေးတွေကို ဘယ်လောက်ပဲဝေးတယ်၊ ဘယ်လောက်ပဲမြင့်တယ်လို့ပြန်ဖြေတာပဲ။ ဒါပေမယ့် ခုပြောခဲ့တဲ့ သာဓကတွေမှာ 'ရှည် '၊ 'ဝေး'၊ 'မြင့် 'ဆိုတဲ့ စကားလုံးတွေဟာ တကယ်ရှည်တယ်၊ ဝေးတယ်၊ မြင့်တယ်ဆိုတဲ့ အဓိပ္ပာယ် မရှိတော့ဘူး။ သာမန်အတိုင်းအတာပမာဏကို ဖော်ပြတာဖြစ်သွားပြီ"

" နားလည်ပါပြီ ဘဘ"

" အဲ... ပင်တိုင်သုံးတဲ့စကားလုံးမဟုတ်တဲ့ နောက်တစ်လုံးကိုသုံးရင်တော့ အဲဒီအဓိပ္ပာယ်အတိုင်းတကယ်ဆိုလိုတာဖြစ်သွားပြီ။ 'ဒီအခန်းကကျဉ်းလိုက်တာ၊ ၁၀ ပေပတ်လည်ပဲရှိတယ် ' လို့သုံးရင်တော့ တကယ်ကျဉ်းတာဖြစ်သွားပြီ။ အဲဒီလိုပဲ 'ဘယ်လောက်နီးသလဲ'၊ 'ဘယ်လောက်နိမ့်သလဲ ' ဆိုတာမျိုးမေးရင်လည်း တကယ်နီးတာ၊ တကယ်နိမ့်တာဖြစ်သွားပြီလေ"

" ဟုတ်ကဲ့ပါ "

" အဲ... အနက်ဆန့်ကျင်စကားလုံးအများစုက အဲဒီသဘောရှိပေမယ့် တချို့စကားလုံးတွေကျတော့ ပင်တိုင်စကားလုံးမရှိဘဲ နှစ်လုံးစလုံးသုံးလေ့ရှိတယ်။ 'ဘယ်လောက်ပူသလဲ '၊ 'ဘယ်လောက်အေးသလဲ' ဆိုတဲ့မေးခွန်းတွေကိုဖြေရင် တကယ်ပူတဲ့၊ အေးတဲ့ အဓိပ္ပာယ်နဲ့ ဖြေကြမှာပဲလေ"

" ဟုတ်ကဲ့ပါ "

" ခုနပြောတဲ့ စကားလုံးတွေကို ကြိယာလိုမသုံးဘဲ ရှေ့က အ-တွဲပြီးနာမ်ကိုလည်း သုံးကြတယ်။ 'သူ့အရပ်က အမြင့် သုံးပေပဲ ရှိတယ်။ ဒီကြိုးက အရှည် ခြောက်လက်မပဲရှိတယ်' ဆိုတာမျိုးပေါ့။ သုံးပေပဲမြင့်တယ်၊ ခြောက်လက်မပဲရှည်တယ်လို့လည်း သုံးတယ် မဟုတ်လား။ သုံးပေပဲနိမ့်တယ်၊ ခြောက်လက်မပဲတိုတယ်လို့ မသုံးဘူးလေ"

" သဘောပေါက်ပါပြီ ဘဘ "

" နောက်အနက်ဆန့်ကျင်ပုံကတော့ အပြန်အလှန်ဆက်သွယ်မှုရှိတဲ့ အနက်ဆန့်ကျင်ပုံမျိုးပဲ "

" ဟုတ်ကဲ့ပါ "

" အပြန်အလှန်ဆက်သွယ်ပုံအမျိုးမျိုးရှိတယ်။ တစ်မျိုးက 'ရှေ့-နောက်'၊ အပေါ်-အောက်'၊ 'အထဲ-အပြင်'၊ 'အတွင်း-အပြင်'၊ 'လက်ဝဲ-လက်ယာ'၊ 'အရှေ့-အနောက်'၊ 'တောင်-မြောက်' ဆိုတဲ့ စကားလုံးတွေပဲ။ တည်နေရာချင်းအပြန်အလှန်ဆက်သွယ်မှုမရှိတဲ့ အနက်ဆန့်ကျင်စကားလုံးတွေပေါ့"

" ဘဘ၊ တစ်ခုမေးချင်လို့ပါ။ ရှေ့-နောက်နဲ့ အရှေ့-အနောက်အတူတူပဲမဟုတ်လား "

" အဲ... ဒီနေရာမှာတော့ သမီးက မတော်တော့ဘူး။ သမီးတို့လူငယ်တွေတော်တော်များများ ရှေ့-နောက်ကို အရှေ့-အနောက် လို့မှားပြောနေကြတော့ အတူတူဖြစ်နေတာပေါ့"

" ဩော်-ဟုတ်ကဲ့ "

" ရှေ့-နောက်က ကိုယ်မျက်နှာမူတဲ့ ဘက်နဲ့ကျောခိုင်းတဲ့ဘက်ကိုပြောတာလေ။ အရှေ့-အနောက်ကအရပ်မျက်နှာကိုပြောတာ။ မတူဘူး"

" မှတ်ထားပါ့မယ် ဘဘ။ နောင်မမှားအောင်သတိထားပါ့မယ် "

" ဒီစကားလုံးတွေက တည်နေရာချင်း ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဒါပေမယ့် အပြန်အလှန်ဆက်သွယ်မှုရှိတယ်။ ဆန့်ကျင်တဲ့သဘော ထင်ရှားအောင်တွဲသုံးလေ့ရှိတယ်။ 'ရှေ့ရေးနောက်ရေးကြည့်ရမှာပေါ့။' 'အထက်လူနဲ့အောက်လူ အဆင်ပြေဖို့လိုတယ်'၊ 'အတွင်းမီးကိုအပြင်မထုတ်နဲ့၊ အပြင်မီးကိုအတွင်းမသွင်းနဲ့' ဆိုတာမျိုးတွေပေါ့ "

"နောက်တစ်မျိုးကတော့ 'လားရာဘက်' ချင်းဆန့်ကျင်တဲ့စကားလုံးအတွဲတွေပဲ။ 'သွား-လာ၊ ပေး-ယူ၊ ရောင်း-ဝယ်၊ တက်-ဆင်း၊ တွန်း-ဆွဲ' ဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ ကိုယ့်ဘက်ကနေ တခြားဘက်ကို ဦးတည်ပြီးရွေ့ရင် 'သွား'၊ တခြားဘက်ကကိုယ့်ဘက်ကို ဦးတည်ပြီးရွေ့ရင် 'လာ' လို့ သုံးတယ်မဟုတ်လား။ ဒီတော့ လားရာဘက်ချင်း ဆန့်ကျင်တာပေါ့"

" ဟုတ်ကဲ့ပါ "

" 'သမီးကျောင်းကိုသွားတယ်' လို့ပြောရင် သမီးအိမ်ကနေပြီးကျောင်းဘက်ကိုဦးတည်တာမဟုတ်လား။ ပြောတဲ့သူက အိမ်မှာရှိနေတာပေါ့။ အဲ -' သမီးကျောင်းကိုလာတယ်' လို့ပြောရင်တော့ သမီးကကျောင်းရောက်နေပြီ။ ကျောင်းဘက်ကိုဦးတည်တာ ဖြစ်သွားပြီးပြောတဲ့သူက ကျောင်းမှာရှိနေတာပေါ့။ အေးအေးဆေးဆေး စဉ်းစားကြည့်လေ"

" ဟုတ်ကဲ့ပါ ဘဘ"

" ဒီလိုပဲ 'ပေးတာ ' နဲ့ 'ယူတာ'၊ 'ရောင်းတာ' နဲ့ 'ဝယ်တာ' ဟာလည်း လားရာဘက်ချင်းအပြန်အလှန်ပဲမဟုတ်လား။ 'ကျွန်တော်ကသူကို စာအုပ်ရောင်းတယ်' ဆိုတဲ့စကားနဲ့ 'သူကကျွန်တော့်ဆီကစာအုပ်ဝယ်တယ်' ဆိုတဲ့စကားနဲ့ယှဉ်ကြည့်ရင် အပြန်အလှန်သဘောကိုသိနိုင်ပါတယ်"

" ဟုတ်ကဲ့ပါ"

" ကဲ... နောက်ဆုံးတစ်မျိုးက ဆက်သွယ်မှု အပြန်အလှန်သဘောရှိတဲ့ ဆန့်ကျင်ဘက်စကားလုံးတွေပဲ။ 'ဆရာ-တပည့်၊ လင်-မယား၊ အဖေ-အမေ၊ သား-သမီး၊ မောင်-နှမ၊ ညီ-အစ်ကို၊ အစ်မ-ညီမ၊ အလုပ်ရှင်-အလုပ်သမား' ဆိုတဲ့အပြန်အလှန်ဆက်နွှယ်မှုရှိတဲ့ စကားလုံးတွေပဲ။ အဲ...'အမေနဲ့သား၊ အဖေနဲ့သမီး၊ အဖေနဲ့သား၊ အမေနဲ့သမီး' ဆိုတဲ့ စကားလုံးတွေလည်း အကျုံးဝင်ပါတယ်"

" ဟုတ်ကဲ့"

" ဘယ်လိုအနက်ဆန့်ကျင်သလဲဆိုတာ စဉ်းစားကြည့်ပေါ့။ ဆရာနဲ့တပည့်ဆိုရင် သင်သူနဲ့အသင်ခံရသူဖြစ်လို့ အနက်ဆန့်ကျင်တာပေါ့။ အဖေနဲ့အမေကျတော့ ကျား-မကွဲပြားလို့အနက်ဆန့်ကျင်တာပေါ့။ အမေနဲ့သမီးကျတော့ မွေးဖွားပေးသူနဲ့ မွေးဖွားလာသူဆိုတဲ့ သဘောအရအနက်ဆန့်ကျင်တာပေါ့။ အဖေနဲ့သမီးလည်း ဒီသဘောပဲပေါ့။ ထင်ရှားတဲ့အနက်ဆန့်ကျင်မှုတစ်ခုခုတော့ရှိနေတာပေါ့ကွယ်။ အဲ... ဒီလောက်ဆိုရင် အနက်ဆန့်ကျင်စကားလုံးတွေအကြောင်း သမီးနားလည်ရောပေါ့"

"ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်ဘဘ"။ ။

# ကိုယ့်အားကိုယ်ကိုး ဇီဝိတဒါနသံဃာ့ဆေးရုံ အမြန်ဖွင့်လှစ်နိုင်ရေး စေတနာရှင်များ လိုအပ်နေ

**တနသ်ာရီ နိုဝင်ဘာ ၂၃**

တနသ်ာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနသ်ာရီမြို့နယ် တကူကျေးရွာအုပ်စု တကူကျေးရွာ စံပြတိုက်နယ်ပြည်သူ့ ဆေးရုံဝင်းအတွင်း ကိုယ့်အားကိုယ်ကိုး ဇီဝိတဒါနသံဃာ့ဆေးရုံအဆောက်အအုံ ကိုယခင်နှစ်(၂၀၁၇)က တာဝန်ခံ ဆရာဝန် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါက်တာညီညီဇော်၏ဦးဆောင်မှုဖြင့် ဒေသခံစေတနာရှင်များ မတည် ထည့်ဝင် ငွေကျပ်သိန်း ၈၀နှင့်အတူ တကူကျောင်းကြီးကျောင်းတိုက်ဆရာတော်၏ ဩဝါဒ ကို ခံယူလျက် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၃ ရက်က မြေနေရာသန့်စင်၍ အုတ်မြစ်ချပြီး စတင်တည်ဆောက်ခဲ့သည်။

ယခုအခါတွင် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ဒီဇင်ဘာလတတိယ ပတ်တွင် အပြီးသတ်ပြီးစီးနိုင်ရေးနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် လျှပ်စစ်မီးဆိုင်းများတပ်ဆင်ရန်၊ အဲကွန်း၊ အသင့်သုံးစွဲနိုင်သည့် ရေစင်ပြုလုပ်ရန်နှင့် အတွင်းပိုင်းပရိဘောဂများအတွက် စုစုပေါင်း ကုန်ကျမည့် အလှူငွေကျပ်သိန်း ၅၀ ခန့် လိုအပ်နေသေးသဖြင့် အလှူရှင်လိုအပ် နေသေးကြောင်း လက်ရှိတာဝန်ထမ်းဆောင်နေသည့် တာဝန်ခံဆရာဝန် ဒေါက်တာဖြိုးမြင့်ကြည်က ပြောသည်။

တကူတိုက်နယ်စံပြဆေးရုံသည် (၁၆)ခုတင်ဆံ့ ဆေးရုံသာဖြစ်သော်လည်း တကူကျေးရွာအုပ်စုမှ ကျေးရွာ ၁၄ ရွာ၊ သာရဘွင်ကျေးရွာအုပ်စုမှ ကျေးရွာခွဲ ၁၆ ရွာနှင့် သိန္ဓောကျေးရွာအုပ်စုမှ ကျေးရွာခွဲခြောက်ရွာ စသည်ဖြင့် ကျေးရွာပေါင်း ၃၆ ရွာတို့မှ ဒေသခံတိုင်းရင်းသား ပြည်သူအများစု အဓိက အားထားနေရသော တိုက်နယ်ဆေးရုံတစ်ရုံဖြစ်သည့်အားလျော်စွာ လစဉ် လူနာတက်ရောက်မှုနှုန်းအရ လူနာခုတင်နှင့် နေရာလုံလောက်မှု မရှိခြင်း၊ နာမကျန်းသံဃာတော်များ ရောက်ရှိလာပါက အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသဖြင့် ဆေးရုံဝင်းအတွင်းမှ မြေကွက်လပ်နေရာ၌ ဆရာတော်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာရှင်များ စုပေါင်းတိုင်ပင်ညှိနှိုင်းကာ ဇီဝိတသံဃာ့ဆေးရုံအဖြစ် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးဒေသများမှ စေတနာရှင်များ၏ စေတနာအလျောက် ထည့်ဝင်အလှူငွေပေါင်း ကျပ်သိန်း ၇၀၀ ခန့်ဖြင့် အကုန်အကျခံ ဆောက်လုပ်ပြီးစီးနေခြင်းဖြစ်ပြီး ယင်းသံဃာ့ဆေးရုံသည် အကျယ် ၂၆ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၂၄ ပေ၊ RCC၊ ကြွေပြားအခင်း၊ သွပ်မိုး၊ သစ်မျက်နှာကြက်ပါ၊ ခုတင်လေးလုံးစီဆံ့၊



နှစ်ထပ်အဆောက်အအုံဖြစ်ကာ အရှေ့ပေါ် လူနာများအတွက်လည်း အသုံးပြုနိုင် မည်ဖြစ်ပြီး ၉၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်သဖြင့် တာဝန်ခံဆရာဝန်နှင့်ဒေသခံများက အမြန် ပြီးစီးနိုင်ရေးလိုလားလျက်ရှိကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သုံးနှစ်စီမံကိန်းဖြင့် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ထိုးပေးမည်

**မန္တလေး နိုဝင်ဘာ ၂၃**

ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းကို မန္တလေးမြို့နှင့် အခြားမြို့များတွင် သုံးနှစ်တာစီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

FOUR PAWS International နှင့် မင်္ဂလာမြန်မာတို့ပူးပေါင်း၍ ဆောင်ရွက်မည့် အဆိုပါစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာလ သတ်မှတ်ထားပြီး ခွေးနှင့်ကြောင် အကောင်ရေ တစ်သန်းကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။

"တစ်နှစ်ကို တစ်သန်းရဲ့သုံးပုံတစ်ပုံ ထိုးပြီးတော့ အဲဒီထိုးထားပြီးတဲ့ ခွေးကြောင်တွေကိုပဲ သုံးနှစ်လုံးလုံးထိုးဖို့ ရည်ရွယ်ထားပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးဟာ ခွေးတစ်ကောင်ကို နှစ်စဉ်နှစ်တိုင်း တစ်နှစ်ကို တစ်ကြိမ်နှုန်းနဲ့ သုံးနှစ်ထိုးရတယ်။ အဲဒီ ဒေသမှာရှိတဲ့ ခွေးရဲ့ ၇၀ ရာခိုင်နှုန်းကို ထိုးပေးနိုင်မယ်ဆိုရင် ခွေးရူးရောဂါက အဲဒီဒေသတစ်ခုလုံးမှာ ကင်းစင်သွားမှာ ဖြစ်ပါတယ်"ဟု မင်္ဂလာမြန်မာအဖွဲ့၏ CEO က ပြောသည်။

မြန်မာနိုင်ငံတွင် ခွေးကောင်ရေ လေးသန်းဝန်းကျင်ရှိသည်ဟု ခန့်မှန်းကြောင်း၊ ယင်း၏ ၇၀ ရာခိုင်နှုန်းကို ဆေးအလုံးရေ ကိုးသန်းခန့် ထိုးရမည်ဖြစ်ကြောင်း၊ ၁၂ နှစ်၊ ၁၃ နှစ်လောက်အတွင်းမှာ ကိုးသန်းလုံး တတ်နိုင်အောင် ထိုးမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်အတွင်း ခွေးရူးရောဂါကင်းစင်ရန် ကြိုးစား လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။




မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပဲခူးနှင့် ရခိုင်ပြည်နယ်တို့၌ ဆောင်ရွက်မည့် အဆိုပါစီမံကိန်းကို ပထမနှစ်အတွက် FOUR PAWS International က ခွေးရူးရောဂါကာကွယ်ဆေး အလုံးရေ ငါးသိန်း၊ တိရစ္ဆာန်ဆေးကု ဆရာဝန်နှင့် ကျွမ်းကျင်သူများ၊ ကိရိယာပစ္စည်းများ ကူညီပံ့ပိုးမည်ဖြစ်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် ကျန်းမာရေး လုပ်သားများ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်အတွင်း နေပြည်တော်၊ လယ်ဝေးနှင့် ညောင်ဦးမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၅၀၀ ကျော်မှ ခွေးနှင့်ကြောင် အကောင်ရေ ၅၉၀၀၀ ကျော်ကို FOUR PAWS International နှင့် မင်္ဂလာမြန်မာတို့ပူးပေါင်း၍ ကနဦး စမ်းသပ်စီမံကိန်းအဖြစ် ကာကွယ်ဆေးများ အခမဲ့ ထိုးပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ငါန်းဇွန်မြို့နယ်၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအား ရေအသုံးပြုမှု ရေဆိုးစွန့်မှုများ အသိပညာပေး

**ငါန်းဇွန် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာလတတိယပတ်က စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော ပတ်ဝန်းကျင်ဆိုင်ရာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ စစ်ဆေးခြင်းနှင့် ရေ အသုံးပြုမှု၊ ရေဆိုးစွန့်မှုများနှင့်ပတ်သက်၍ အသိပညာပြန့်ပွားရေးဟောပြောပွဲ အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဘောက်ရာက ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ရာတွင် လိုက်နာရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များအားလည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က စွန့်ပစ်ရေနှင့် စွန့်ပစ်ရေဆိုးသန့်စင်သည့် နည်းစနစ်များအကြောင်း ကိုလည်းကောင်း၊ ဘွိုင်လာစစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်စိုးမင်းက ဘွိုင်လာအသုံးပြုသည့်စက်ရုံများ မှထွက်ရှိလာသည့် အမှုန်အမွှားများနှင့် အခိုးအငွေ့များအား သန့်စင်သည့် အကြောင်းကိုလည်းကောင်း၊ လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးမြင့်ကိုကိုက လျှပ်စစ်ဓာတ်လိုက်မှု အန္တရာယ်အကြောင်းကို လည်းကောင်း သိကောင်းစရာများကို ဆွေးနွေးခဲ့သည်။

တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံလုပ်ငန်းရှင်များမှ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# ပြစ်ဒဏ်လွတ်မြောက် တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းအပ်နှံ

**မူဆယ် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တရားရုံး ပြစ်ဒဏ်မှလွတ်မြောက်လာသည့် တရုတ်နိုင်ငံသား ၁၃ ဦးကို နိုဝင်ဘာ ၂၀ ရက်က နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ် နန်းတော်ဂိတ် (အလယ်ပေါက်) တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မင်းသိန်းနှင့်အဖွဲ့က သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံရာ တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအရာရှိ Mr. ZHAO JI HING ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန့်ဟောင်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာအနီး ရွှေလီမြစ်အတွင်းမှ သဲကျောက်များ တရားမဝင်တူးဖော်ရောင်းချမှုဖြင့် တရုတ်နိုင်ငံသား ရန်ယုံစိန်ပါ ၁၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး နမ့်ခမ်းမြို့ နယ်တရားရုံးမှ ဒဏ်ငွေများပေးဆောင်စေရန် အမိန့်ချမှတ်ကာ ယင်း ၁၃ ဦးအနက်မှ ဆန်ကျင်ထုံးပါ ခုနစ်ဦးတို့ကို ပို့ကုန်/ သွင်းကုန်ဥပဒေပုဒ်မ အဖြစ် လည်းကောင်း၊ အလုပ်နှင့် ထောင်ဒဏ်တစ်လကျခံစေခဲ့ကြောင်း သိရသည်။

ချုပ်ရက်စေ့၍ လွတ်မြောက်လာခဲ့သည့် တရုတ်နိုင်ငံသား ၁၃ ဦးတို့ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မအရ တစ်ဦးလျှင် ဒဏ်ငွေကျပ် ၇ သိန်းစီ ပေးဆောင်စေခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လွှဲပြောင်းခဲ့ကြောင်း သိရသည်။ အလားတူ မူဆယ်မြို့ မြို့မရဲစခန်းအချုပ်တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးချုပ်နှောင်ခြင်းနည်းဥပဒေအရ ခေတ္တချုပ်နှောင်ထားသည့် တရုတ်နိုင်ငံသား ပိုင်ယွင့်ပါ သုံးဦးကိုလည်း နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ် နန်းတော်ဂိတ်(အလယ်ပေါက်)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုဝင်ဘာ ၂၀ရက်က တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအရာရှိ ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗန်ရိုးထန် (ပြန်/ဆက်)**

## ကသာမြို့တွင် အပန်းဖြေရေပန်းဥယျာဉ် တည်ဆောက်သွားမည်

**ကသာ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အများပြည်သူ အပန်းဖြေ အနားယူနိုင်ရန် ရေကူးကန်အပါအဝင် အပန်းဖြေရေပန်း ဥယျာဉ်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းထံမှ သိရသည်။

အဆိုပါ အပန်းဖြေရေပန်းဥယျာဉ်ကို ကသာမြို့ အမှတ်(၃) ရပ်ကွက်ရှိ အာဇာနည်ကျောက်တိုင်ကွင်းအတွင်း၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရန် လက်ရှိတွင် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကသာမြို့က ခရိုင်မြို့ဖြစ်ပါတယ်။ မြို့အင်္ဂါရပ်နဲ့အညီ ဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အခု အပန်းဖြေ ရေပန်းဥယျာဉ်လုပ်ဖို့အတွက် မြေနှစ်ဧကခန့် ရထားပါပြီ။ ကွင်းဆင်းပြီးတော့ ဘယ်လောက် ကုန်ကျမယ်ဆိုတာကို အင်ဂျင်နီယာကို တွက်ချက်ခိုင်းထားပါတယ်။ တွက်ချက်ပြီး ထွက်လာတဲ့ ငွေပမာဏပေါ်မူတည်ပြီး အစိုးရအဖွဲ့နဲ့ ချိတ်ဆက်ပြီး တင်ပြတောင်းခံကာ လာမယ့်ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ အပန်းဖြေရေပန်းဥယျာဉ်ထဲတွင် ရေကူးကန်၊ ရောင်စုံမီးထွက်ရေပန်းဥယျာဉ်၊ ကလေးကစားကွင်း၊ ကျန်းမာရေးလေ့ကျင့်ပစ္စည်းများ၊လေညင်းခံ ခုံတန်းလျားလေးများနှင့် အလှသစ်ပင်၊ပန်းပင်များဖြင့် လည်ပတ်စရာ နေရာတစ်နေရာ အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်အတွက် အပန်းဖြေ ရေပန်းဥယျာဉ်ပြုလုပ်ဆောင်ရွက်ပေးရန် နိုဝင်ဘာ ၁၁ ရက်က ကသာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကသာမြို့ မြို့မိမြို့ဖနှင့် အဖွဲ့ဝင်များသည် အာဇာနည်ကျောက်တိုင်ကွင်းသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## မြောက်ဦးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် ဆွမ်းလှူဒါန်းပွဲနှင့် ဆီမီးတစ်ထောင်ပူဇော်ပွဲများဖြင့် စည်ကားစွာကျင်းပ

**မြောက်ဦး နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ၏ အကြိမ်(၉၀)မြောက် တန်ဆောင်တိုင်ပွဲတော်အဖြစ် ဆီမီးတစ်ထောင် ပန်းတစ်ထောင် ပူဇော်ပွဲနှင့် သင်ပုန်းဆွမ်းတင်လှူပူဇော်ပွဲ၊ ဝက်ပါပွဲ၊ ရခိုင်စင်တင် စတိတ်ရှိုးပွဲများဖြင့် နိုဝင်ဘာ ၂၁ ရက် ညနေပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင်မီးပွဲတော်တွင် မြောက်ဦးမြို့ရှိ အထင်ကရနေရာများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများရှိ စေတီပုထိုးများတွင် မြောက်ဦးမြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်အဖြစ် ဆီမီးတစ်ထောင် ပန်းတစ်ထောင်ဖြင့် ပူဇော်ကြပြီး မြို့ပေါ်ရပ်ကွက်များဖြစ်သော တောင်ရပ်၊ လက်ကောက်ဈေး၊ အလယ်ဈေး၊ ကြက်ဈေးနှင့် ဗန္ဓုလရပ်ကွက်တို့မှ ပြည်သူများက သင်ပုန်းဆွမ်းများ ဆက်ကပ်လှူဒါန်းကြခြင်းဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်နှင့်အတူ ပျော်ပွဲရွှင်ပွဲများအဖြစ် သျှစ်သောင်းဘုရားအနီးတွင် ရခိုင်စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်း အစီအစဉ်နှင့် ပြည်သူများ ပျော်ရွှင်စေရန် ဝက်ပါကွင်းကိုလည်း ပြုလုပ်ထားရာ ဒေသခံပြည်သူများ စည်ကားလျက်ရှိသည်။

**ခရိုင် (ပြန်/ဆက်)**



## တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တန့်ကြည်တောင်စွယ်တော်ဘုရားသို့ ဘုရားဖူးအသွားများ၍ စက်လှေများ ပုံမှန်ထက် ပိုမိုပြေးဆွဲနေရ

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသသို့ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှုများကာ မြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင် စွယ်တော်မြတ်စေတီသို့လည်း ဘုရားဖူးသွားသူများသောကြောင့် ဖူးဘုရားမြစ်ဆိပ်ရှိ စက်လှေအငှားလိုက် ပို့ဆောင်သူများအနေဖြင့် သာမန်အချိန်ထက် စက်လှေအခေါက်ရေပိုဆွဲရပြီး စက်လှေခလည်းပိုရသောကြောင့် ယခုရက်အတွင်း စက်လှေသမားများ အဆင်ပြေနေကြကြောင်း သိရသည်။

သာမန်အချိန် စက်လှေငှားရမ်းခမှာ ကျပ်တစ်သောင်းခွဲဖြစ်သော်လည်း ယခု တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဘုရားဖူးလာဧည့်သည်များပြားသည့်အတွက် စက်လှေခများမှာ ကျပ်နှစ်သောင်းခွဲအထိ ဈေးတက်နေသလို သာမန်အချိန်တွင် တစ်ရက်လျှင် နှစ်ခေါက်သာ ပြေးဆွဲသော်လည်း ယခုရက်ပိုင်းတွင် တစ်ရက်လျှင် ငါးခေါက်အထိ ပြေးဆွဲနေရကြောင်း သိရသည်။

"ကျွန်တော်တို့ ဖူးဘုရားမြစ်ဆိပ်မှာ စက်လှေအစီးပေါင်း ၂၇၀ ကျော်ရှိပြီး အစီးရေ ၂၅၀ ပုံမှန်ပြေးဆွဲနေပါတယ်၊ အခါကြီးရက်ကြီးများမှာ စက်လှေအကြိမ်ရေပိုဆွဲရခြင်းကြောင့် သာမန်အချိန်ထက် စက်လှေပြေးဆွဲခဝင်ငွေ လေးငါးဆ ပိုရပါတယ်"ဟု စက်လှေပိုင်ရှင်တစ်ဦးဖြစ်သူ ဦးအောင်သူက ပြောသည်။

ဘုရားဖူးများအနေဖြင့် တန့်ကြည်တောင် စွယ်တော်ဘုရားကို ဖူးရန်အတွက် မြစ်တစ်ဖက်ကမ်းရောက်လျှင် ထပ်မံ၍ ကားငှားရပြီး ကားအသွားအပြန် ခရီးအတွက် စူပါကာစတန် တစ်စီးလျှင် ကျပ် ၂၃၀၀၀၊ အေဒီဗင် တစ်စီးလျှင် ကျပ် ၁၈၀၀၀၊ လိုက်ထရပ် တစ်စီးလျှင် ကျပ် ၂၀၀၀၀ နှင့် ခွေးဘီလူး တစ်စီးလျှင် ကျပ် ၁၅၀၀၀ ကျသင့်ကြောင်းလည်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



## ငြိမ်းချမ်းရေးတွဲလက်များ သင်္ဘောခရီးစဉ် စလေမြို့သို့ရောက်ရှိ

**စလေ နိုဝင်ဘာ ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် (၂၁)ရာစုပင်လုံညီလာခံကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့မှ စတင်ထွက်ခွာခဲ့ပြီး ရန်ကုန်အထိ ဧရာဝတီမြစ်ကြောင်းအတိုင်း သွားမည့် ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးသင်္ဘောကြီးသည် မကွေးတိုင်းဒေသကြီး စလေမြို့သို့ နိုဝင်ဘာ ၂၂ ရက် နံနက်က ရောက်ရှိခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များသင်္ဘောဆိုက်ကပ်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးစိုးဝင်းနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက လာရောက်ကြိုဆိုကြပြီး ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့က ဧရာဝတီသို့တမ်းခြင်း သီချင်းနှင့် ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် စလေမြို့မှ တာဝန်ရှိသူများနှင့် မြို့ခံပြည်သူများက ရေယာဉ်ပေါ်သို့တက်ရောက်ကာ ငြိမ်းချမ်းရေးနှင့်လူငယ် ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ သုံးရောင်ခြယ် ပြည်သူ့အကျိုးပြု လူမှုရေးကွန်ရက်အဖွဲ့မှ ဦးကိုကိုနိုင်က ငြိမ်းချမ်းရေးအလံသင်္ကေတ ခေါင်းစဉ်နှင့် စာရေးဆရာ ဇေယျမင်းသျှင်က ငြိမ်းချမ်းရေးနှင့်လူငယ် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး စလေမြို့ခံ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

စလေမြို့ အထကကျောင်းရှိ မြတမာခန်းမတွင်လည်း ငြိမ်းချမ်းရေးစကားဝိုင်းကို ထိုနေ့ နေ့လယ်ပိုင်းက ပြုလုပ်ခဲ့ပြီး ညပိုင်းတွင်လည်း အမှတ်(၃)ရပ်ကွက် မြို့မရပ် ကြက်ညီနောင်ဘုရားဝန်းအတွင်း၌ ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့က တေးဂီတများဖြင့်ဖျော်ဖြေကာ ငြိမ်းချမ်းရေးအတွက် ဆန္ဒပြုလက်မှတ်များ ကောက်ခံခဲ့သည်။

ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာထပ်ဆင့်ပွား ငြိမ်းချမ်းရေးသင်္ဘော ခရီးစဉ်ကို မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယအသင်းကစီစဉ်ပြီး သင်္ဘောပေါ်တွင် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ဝင် ၈၀ နှင့် ရေယာဉ်ဝန်ထမ်း ၁၆ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



## ဖောင်းပြင်မြို့နယ်မှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၈၄ ကတ် ပြုလုပ်ပေးအပ်

**ဖောင်းပြင် နိုဝင်ဘာ ၂၃**

ဖောင်းပြင်မြို့နယ် စန္ဒားကျေးရွာမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၁၈၄ ကတ်ကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက ပြုလုပ်ပေးခဲ့ပြီး ပြည်သူများထံပေးအပ်ပွဲကို ကျေးရွာအထကကျောင်းခန်းမ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ် လဝကဦးစီးမှူး ဦးကျော်နိုင်ဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ရာတွင် ယူဆောင်လာရမည့် လိုအပ်ချက်များ၊ ၁၀ နှစ်ပြည့်မှ ၁၈နှစ်ပြည့် လဲလှယ်ရာတွင် လိုအပ်သည့်အချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ အချက်အလက်ပြည့်စုံပါက နေ့ချင်းပြီးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ နိုင်ငံသားစိစစ်ရေးကတ်၏ အရေးပါပုံများ၊ တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ပေးခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ပြင်ဆင်ခြင်းအတွက် ပြစ်ဒဏ်များ စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောသည်။ ထို့နောက် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ် ၁၈၄ ကတ်ကို ကျေးရွာနေပြည်သူများထံ ပေးအပ်ခဲ့သည်။

ဖောင်းပြင်မြို့နယ် လဝကအနေဖြင့် ယခုအစိုးရလက်ထက်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားစိစစ်ရေးကတ် ၃၇၀၈ ကတ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားစိစစ်ရေးကတ် ၁၆၇၅ ကတ်နှင့် ယခု ၂၀၁၈ ခုနှစ် မီနီဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံသားစိစစ်ရေးကတ် ၂၁၄၀ ကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**


## ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးနှံရေးနှိုးဆော်ချက်

၁။ ကျွဲ၊ နွားများ၌ ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါများ အများဆုံးဖြစ်ပွားလေ့ရှိသဖြင့် ကျွဲနွားများရောဂါကင်းစင်စေရန် ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ ခွာနာလျှာနာရောဂါကာကွယ်ဆေးကို ကျွဲ၊ နွား အသက်နှစ်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။

၃။ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးကို ကျွဲ၊ နွား အသက်ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။


၄။ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးကို ကျွဲ၊ နွား အသက်ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ပုံမှန်ထိုးပေးရမည်။

၅။ ထောင့်သန်းရောဂါကာကွယ်ဆေးကို ကျွဲ၊ နွား အသက်ခြောက်လမှ စတင်ထိုးပေးနိုင်ပြီး တစ်နှစ်တစ်ကြိမ်ပုံမှန်ထိုးပေးရမည်။

၆။ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးများထိုးနှံရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၇။ ကျွဲ၊ နွားများတွင်အဖြစ်များသော ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးများ ပုံမှန်ထိုးပေးခြင်းဖြင့် ကူးစက်ရောဂါကြောင့် သေဆုံးမှုလျော့ကျနိုင်ပြီး ရောဂါကင်းစင်၍ ကျန်းမာသန်စွမ်းကာ လယ်ယာလုပ်ငန်းခွင်တွင် ပိုမိုဆောင်ရွက်နိုင်ခြင်း၊ ရောဂါကင်းစင်ကျန်းမာသော ကျွဲ၊ နွားများကို တန်ဖိုးမြင့်ရောင်းဝယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိပါသဖြင့် ပုံမှန်ဆောင်ရွက်သွားကြရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**





## မိုင်းပန်မြို့၌ သံဃာအပါး ၁၅၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူ

**မိုင်းပန် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၂ ရက်က ညောင်ကိုးပင်ကျောင်းတိုက်မှ မွေတော်ပရိယတ္တိစာသင်တိုက်အထိ မြို့အတွင်းလှည့်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သံဃာများနှင့် သီလရှင်ပေါင်း ၁၅၈ ပါးတို့ ကြွရောက်ခဲ့ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဒေသခံပြည်သူများ အပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း အမျိုးမျိုးကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဆန်းမြင့် (မိုင်းပန်)**

# အူရီဒူးမြန်မာနှင့် UNDP တို့ပူးပေါင်း၍ Hackathon 2018 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**
အူရီဒူးမြန်မာနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ အနေဖြင့် မိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်ရန် နှစ်နှစ်တာ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးပြီးနောက် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ပထမဆုံးသော Hackathon ပြိုင်ပွဲတစ်ခုကို ရန်ကုန်မြို့ရှိ အူရီဒူးရုံးချုပ်နှင့် မန္တလေးမြို့ရှိ ရုံးခွဲတို့၌ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် တစ်ပြိုင်နက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ(SDGs) ပြည့်မြောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာလူငယ်များအားစုစည်းကာ ၎င်းတို့၏ ဆန်းသစ်တီထွင်သော အတွေးအကြံများကို ထုတ်ဖော်ပြသခွင့်ပေးနိုင်ရန် Hackathon 2018 ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် Hackathon ပြိုင်ပွဲ၏ ခေါင်းစဉ်မှာ ‘စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များတွင် အမျိုးသမီးများနှင့် လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း’ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့တစ်ဖွဲ့တွင် စီးပွားရေးစီမံအုပ်ချုပ်မှုနှင့် သတင်းအချက်အလက်နည်းပညာကို နားလည်သိရှိသော အဖွဲ့ဝင် အနည်းဆုံးသုံးဦး ပါဝင်သင့်ကြောင်း၊ Hackathon 2018 တွင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် လူငယ်အဖွဲ့များသည် http://bit.ly/hackmm2018 အွန်လိုင်းလိပ်စာမှတစ်ဆင့် စာရင်းသွင်း၍ လျှောက်ထားရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူများထဲမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် အဖွဲ့များကို ကော်မတီတစ်ခုဖွဲ့၍ စိစစ်ရွေးချယ်သွားမည်ဖြစ်ကာ ရွေးချယ်ခြင်းခံရသည့်အဖွဲ့များသည် UNCTAD နှင့် UNDP မှ ကျွမ်းကျင်ပညာရှင်များဦးဆောင်၍ ခြောက်ရက်ကြာကျင်းပမည့် စီးပွားရေးစွမ်းဆောင်ရှင် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ ထိုအလုပ်ရုံဆွေးနွေးပွဲသည် အောင်မြင်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Vikram Sinha က “ယခုနှစ် Hackathon မှာ စီးပွားရေးနှင့် နည်းပညာသဘောတရားနှစ်ခုကို နားလည်သိရှိတဲ့လူငယ်တွေကို မြင်တွေ့ရတော့မှာဖြစ်တဲ့အတွက် အလွန်စိတ်လှုပ်ရှားမိပါတယ်၊ နိုင်ငံတစ်ဝန်းက မြန်မာလူငယ်တွေဆီက ဆန်းသစ်တီထွင်ထားတဲ့ ဖန်တီးမှုတွေနဲ့ နည်းပညာဆိုင်ရာအဖြေတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ အမျိုးသမီးထုနဲ့ စိုက်ပျိုးရေးကဏ္ဍကို စွမ်းရည်မြှင့်တင်နိုင်ဖို့ အသုံးဝင်တဲ့နည်းလမ်းတွေ ပေါ်ထွက်လာမှာဖြစ်ပြီး ဒါတွေကိုအသုံးပြုပြီး လူတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။

ရွေးချယ်ခြင်းခံရသောအဖွဲ့များကို အူရီဒူးမြန်မာမှလည်း အထူးဆုများ ချီးမြှင့်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော အဖွဲ့များသည် ၎င်းတို့၏ အတွေးအကြံများကို ပုံဖော်ရန်၊ စမ်းသပ်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန် အထောက်အကူဖြစ်စေမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ ဖန်တီးသူများနှင့် ဆန်းသစ်တီထွင်သူများ အတူတကွ တက်ကြွလှုပ်ရှားလုပ်ကိုင်နိုင်သည့် နေရာတစ်ခုဖြစ်သော ရန်ကုန်မြို့ရှိ IMPACT HUB Yangon မှ ဝန်ဆောင်မှုများ(အနီးကပ်ပံ့ပိုး လမ်းညွှန်ပြသမှုနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ)နှင့် ထောက်ပံ့ပစ္စည်းများကိုလည်း သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ကျောင်းသား ကျောင်းသူ တစ်သိန်းအထိအား အခမဲ့လေ့ကျင့်သင်ကြားပေးသွားမည့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းကို တယ်လီနော စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**
မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူပေါင်း တစ်သိန်းခန့်အား ကွန်ပြူတာအခြေခံ ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံစွာ အင်တာနက်အသုံးပြုခြင်းဆိုင်ရာ အချက်များကို တစ်နှစ်တာကာလအတွင်း သင်ကြားပေးသွားနိုင်ရန် ရည်ရွယ်ထားသည့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများကို တယ်လီနောမြန်မာက နိုဝင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။



တယ်လီနော၏ ဤအစီအစဉ်သည် ပြီးခဲ့သည့် မတ်လမှ မေလအတွင်း နိုင်ငံတစ်ဝန်းမှ ကျောင်းသား ကျောင်းသူပေါင်း ၂၅၀၀၀ ခန့်အား အောင်မြင်စွာသင်ကြားပေးနိုင်ခဲ့သည့် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့လိုက်ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် KMD၊ MIDO နှင့် Irrawaddy Green Tower(IGT) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဤသင်တန်းစီမံကိန်းသည် နိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အား ဒစ်ဂျစ်တယ် အသွင်ပြောင်းခြင်းလမ်းစဉ်အတွက် ကြိုးပမ်းနေသည့် အစိုးရ၏ လုပ်ဆောင်ချက်များတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီသွားရန် ရည်ရွယ်ကြောင်း သိရသည်။ အဆိုပါ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းစီမံကိန်း စတင်သည့် အခမ်းအနားကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းစီမံကိန်းအရ ကျောင်းသား ကျောင်းသူများသည် နိုင်ငံတစ်ဝန်းရှိ KMD နှင့် တယ်လီနော၏ အလင်းအိမ်စင်တာများရှိ ကွန်ပြူတာစာသင်ခန်း ၁၇၀ ခန့်တွင် ကျွမ်းကျင်သူများက လက်တွေ့ပို့ချမည့် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများသို့ အခမဲ့စာရင်းပေး၍ တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများအနေဖြင့် ကွန်ပျူတာအခြေခံဖြစ်သော Microsoft Word၊ Excel၊ Power Point၊ အင်တာနက်နှင့်အီးမေးလ် အသုံးပြုနည်းနှင့် အင်တာနက်ကို ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်မည့် နည်းလမ်းများကိုလည်း သင်ယူလေ့လာသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ ကော်ပိုရိတ်ရေးရာအရာရှိချုပ်က “အခု တယ်လီနောရဲ့ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းအစီအစဉ်ဟာ ကျေးလက်ဒေသမှာ နေထိုင်သူတွေအတွက် အခြေခံဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုနဲ့ အင်တာနက်ကို ဘေးကင်းလုံခြုံအောင် ဘယ်လိုအသုံးပြုရမလဲဆိုတဲ့အချက်တွေကို သင်ကြားမှုပေးသွားမှာဖြစ်တဲ့အတွက် မြို့ပြနဲ့ ကျေးလက်ကြားက ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု ကွာဟချက်တွေကို လျှော့ချပေးသွားနိုင်မှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ အများနည်းတူ တန်းတူအခွင့်အရေးတွေကိုလည်း ရရှိသွားဖို့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မကြာသေးခင်က ပြီးစီးခဲ့တဲ့ နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းရဲ့ အောင်မြင်မှုကလည်း ကျွန်တော်တို့တယ်လီနောနဲ့ အခြားမိတ်ဖက်အဖွဲ့အစည်းတွေအတွက် အားတက်စရာအချက်တစ်ချက် ဖြစ်စေခဲ့တဲ့အတွက် အခုလိုပိုမိုကျယ်ပြန့်တဲ့ အစီအစဉ်တစ်ရပ်ကို နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဒီအစီအစဉ်ကနေတစ်ဆင့် လာမယ့်နှစ်တွေမှာ ပိုမိုများပြားတဲ့ လူအရေအတွက်ကို လူမှုရေးပိုင်းနဲ့ စီးပွားရေးပိုင်းဆိုင်ရာ အကျိုးရလဒ်တွေ ယူဆောင်ပေးလာနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်”ဟု ပြောသည်။

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အနာဂတ်ကို ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် တယ်လီနောအနေဖြင့် အခြားသော လူမှုအကျိုးပြုစီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ အလင်းအိမ် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးရေးစင်တာများ၌ ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀၀၀ ကျော်အား စမတ်ဖုန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် တယ်လီနော၏ ဘေးကင်းသော အင်တာနက်အစီအစဉ်များမှတစ်ဆင့် အင်တာနက်ကို အကျိုးရှိစွာနှင့် ဘေးကင်းစွာ အသုံးပြုရမည့်နည်းလမ်းများကို ကျောင်းသား ကျောင်းသူပေါင်း ၂၂၂၀၀၀ ကျော်အား သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ကင်မရာသုံးလုံး (Triple) ပါဝင်တဲ့ ဆမ်ဆောင်းရဲ့ Galaxy A7 (2018) စမတ်ဖုန်းသစ်

Galaxy A7 (2018) စမတ်ဖုန်းဟာ အခု နိုဝင်ဘာလအတွင်းမှာ ပြည်တွင်းဈေးကွက်ကို စတင်မိတ်ဆက်လိုက်တဲ့ ဆမ်ဆောင်းရဲ့ စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပါတယ်။

Galaxy A7 ရဲ့ မျက်နှာပြင်အကျယ်ဟာ ၆ လက်မရှိပြီး စခရင်အရွယ်အစားကြီးမားပါတယ်။ 1080 x 2220 pixels resolution ရှိလို့ ရုပ်ထွက်အရည်အသွေးပိုင်းကောင်းမွန်ပြီး ဖုန်းရဲ့ ဘေးပေါင်တွေက ပလတ်စတစ်နဲ့ ကျောဘက်က ဖန်သားဖြစ်လို့ ဒီဇိုင်းပိုင်း လှပပါတယ်။ ဆမ်ဆောင်းရဲ့နောက်ပိုင်းထွက်ဖုန်းတွေမှာပါဝင်တဲ့ Always on display လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 8.0(Oreo)ကို အသုံးပြုထားပြီး Octa Core 2.2 GHz CPU နဲ့ RAM က 4GB ရှိပါတယ်။ အင်တာနယ်မင်မိုရီက 64GB ရှိပြီး မင်မိုရီကတ်ထပ်စိုက်သုံးဖို့အတွက် သီးသန့်အပေါက်လည်း ပါဝင်ပါတယ်။ မင်မိုရီကတ်ထပ်စိုက်သုံးရင် 512GB အထိကို ထောက်ပံ့ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ်ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။

Galaxy A7 ရဲ့ အဓိကထူးခြားချက်ကတော့ ကင်မရာပိုင်းဖြစ်ပြီး နောက်ကင်မရာဟာ ၂၄ မဂ္ဂါပစ်ဇယ်၊ ၈ မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ် ကင်မရာသုံးလုံးပါတဲ့ Triple ကင်မရာဖြစ်ပါတယ်။ ကင်မရာတစ်လုံးစီရဲ့ လုပ်ဆောင်ချက်တွေပေါင်းစပ်ပြီး အရည်အသွေးမြင့်ဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ၈ မဂ္ဂါပစ်ဇယ်ကင်မရာဟာ Ultra Wide လုပ်ဆောင်ချက်ကိုလုပ်ပေးပြီး စမတ်ဖုန်းအများစုရဲ့ ဓာတ်ပုံတွေဟာ အကျယ်အဝန်း ၇၇ ဒီဂရီသာ ရိုက်ကူးနိုင်တဲ့အစား ဒီကင်မရာကြောင့် ၁၂၀ ဒီဂရီ မြင်ကွင်းကျယ်ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ၂၄ မဂ္ဂါပစ်ဇယ် ကင်မရာကတော့ Main camera lens ဖြစ်ပြီး အလင်းရောင်များတဲ့အချိန်မှာဖြစ်စေ၊ နည်းတဲ့အချိန်မှာဖြစ်စေ ကြည်လင်ပြတ်သားတဲ့ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ၅ မဂ္ဂါပစ်ဇယ် ကင်မရာကတော့ depth lens ပါဝင်တဲ့ကင်မရာဖြစ်ပါတယ်။ ဗီဒီယိုတွေကိုလည်း HD အရည်အသွေးရိုက်နိုင်မှာဖြစ်ပါတယ်။

နောက်ကင်မရာပိုင်းမှာ Triple ကင်မရာကို သုံးထားသလို ရှေ့ဘက်ဆယ်လ်ဖီကင်မရာကလည်း Selfie Focus အသုံးပြုနိုင်တဲ့ ၂၄ မဂ္ဂါပစ်ဇယ်ကင်မရာဖြစ်တာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။ Selfie Focus လုပ်ဆောင်ချက်နဲ့အတူ bokeh effect ထည့်သွင်းနိုင်တဲ့ ဓာတ်ပုံတွေရိုက်နိုင်မယ့်အပြင် Pro Lighting Mode လုပ်ဆောင်ချက်လည်းပါဝင်လို့ ဓာတ်ပုံတွေကို စတူဒီယိုမှာရိုက်သလို ရိုက်ယူနိုင်မှာဖြစ်ပါတယ်။

အခြားထူးခြားချက်တွေအနေနဲ့ အသံပိုင်းမှာ Dolby Atmos®2 စနစ် ပါဝင်လို့ အရည်အသွေးကောင်းတဲ့အသံကို ရရှိမှာဖြစ်သလို လက်ဗွေရာစနစ်ကလည်း ဖုန်းကိုယ်ထည်ရဲ့ ဘေးဘက်မှာ ပါဝင်တာကြောင့် နောက်ဘက်မှာပါတဲ့ဖုန်းတွေထက် သုံးစွဲရတာ ပိုလွယ်ကူမှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းအနေနဲ့တော့ Li-Po 3300 mAh ဘက်ထရီ ပါဝင်ပါတယ်။

Galaxy A7 ကို အပြာရောင်၊ အနက်ရောင်နဲ့ ရွှေရောင် သုံးမျိုးရောင်းချပြီး ဈေးနှုန်းက ကျပ် ၅၁၉၀၀၀ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဆမ်ဆောင်းမြန်မာနဲ့ မိုင်တဲလ်တို့ ပူးပေါင်းပြီး တစ်နှစ်အတွင်း ဒေတာ၊ ဖုန်းခေါ်ဆိုမှုမိနစ်နဲ့ SMS လက်ဆောင်တွေ ရနိုင်မယ့် ပရိုမိုးရှင်းအစီအစဉ်တွေလည်း ပြုလုပ်ထားပါတယ်။ **သူရဖြိုး**



# MPT ၏ LTE+ ကွန်ရက်ကို ယခုလအတွင်း မြို့နယ်ပေါင်း ၄၀ ကျော်တွင် ထပ်မံတိုးချဲ့နိုင်ခဲ့ မြို့နယ်ပေါင်း ၂၅၆ မြို့နယ်၌ ကွန်ရက်လွှမ်းခြုံထားပြီးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**
ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် MPT သည် ၎င်း၏ မြန်နှုန်းမြင့် LTE+ ကွန်ရက်ကို ယခု နိုဝင်ဘာလအတွင်း မြို့နယ်ပေါင်း ၄၀ တွင် ထပ်မံတိုးချဲ့ ချိတ်ဆက်နိုင်ခဲ့ရာ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့နယ်ပေါင်း ၂၅၆ မြို့နယ်၌ LTE+ ကွန်ရက် လွှမ်းခြုံထားနိုင်ခဲ့ပြီဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူတစ်ဦးက “ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက မြို့နယ်ပေါင်း ၂၀၀ ကျော်ကို ဖြန့်ကြက်လွှမ်းခြုံနိုင်ခဲ့ရာကနေ အခုလမှာ မြို့နယ်ပေါင်း ၂၅၀ ကျော်အထိ အောင်မြင်စွာ ဖြန့်ကြက်နိုင်ခဲ့ပါတယ်။ အခုဆို အသစ်ထပ်မံတိုးချဲ့လိုက်နိုင်တဲ့ မြို့နယ်ပေါင်း ၄၀ က မိုဘိုင်းဖုန်းသုံးစွဲသူတွေဟာ လျင်မြန် မြန်ဆန်တဲ့ 4×4 MIMO စနစ်သုံး 4G LTE+ ကွန်ရက်ပေါ်ကနေ သူတို့ရဲ့ မိတ်ဆွေ၊ မိသားစုတွေနဲ့ ချိတ်ဆက်နိုင်တော့မှာပါ”ဟု ပြောသည်။

နိုဝင်ဘာလအတွင်း ကွန်ရက်တိုးချဲ့နိုင်ခဲ့သော မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးမှ မြို့နယ်နှစ်ခု၊ မကွေးတိုင်းဒေသကြီးမှ မြို့နယ် ၁၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ် ခြောက်ခု၊ တနင်္သာရီတိုင်းဒေသကြီးမှ မြို့နယ်တစ်ခု၊ ကရင်ပြည်နယ်မှ မြို့နယ်နှစ်ခု၊ ရခိုင်ပြည်နယ်မှ မြို့နယ်သုံးခု၊ ကချင်ပြည်နယ်မှ မြို့နယ်လေးခု၊ မွန်ပြည်နယ်မှ မြို့နယ်တစ်ခု၊ ရှမ်းပြည်နယ်မှ မြို့နယ်ရှစ်ခုတို့ဖြစ်ပြီး MPT အနေဖြင့် LTE+ ကွန်ရက်ဖြန့်ကြက်ချိတ်ဆက်မှုကို ဆက်တိုက်လုပ်ဆောင်လျက်ရှိကာ ယခု ၂၀၁၈ နှစ်ကုန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၃၀၀ ကျော်အထိ လွှမ်းခြုံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

## ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးတွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ တိုင်းဒေသကြီးမန်နေဂျာ ဦးငွေးလှ(ဒုတိယအင်ဂျင်နီယာချုပ်)၏ ဦးဆောင်မှုဖြင့် ညောင်ဦးခရိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာဦးအောင်နှင့် ဝန်ထမ်းများအဖွဲ့သည် တန်ဆောင်မုန်းလပြည့်နေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့က ညောင်ဦးမြို့ ရွှေစည်းခုံဘုရားရင်ပြင်တွင် ကုသိုလ်ပြု ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်**

"တန်ဆောင်မုန်း လပြည့်နေ့ အထိမ်းအမှတ်အဖြစ် ကျွန်တော်တို့ မြန်မာ့ဆက် သွယ်ရေးလုပ်ငန်း(MPT)မှ တိုင်းမန်နေဂျာရဲ့ ဦးဆောင်မှုနဲ့ ခရိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဝန်ထမ်းတွေ စုပေါင်းပြီး အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံဘုရားရင်ပြင်တော်ပေါ်မှာ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပတာ ဖြစ်ပါတယ်။ အခုလို ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲမှာ ကျွန်တော်တို့တွေနဲ့အတူ ကုသိုလ်ပြု ဆီမီးထွန်းညှိကြတဲ့ ဘုရားဖူးပြည်သူတွေကိုလည်း ယောဂီတဘက် တစ်ထည်စီ လက်ဆောင်ပေးပါတယ်။ ယခုနှစ်မှာ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဆီမီးထွန်းညှိကပ်လှူပူဇော်တာကို ရန်ကုန်၊ မန္တလေး၊ ရောဝတီ၊ ပဲခူး၊ စစ်ကိုင်းနှင့် မွန်ပြည်နယ်တို့မှာ ကျင်းပတာဖြစ်ပြီး ဆီမီး ထွန်းညှိပူဇော်တဲ့ တန်ခိုးကြီးဘုရားတွေက ဗိုလ်တထောင်၊ ကျိုက်ထီးရိုး၊ ပြည်ရွှေဆံတော်၊ ဖိုလ်ဝင်တောင်၊ ရွှေစည်းခုံ၊ ကောင်းမှုတော်၊ မဟာအံ့ထူးကံသာ၊ ရွှေမုဋ္ဌော၊ ရွှေမော်ဓောနှင့် ကျိုက်သလွံစေတီတော်တို့ဖြစ်ပါတယ်"ဟု ယခု ရွှေစည်းခုံ စွယ်တော်မြတ်စေတီတော်ကြီးတွင် ဆီမီးထွန်းညှိ ကပ်လှူပူဇော်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးဇော်လွင်ထွန်းက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## ကျောက်တံခါးမြို့၌ ဆွမ်းဆန်တော် လောင်းလှူ

**ကျောက်တံခါး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်က ကျောက်တံခါးမြို့ ဒဂုံရွှေမန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းတို့၌ ကျင်းပခဲ့သည်။ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ကျောက်တံခါးမြို့ပေါ် ကျောင်းတိုက်ပေါင်း ၁၈ ကျောင်းမှ ဆရာတော် သံဃာတော် ၂၄၄ ပါးတို့အား မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်တော်များနှင့် အခြားလှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ထန်းတပင်မြို့နယ်၌ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်တို့ ဒေသစာရီ ကြွချီအပူဇော်ခံယူပွဲ ကျင်းပ

**ထန်းတပင် နိုဝင်ဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်တို့ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် အထိ ကျင်းပရာ ယခုနှစ် (၁၅၅) ကြိမ်မြောက်တွင် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို နိုဝင်ဘာ ၂၁ ရက် တန်ဆောင်မုန်းလဆန်း ၁၄ ရက်က စတင်ကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၂ရက် (တန်ဆောင်မုန်းလပြည့်နေ့ ) ဒေသစာရီ ကြွချီအပူဇော်ခံရာ လမ်းတစ်လျှောက်တွင် သက်ဆိုင်ရာ ရပ်ကွက်များအလိုက် ကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်ဆောင်များ၌ ရပ်ကွက်နေပြည်သူများမှ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ သစ်သီးများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းလျက်ရှိပြီး စေတနာရှင် အလှူရှင်များကကုသိုလ်ဒါနအဖြစ် အချိုရည်များ၊ မုန့်များ၊ စတုဒိသာ အာဟာရကျွေးမွေး လှူဒါန်းခြင်းများ ပိုမိုများပြားလာလျက်ရှိသလို ဂေါပကအဖွဲ့ဝင်များ၊ ပရဟိတလူငယ်အဖွဲ့ဝင်များ၊ ယောဂီ အဖွဲ့ဝင်များက လိုက်ပါကုသိုလ်ယူ ဆောင်ရွက်ခြင်းများဖြင့် ကျင်းပခဲ့ပြီး မြို့ပေါ်ရပ်ကွက်များ၌ ညပိုင်းတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းနှင့် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း စည်ကားလျက်ရှိကြောင်း သိရသည်။



**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၌ ဆွမ်းခြောက် လောင်းလှူ

**မော်လမြိုင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၏ကျက်သရေဆောင် သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ (၂၃၂၆) နှစ်မြောက် ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင် ဆွမ်းခြောက် လောင်းလှူပွဲကို ယမန်နေ့က အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

အဆိုပါ ဆွမ်းခြောက်လောင်းလှူပွဲသို့ မော်လမြိုင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော် ၁၁၉ ပါး ကြွရောက်ကြပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

**မော်လူး နိုဝင်ဘာ ၂၃**

(၂၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့က စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင်း၌ လှည့်လည်အပူဇော်ခံခဲ့သည်။

အဆိုပါ လှည့်လည်အပူဇော်ခံပွဲတွင် မော်လူးမြို့ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် သမ္ပဒါလလူငယ်အသင်းကျောင်းသားကျောင်းသူများ၊ ဘုရားဂေါပကအဖွဲ့ ယောဂီအသင်းဝတ်အသင်းများ စုပေါင်းပါဝင်ခဲ့သည်။

အဆိုပါစေတီတော်များတွင် မသိုးသင်္ကန်းများ ရက်ခတ်ပြီး ဒက္ခိဏာရာမဘုရားကျောင်းတိုက်အတွင်းရှိ စေတီတော်နှင့် စေတီပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များကို စတုဒိသာကျွေးမွေးကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

## မိတ္ထီလာမြို့ ရေလယ်ဘုရား (၂၆) ကြိမ်မြောက် မီးကြာမျှောပွဲ၌ မီးကြာခွက်မျှောသူများ ပါဝင်ဆင်နွှဲ

**မိတ္ထီလာ နိုဝင်ဘာ ၂၃**

မိတ္ထီလာတွင် အန္တကူ မိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၆) ကြိမ်မြောက်မီးကြာမျှောပွဲတွင် တန်ဆောင်မုန်းလပြည့်နေ့ ယမန်နေ့ညက မီးကြာခွက်မျှောသူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြောင်းသိရသည်။

"မိတ္ထီလာကန် ရေအလယ်မှာတည်ထားတဲ့ အန္တကူ မိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူးကျင်းပတဲ့ မီးကြာမျှောပွဲကို မနေ့က စတင်ကျင်းပတာဖြစ်ပြီးတော့ မနေ့ကထက် ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့ညမှာ မီးကြာခွက်မျှောသူတွေ ပိုမိုစည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြတာမြင်တွေ့ရပါတယ်။ မိတ္ထီလာမှာ မီးကြာမျှောပွဲကို နှစ်စဉ်ကျင်းပနေတာဖြစ်ပေမယ့် ဒီနှစ်တော့ အရင်နှစ်ကတွေထက် ပိုမိုစည်ကားလာတယ်လို့ ထင်ပါတယ်" ဟု မြို့မရပ်ကွက်ဒေသခံ ဦးဆွေသိန်းက ပြောသည်။

မိတ္ထီလာမီးကြာမျှောပွဲတွင် ပါဝင်ဆင်နွှဲသူများမှာ မိတ္ထီလာကန်ကူးတံတားအနီး မောင်နှမခုနစ်ဖော် နတ်နန်းဆောင်အပေါ်ရှိ ပင်မမီးကြာမျှောပေးသည့် မီးကြာခွက်ကြီးအတွင်း မီးကြာခွက်များထည့်၍ ရေအလယ်ရှိ မီးကြာခွက်မျှောပေးရာနေရာမှလည်းကောင်း၊ အထက ၁ အနီး မိတ္ထီလာကန်စပ်မှလည်းကောင်း၊ ကန်၏အရှေ့ဘက် စည်ပင်ရိပ်သာလမ်း မိတ္ထီလာကန်စပ်နေရာမှလည်းကောင်း မီးကြာခွက်ငယ်များကို ကန်ရေတွင်မျှော၍ အန္တကူ မိုးကောင်းဆုတောင်းပြည့် ရေလယ်စေတီတော်အား ရည်မှန်းပူဇော်ပြီး လိုရာဆုများတောင်းကြကာ မီးကြာမျှောပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ (၂၆) ကြိမ်မြောက် မီးကြာမျှောပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**



**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# နှလုံးသားတွေကို လတ်ဆတ်စေနိုင်သော ချင်းတောင်တန်းပေါ်က ရိဒ်ရေကန်

စိုးသူ LPZ

**ကျွန်တော်တို့ လူသားတွေကျန်းမာနေဖို့ဆိုရင် ကံ၊စိတ်၊ ဥတု၊ အာဟာရ မျှတနေဖို့က လူသားအားလုံးအတွက် အထူးပဲအရေးကြီးလှပါတယ်။ အကြောင်းအရာတွေများစွာရှိတဲ့အထဲကမှ စိတ်ကလေးမနွမ်းဖတ်ဖို့ ၊စိတ်ကလေးကြည်လင်နေဖို့၊ စိတ်ကလေး အားရှိနေဖို့ လိုအပ်ပါတယ်။ လက်ရှိအခြေအနေတွေမှာ လူသားတွေဟာ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် အလုပ်ဝတ္တရားတွေအတွက် အင်မတန်မှ ပူပင်သောကတွေ၊ ဖိအားတွေများကြပါတယ်။ ဆိုတော့ကာ မူလကြည်လင်နေတဲ့ စိတ်ကလေး အားရှိနေတဲ့ စိတ်ကလေးဟာ တဖြည်းဖြည်း နွမ်းလာပါတော့တယ်။ အဲ့ဒီတော့ မော်တော်ကား ဆီရေလေဝိုင် အဆင်ပြေအောင်စစ်ပြီး အနားပေးရသလို လူတစ်ယောက်ရဲ့စိတ်ကိုလည်း လန်းဆန်းအောင်၊ ဖိအားတွေ ပေါ့သွားအောင် လုပ်ပေးဖို့ လိုအပ်ပါတယ်။ မြင်ကွင်းမတူတဲ့နေရာတွေ၊ ပတ်ဝန်းကျင်အသစ်နေရာလေးတွေမှာ အတွေ့အကြုံသစ်၊ အတွေးအမြင်သစ်တွေရှာဖွေရင်း စိတ်ကိုအားဖြည့်ပေးရပါတယ်။**



ရုံးပိတ်ရက်လည်း အများကြီးမရှိတာရယ်၊ ကိုယ်ရောက်နေတဲ့ ကလေးမြို့နဲ့ ကလည်း အလှမ်းမဝေးတဲ့ အခြေအနေတွေရယ်ကြောင့် ချင်းပြည်နယ် တောင်ပေါ်ဒေသ၊ အိန္ဒိယနယ်စပ်လေးနားက ရိဒ်ရေကန်ကိုသွားဖို့ ဆုံးဖြတ်လိုက်မိတယ်။ အိန္ဒိယ နယ်စပ် မီဇိုရမ်ပြည်နယ်နှင့် ထိစပ်နေတဲ့ နေရာတစ်ခုပါ။ ချင်းပြည်နယ် တီးတိန်မြို့နှင့် ၃၂ မိုင်သာ ကွာဝေးတဲ့ အသည်းပုံရေကန်လို့ လူသိများတဲ့ ရိဒ်ရေကန်ဟာ ကလေးမြို့ ကနေဆိုရင် မိုင်ပေါင်း ၈၀ ကျော် ခရီးကွာဝေးပါတယ်။

လမ်းက အတက်ကြမ်းပြီး ကားမောင်းကျွမ်းကျင်ဖို့ လိုအပ်တယ်ဆိုတာ သွားတဲ့အခါကျမှ ပိုသိသာလာပါတယ်။ တော်ရုံအိမ်စီးကား၊ ဇိမ်ခံကားဆိုရင်တော့ ခရီးဆုံးထိရောက်ဖို့ မသေချာပါဘူး။

ကလေးမြို့က ကားထွက်ပါပြီဆိုကတည်းက နွေလေအငွေ့အသက်ကပါလာပေမယ့် ကျွန်တော်တို့ သွားမယ့်ခရီးက တောင်ပေါ်ဆိုတော့ အနွေးထည်ကိုယ်စီနဲ့ ။ မိုးတွင်းမှာဆို တောင်နံရံတွေက ပြိုတတ်ပါတယ်။ ဒီလိုအချိန်ဆို ခရီးသွားကားတွေအတွက် အလွန်အန္တရာယ်များပါတယ်။ တောင်ပြိုတာတွေ သက်သာအောင် အာရ်စီတိုက်တွေမှာ မဆောက်ခင် သံချည်သံကွေးနဲ့ ပုံရိုက်ပြီး အင်္ဂတေလောင်းကြပါတယ်။ အလားတူပဲ သံချည်သံကွေး အရှည်ကြီး သေတ္တာပုံသဏ္ဌာန်တွေထဲမှာ ကျောက်ခဲတွေ အစီအရီထည့်ပြီး သံချည်သံကွေးကို ခိုင်မာအောင်ချည်ပြီး တောင်ခြေတွေမှာ စနစ်တကျထားကြပါတယ်။ ဒါသည့်ပင်လျှင် မြန်မာနိုင်ငံရဲ့ ခေတ်သစ် တောင်ပြိုတာကို ကာကွယ်နည်းတစ်ခုပေ့ါ။

## လေထန်ကုန်း၏ထူးခြားချက်

လမ်းဘေးဝဲယာ သစ်ပင်တိုင်းကို ကြည့်လိုက်တော့လည်း အသားရောင်မိတ်ကပ်တွေ နေရာတိုင်းမှာ လိမ်းကျံထားသလိုမျိုးပါ။ ဘယ်နေရာကြည့်ကြည့် ဖုန်ရောင်တထောင်းထောင်းနဲ့ဆိုတော့ စိမ်းလန်းစိုပြည်မှုတွေကို ရှာရခက်တယ်။ မိုးလေးများ ဖြိုင်ဖြိုင်ရွာလိုက်ရင်တော့ အို ဘာပြောကောင်းမလဲ သစ်ပင်တွေအားလုံး စိမ်းစိုသွားပြီး လမ်းပေါ်မှာတော့ ဗွက်ထသွားတော့မှာပေ့ါ။ ဒါဆို ကားသမားတွေအတွက် အန္တရာယ်များပြီလေ။ ဘယ်နေရာမဆို အကောင်း၊ အဆိုး ဒွန်တွဲပြီး လွန်ဆွဲနေသလိုပါပဲလား။

ကလေးမြို့ကနေ မိုင်ပေါင်း ၃၀ လောက်သွားပြီးတဲ့အခါ သိုင်းငင်းမြို့ကို ရောက်ပါတယ်။ အမြင့်ပေ ၆၂၃၀ ကျော်ရှိတဲ့ သိုင်းငင်းမှာ ထမင်းစားနားပါတယ်။ သိုင်းငင်းကနေ ၄ မိုင်လောက်ခရီးသွားပြီးတဲ့အချိန်မှာ နာမည်ကြီးလေထန်ကုန်းကို ရောက်ပါတယ်။ ဒီလေထန်ကုန်းဟာ ခန့်မှန်းအမြင့်ပေ ၇၀၀၀ ဝန်းကျင်ရှိတယ်လို့ ကားဆရာက ပြောပါတယ်။

သူ့ရဲ့ ထူးခြားချက်က ဦးထုပ်၊ အင်္ကျီတစ်ခုခု ပစ်ချလိုက်ရင် အောက်ကိုကျမသွားဘဲ အပေါ်ပြန်တက်လာတယ်။ ကမ္ဘာမြေကြီးရဲ့ဆွဲအားကို အန်တုနေတဲ့ အကြောင်းအရင်းက အောက်ခြေက ပင့်တိုက်နေတဲ့ လေရဲ့အားကြောင့် တော်ရုံလေးတဲ့ အရာဝတ္ထုလောက်ကို လေကပင့်တင်နိုင်တယ်လို့ သိရပါတယ်။ နယ်မြေဒေသတစ်ခုရဲ့ ဗဟုသုတတစ်ခုပေ့ါ။

ဘယ်နေရာကြည့်ကြည့် တောင်တွေချည်းပဲ။ အခုလို တောင်ပေါ်လမ်းတွေသွားနေရတော့ မြန်မာနိုင်ငံမှာ မြေပြန့်ရော ရှိသေးရဲ့လားလို့ အတွေးဝင်မိပါတယ်။ လမ်းဘေး တောင်ကမ်းပါးယံတွေမှာဆောက်တဲ့ အိမ်ကလေးတွေတိုင်း အမြင်လှသလို ဆောက်ရတာလည်း ပညာသားပါလှပါတယ်။ အောက်ခံမြေမညီတဲ့နေရာမှာ အပေါ်ကြမ်းခင်းညီနေအောင် ဆောက်ရတာ ပညာတစ်မျိုးပဲ မဟုတ်လား။

တီးတိန်ကနေ ဆက်သွားပြီး လိုက်တွီးရွာကြီး မရောက်ခင်မှာ မံဆောင် တံတားကြီးရှိတယ်။ ၂၀၀၂ ဒီဇင်ဘာမှာ စဆောက်ပြီး ၂၀၀၅ မတ်လမှာအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံသား ဆောက်လုပ်ရေးအင်ဂျင်နီယာတွေရဲ့အောင်မြင်မှုတွေထဲက တစ်ခုပေ့ါ။ မံဆောင်ကြိုးတံတားကိုဖြတ်ပြီး လိုက်တွီးရွာအတက်ကတော့ လမ်းတစ်လျှောက်လုံး အခက်ခဲဆုံး အတက်ခရီးပါ။ ဖုန်တထောင်းထောင်းလမ်းမှာ လမ်းတစ်ဝက်ကွန်ကရစ်လောင်းနေတာတွေ တွေ့ပါတယ်။

## ရိခေါ်ဒါရ်မြို့မှ ကြိုဆိုပါ၏

ဒီလိုနဲ့ ဆက်သွားလိုက်တာ ညနေ ၄ နာရီ ထိုးခါနီးမှာ ရိခေါ်ဒါရ်မြို့မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်ကို မြင်လိုက်ရတော့ မောသမျှမေ့ ပန်းသမျှတွေ ပြေခဲ့ပါတော့တယ်။ ရိဒ်ရွှေပြည် တည်းခိုရိပ်သာမှာ အထုပ်တွေချ ခဏအနားယူလိုက်ပါတယ်။ ၁၀ မိနစ်လောက်အနားယူပြီး တည်းခိုဆောင်ကနေ ဆိုင်ကယ်တက္ကစီငှားပြီး ရိဒ်ရေကန်ရှိရာ ချီတက်ကြပါတယ်။ ဆိုင်ကယ်တစ်စီး အသွားအပြန် ကျပ် ၅၀၀၀ ပေးရပါတယ်။ တောင်ပေါ်နှစ်မိုင်လောက်တက်ရတယ်။ ရေကန်ဆီရောက်လို့ လေတစ်ဝ ရှူလိုက်ရတယ်ဆိုရင်လည်း ပင်ပန်းသမျှ ပြေပျောက်ခဲ့ပါတယ်။

ရေကန်ရောက်ပြီး အမှတ်တရ ဓာတ်ပုံမရိုက်ခင် ချင်းလူမျိုး ကျောင်းဆရာတစ်ယောက်ရေးတဲ့ ရိဒ်ရေကန်နဲ့ပတ်သက်တဲ့ စာအုပ်လေးဖတ်လိုက်မိတော့ ပိုလို့ စိတ်ဝင်စားစရာကောင်းနေပါတယ်။

တောင်ရိုးတောင်တန်း ချောက်ကမ်းပါးများဖြင့် ပြည့်နှက်နေသော ချင်းတောင်ပေါ်မှာ သည်လောက်ကြီးမားကျယ်ပြန့်သော ရေကန်ဖြစ်တည်လာသည်မှာ ထူးဆန်းနေပါတယ်။ ကန်အတွင်းရေများသည် နှစ်စဉ်ဆောင်းရာသီအချိန်မှာ ရေနောက်တတ်ပါတယ်။ ယုံတမ်းပုံပြင်များစွာရှိတယ်လို့ ဒေသခံတွေရဲ့ ပြောစကားအရ သိရပါတယ်။ ရိဒ်ရေကန်သည် ချင်းတောင်တန်း၏နေဝင်ရာအရပ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ နယ်နိမိတ်ဖြစ်သော တီယိုချောင်းမှ နှစ်မိုင်ခန့်အကွာမှာရှိပါတယ်။ ဖလမ်းမြို့မှ ၆၇ မိုင် ဝေးသော အရပ်၊ ကလေးမြို့မှ မိုင် ၈၀ ကျော် အကွာအဝေးရှိပါတယ်။ မြောက်လတ္တီတွဒ် ၄၀ ဒသမ ၅၆ နှင့် အရှေ့လောင်ဂျီတွဒ် ၉၀ ဒသမ ၇၆ ဆုံစည်းရာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေ အမြင့်တွင် တည်ရှိပါတယ်။

ပုံပန်းသဏ္ဌာန်မှာ အသည်းနှလုံးပုံ ဖြစ်တည်နေပါတယ်။ မိုးငွဲ့ဘူကော်န် တောင်စွယ်တစ်ခုမှ လျှောဆင်းလာခဲ့တဲ့အတွက် ရေကန်သည် အသည်းပုံ ဖြစ်နေတယ်။ ရေကန်ခွက်သောနေရာကို ချင်းအခေါ် ရိဆော့ကွေ (Rih sawh kawi) ခွက်သော၊ ကွေးသောနေရာဟု သိရပါတယ်။

## ရိဒ်ရေကန်ဖြစ်ပေါ်လာပုံ

ပညာရှင်များရဲ့အဆိုအရ မီးတောင်ပေါက်ကွဲပြီး မီးငြိမ်းသွားတဲ့အခါ အပေါက်ခွက်ကြီးဖြစ် ကျန်ခဲ့တယ်လို့ ဆိုပါတယ်။ မိုးရွာလာသောအခါ ရေဝပ်ပြီး ရေကန်ဖြစ်လာခဲ့ပါတယ်။ မီးတောင်သေ အမျိုးအစားဖြစ်နိုင်တယ်လို့ ယူဆရပါတယ်။ ရေကန်ပတ်ပတ်လည်တွင် တွေ့ရသော ကျောက်တုံးကျောက်ခဲများသည် မီးဖုတ်ထားသော ကျောက်နီများကဲ့သို့ ဖြစ်နေပါတယ်။ ဒေသခံတွေပြောစကားအရ အဆိုပါကျောက်များကို ဓားသွေးကျောက်အဖြစ် သုံးလို့ရတယ်လို့ သိရပါတယ်။ ရေကန်အကျယ်ဧက ၁၅၀ ခန့် ကျယ်ဝန်းပြီး အနီးအနားတွင် စိုက်ပျိုးမြေဧက ၁၃၀ ကျော်ရှိပါတယ်။ ရေကန်၏ အနက်မှာ ရေနည်းသောအခါ ၄၅ ပေခန့်ရှိပြီး မိုးတွင်းရေများသောအခါ ပေ ၇၀ ခန့်ရှိတယ်လို့ သိရပါတယ်။ ရေကန်ပတ်ပတ်လည်တွင် ပေါက်နေသော မီသီပါလ်း (Mithi pal) လို့ခေါ်သော အပင်တစ်မျိုးမှာ အခြားနေရာတွင် မရှိဟုသိရပါတယ်။ နွေရာသီ အလွန်ပူပြင်းတဲ့အချိန်တွေမှာလည်း ကန်ရေအများကြီး လျော့နည်းသွားလေ့မရှိဘူးဟု သိရပါတယ်။

ဆောင်းရာသီမှာ ကန်ရေနောက်လေ့ရှိပြီး ကန်အတွင်းကို တစ်နေရာတည်းမှာ ရေအများကြီး စီးဝင်နေတာ မတွေ့ရပါ။ ဆောင်းရာသီမှာ ကန်ရေနောက်ပြီး အချိန်လည်း ကြာလေ့ရှိပါတယ်။ ရေကန်အောက်ပိုင်းက နွေးသောရေနှင့် အထက်ပိုင်းက အေးသောရေတို့ နေရာပြောင်းလဲရာမှ ကန်ရေနောက်တယ်လို့ ယူဆရပါတယ်။ လူအချို့က ကန်ရေကို ပုလင်းထဲမှာ သိုလှောင်ထားတတ်ကြပြီး ကန်ရေနောက်တဲ့အချိန်မှာ ပုလင်းထဲက ရေလည်းနောက်တယ်လို့ အယူရှိကြပါတယ်။ ကိုယ်တိုင်တော့ မကြုံဖူးခဲ့ပါ။

ရှေးအခါက အိန္ဒိယလူမျိုးတို့သည် ရေကန်ထဲမှာ အဖိုးတန်ရတနာရှိမည်အထင်နှင့် ကန်ရေခန်းခြောက်အောင် မြောင်းဖောက်ခဲ့ကြပါတယ်။ ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် မြွေနဂါးပေါ်လာသောကြောင့် ထွက်ပြေးခဲ့ရတယ်လို့ ယုံတမ်းစကားဆိုကြပါတယ်။ ထိုကဲ့သို့ ရေမြောင်းတူးသည့်နေရာကို ဗိုးဇိုင်းမြောင်းဟု ခေါ်ကြပါတယ်။ အိန္ဒိယနယ်စပ်က တီယိုချောင်းအတွင်း စီးဝင်သည်ဟု သိရပါတယ်။ ရိခေါ်ဒါရ်မြို့ အထက်တန်းကျောင်းသည် ရေကန်အနားတွင် တည်ရှိပါတယ်။ ကျောင်းအနီးတွင် ဘောလုံးကွင်းရှိပြီး အချို့နေရာတွင် ခုန်ပေါက်ကစားလျှင် အသံတဒုတ်ဒုတ်မြည်သည်ဟု သိရပါတယ်။ မိုးရွာလျှင်လည်း ရေများအကြာကြီး ဝပ်လေ့မရှိဘဲ အောက်ဘက်အပေါက်ထဲသို့ စီးသွားလေ့ရှိတယ်ဟု ပြောကြပါတယ်။ ထူးခြားဆန်းပြားပြီး စိတ်ဝင်စားဖို့ကောင်းတဲ့အကြောင်းလေးတွေပါ။

## မီဇူးချင်းလူမျိုးအများစုနေထိုင်

ရိဒ်ရေကန်တည်ရှိရာ ရိခေါ်ဒါရ်မြို့ဟာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ထိစပ်လျက်ရှိပါတယ်။ ထို့အတွက် ရိဒ်ရေကန်ကို အလည်သွားရင်း နိုင်ငံခြားကိုပါ အလည်သွားလို့ အဆင်ပြေပါတယ်။ မီဇိုရမ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ အစွန်အဖျားတွင်တည်ရှိပြီး မီဇူးချင်းလူမျိုး အများစုနေထိုင်ကြပါတယ်။ ရိခေါ်ဒါရ်နယ်စပ်မှ ချန်ဘိုင်းမြို့သို့ မိုင် ၃၀ ကျော် ခရီးကွာဝေးပါတယ်။ မီဇိုရမ်ပြည်နယ်သည်လည်း မြန်မာနိုင်ငံနည်းတူ တိုးတက်မှုအတွက် အားယူနေဆဲပါ။ နယ်စပ်မှ ချန်ဘိုင်းမြို့သို့ သွားရာလမ်းမှာလည်း ကားလမ်းတွေက မြေလမ်း၊ ခရီးကတော့ တော်တော်လေး ဆိုးလှပါတယ်။ မြန်မာနိုင်ငံတီးတိန်မှ ရိခေါ်ဒါရ်မြို့သို့ သွားရာလမ်းနဲ့ သိပ်ကွာခြားမှု မရှိပါ။ ဒါပေမယ့် သူတို့နိုင်ငံ အင်ဂျင်နီယာတွေက တောင်ပေါ်ကားလမ်းကို အတက်အဆင်းနည်းနိုင်သမျှနည်းအောင် လမ်းဖောက်ကြပါတယ်။

မြန်မာနိုင်ငံမှ လမ်းတွေဟာ အင်မတန်မတ်စောက်ပါတယ်။ နောက်တစ်ခု အကြီးမားဆုံး ကွာခြားတာကတော့ သူတို့နိုင်ငံ တောင်တွေတိုင်းမှာ သစ်ပင်လေးတွေ အုံ့ဆိုင်းနေပါတယ်။ မြန်မာနိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်း တောင်တွေဟာဆိုရင်ဖြင့် ၇၀ ကျော် အဘိုးကြီးခေါင်းလိုဖြစ်နေပါတယ်။ ဒါကြောင့် သူတို့နိုင်ငံ ခရီးသွားတဲ့အခါ တပေါင်းလ နေ့လယ်ခင်းမှာကိုပဲ ရာသီဥတုက အေးတဲ့အရသာကို ခံစားရပါတယ်။ သူတို့နိုင်ငံ နယ်စွန်အဖျားက လူတွေက သဘာဝပတ်ဝန်းကျင်အကြောင်း နားလည်ကြတယ်လို့ အိန္ဒိယနိုင်ငံသား ဖလမ်း - ဟားခါးဇာတိ ချင်းလူမျိုး ပြောပြလို့ သိခဲ့ရပါတယ်။ အချိန်ရလို့ တစ်ညလောက်အိပ်နိုင်ရင် မီဇိုရမ်ပြည်နယ်ရဲ့ မြို့တော် အိုက်ဇောမြို့ သွားလည်လိုက်ရင်တော့ အိန္ဒိယနိုင်ငံရဲ့တိုးတက်မှုမြင်ကွင်းကို တွေ့ရမယ်လို့ ဆိုပါတယ်။ မြန်မာနယ်စပ်နဲ့က မိုင်ပေါင်း ၈၀ ကျော်ဝေးတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ပတ်စ်ပို့ လုပ်စရာမလိုဘဲ သူတို့ရဲ့လဝကကို သတင်းပေးပြီး သွားရုံသာပါ။

အကယ်၍များ စာဖတ်သူ အခါအခွင့်သင့်လို့ အချိန်ရရင် အလှအပတွေ စုဝေးရာ၊ သဘာဝ လုပ်အားတွေကို အစုလိုက်အပြုံလိုက်တွေ့ရှိတဲ့နေရာ၊ ထူးခြားဆန်းပြားမှုတွေ ပြည့်နှက်နေတဲ့ ရိဒ်ရေကန်တည်ရှိတဲ့နေရာကို အရောက်သွားစေချင်ပါတယ်။ ဒီလိုသာ ရိဒ်ရေကန်ကို ရောက်ရှိခဲ့မယ်ဆိုရင် ရိဒ်ရဲ့ ထူးခြားဆန်းပြားမှုတွေကို ခံစားရင်း ချင်းတောင်တန်းပေါ်က လေနုအေးလေးကို တစ်ဝရှူရှိုက်လိုက်ရင်ဖြင့် လန်းဆန်းသွားမယ်ဆိုတာ ပြောချင်ပါတယ်။ အပိုဆုအနေနဲ့ အိုဘာမောင်တိန်လို့ခေါ်တဲ့ တောင်ပေါ်လမ်းကိုဖြတ်ပြီး အိန္ဒိယနိုင်ငံကိုပါ လေ့လာခွင့်ရမှာပါ။ ချင်းတောင်တန်းပေါ်က နှလုံးသားတွေ လတ်ဆတ်စေမယ့် အသည်းပုံရိဒ်ရေကန်လေးရဲ့ ပတ်ဝန်းကျင် သဘာဝအလှအပများကို သွားရောက်လေ့လာနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါတယ်။ ။

**"ဆောင်းရာသီမှာ ကန်ရေနောက်လေ့ရှိပြီး ကန်အတွင်းကို တစ်နေရာတည်းမှာ ရေအများကြီး စီးဝင်နေတာမတွေ့ရပါ။ ဆောင်းရာသီမှာ ကန်ရေနောက်ပြီး အချိန်လည်း ကြာလေ့ရှိပါတယ်။ ရေကန်အောက်ပိုင်းက နွေးသောရေနှင့် အထက်ပိုင်းက အေးသောရေတို့ နေရာပြောင်းလဲရာမှ ကန်ရေနောက်တယ်လို့ ယူဆရပါတယ်။ လူအချို့က ကန်ရေကို ပုလင်းထဲမှာ သိုလှောင်ထားတတ်ကြပြီး ကန်ရေနောက်တဲ့အချိန်မှာ ပုလင်းထဲက ရေလည်းနောက်တယ်လို့ အယူရှိကြပါတယ်"**

## ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့ ယပ်လှဲကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစတ္တိန္ဒမဟာထေရ်မြတ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာနှင့် ဂုဏ်ပူဇော် အလှူတော်မင်္ဂလာ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ ယပ်လှဲကျောင်းပရိယတ္တိ စာသင်တိုက်၏ ပဓာန နာယက (နိုင်ငံတော်သံဃမဟာနာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ) ဆရာတော် ဘဒ္ဒန္တစတ္တိန္ဒ မဟာထေရ်မြတ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ မင်္ဂလာပွဲနှင့် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဂုဏ်ပူဇော် အလှူတော် မင်္ဂလာပွဲတော်ကို ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ (၂-၁၂-၂၀၁၈) တနင်္ဂနွေနေ့နံနက် (၉)နာရီအချိန်တွင် ယပ်လှဲကျောင်းပရိယတ္တိ စာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပူဇော်ကြမည်ဖြစ်ပါသဖြင့် ရပ်ဝေး၊ ရပ်နီးနေ ယပ်လှဲနွယ်ဝင် တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ တို့အားကြွရောက်ကြည်ညိုပူဇော်နိုင်ကြစေရန် အသိပေး ပင့်လျှောက် ဖိတ်ကြား တိုက်တွန်း နှိုးဆော်အပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ယပ်လှဲပိုင်းဒါယကာ၊ ဒါယိကာမများ
ယပ်လှဲကျောင်းတိုက်၊ ကျောက်ဖြူမြို့

## မိဘအမည်မှန်

